# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၆၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်

၂၀၁၅ ခုနှစ်၊ မတ် ၁၀ ရက်၊ အင်္ဂါနေ့။


အလုပ်သမားနဲ့ကိုင်ပေါက်လို့မရတော့ ဖဆပလကို ကျောင်းသားတွေနဲ့ ကိုင်ပေါက်ဖို့ ဒီ သိန်း-သန်းကွန်မြူနစ်တွေပဲထပ်ပြီးကြံကြပြန်တယ်။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂရဲ့ အလုပ်အမှုဆောင်အဖွဲ့ထဲမှာ သိန်း-သန်းကွန်မြူနစ်ရဲ့ ဩဇာခံတွေပါတယ်။ သိန်း-သန်းကွန်မြူနစ်တွေဟာ အဲဒီဩဇာခံတွေကတစ်ဆင့် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂကို ကြိုးကိုင်ကြတယ်။ သူတို့ရဲ့ပယောဂနဲ့ပဲ ဇန်နဝါရီလ ၂၀ ရက်နေ့မှာ တစ်နိုင်ငံလုံး ကျောင်းသားတွေ သပိတ်မှောက်အောင် ဆုံးဖြတ်ချက်ချကြတယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့ အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# လုပ်ငန်းနယ်ပယ်ရေရှည်ဖွံ့ဖြိုးရေး တီထွင်ဆန်းသစ်သည့်အမြင်နှင့် ပေါင်းစပ်ဆောင်ရွက်





**နေပြည်တော်  မတ်  ၉**

အဆင့်မြင့်အရာရှိကြီးများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ဒုတိယသမ္မတက အဖွင့်အမှာစကားပြောကြားရာ၌ ဝန်ထမ်းအဖွဲ့အစည်းမှ အဆင့်မြင့်အရာရှိကြီးများသည် အစိုးရအုပ်ချုပ်ရေးယန္တရားကို ဦးဆောင်မောင်းနှင်ရမည့်သူများဖြစ်သည်နှင့်အညီ ဒီမိုကရေစီကျင့်စဉ်အရ တက်လာသည့်အစိုးရများက ချပေးလိုက်သည့် အစိုးရ၏ မျှော်မှန်းချက်များကို ဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ပေးရမည်ဖြစ်ပါကြောင်း။

အရည်အသွေးပြည့်ဝသည့် အစိုးရယန္တရားများရှိရန် လိုအပ်ပါကြောင်း၊ လည်ပတ်နေသည့် ယန္တရားထဲတွင် အရေးကြီးသည့်အပိုင်းဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ် ဝန်ထမ်းအဆင့်ဆင့်တို့က ၎င်းတို့၏အဆင့်အလိုက် အရည်အချင်းပြည့်စုံရန်လိုအပ်ပါကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁** ❁

# လက်ခစား အထည်ချုပ်နှင့်အပြိုင် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု အားကောင်းလာ



**သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး**

ရင်းနှီးမြှုပ်နှံမှုအများဆုံးသည် ရန်ကုန်တိုင်းဒေသကြီးကိုသာ အမှီပြု၍ လုပ်ကိုင်လိုကြပြီး အခြားတိုင်းဒေသကြီးများအထိ ပျံ့နှံ့နိုင်ရန်လိုအပ်ချက်များ ရှိနေသေးကြောင်း၊ သို့ရာတွင် ရင်းနှီးမြှုပ်နှံကြသူအများစုတွင် နှစ်ပေါင်းများစွာ ဦးဆောင်နေသည့် စီအမ်ပီစနစ် လက်ခစားအထည်ချုပ်လုပ်ငန်းများနှင့်အပြိုင် ပြည်တွင်းနိုင်ငံသားများ၏ ရင်းနှီးမြှုပ်နှံမှုလည်း အားကောင်းလာကာ ယခုနှစ်အတွင်း အများဆုံးဖြစ်လာကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ မတ် ၉ ရက်က သိရှိရသည်။

"ကော်မရှင်ကနေ ယခုနှစ်အတွင်းမှာ လုပ်ငန်းပေါင်း ၅၅ခုခန့်ကို လုပ်ပိုင်ခွင့်ပြုခဲ့ပြီဖြစ်ပါတယ်။ လျှောက်ထားသူတွေအတွက် ပိုမိုလွယ်ကူတဲ့ နည်းလမ်းတွေနဲ့ လျှောက်ထားလာနိုင်ပြီး စိစစ်ခွင့်ပြုတဲ့အပိုင်းမှာ ယခင်ကထက် ပိုမိုလျင်မြန်အောင်၊ စနစ်ကျနအောင် ဆောင်ရွက်နေပါတယ်။ ဒီနှစ်ချထားပြီး လုပ်ငန်းအများစုက ရန်ကုန်တိုင်းဒေသကြီး **စာမျက်နှာ ၈ ကော်လံ ၁** ❒

## ယနေ့ မာတိကာ


မြန်မာနိုင်ငံတွင် တစ်ထောက်နားမည့် ဆိုလာလေယာဉ်ခရီးစတင်
စာမျက်နှာ - ၄

ဥပဒေရေးဆွဲရေး အလေးပေး စဉ်းစားစရာ
ဆောင်းပါး — စာမျက်နှာ - ၆

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုရှင်းလင်းတင်ပြချက်
သူ့အတွေးသူ့အမြင် — စာမျက်နှာ - ၇



ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်

TUN FOUNDATION BANK LIMITED

CALL DEPOSIT (ခေါ်ယူအပ်ငွေစာရင်း)

အတိုးနှုန်းမှာ
ကျပ်(၁)သိန်းမှ ကျပ်သိန်း(၁၀၀) အထိ (၄.၅၀)%
ကျပ်သိန်း(၁၀၀) အထက် (၈.၂၅)%

ခေါ်ယူအပ်ငွေစာရင်းအပ်နှံငွေများအတွက် မြင့်မားသောအတိုးနှုန်းများဖြင့် နေ့စဉ်လက်ကျန်ငွေအပေါ်တွင် အတိုးတွက်ချက်ဆောင်ရွက်ပေးနေပါပြီ

## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တရားဝင်ရောင်းဝယ်ဖောက်ကား

တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်လာမှုကြောင့် ကုန်သွယ်မှုကျဆင်းလာခြင်းကို တားဆီးနိုင်ရန်အတွက် လည်းကောင်း၊ စားသုံးရန်မသင့်သော ကုန်ပစ္စည်းများဝင်ရောက်လာခြင်းကို ဟန့်တားနိုင်ရန်အတွက် လည်းကောင်း၊ တရားမဝင်ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးဗဟိုကော်မတီ (Mobile Team) ကို ၂၀၁၂ ခုနှစ်ကတည်းကဖွဲ့စည်းပြီး ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။

သို့ပါသော်လည်း တရားမဝင်ကုန်သွယ်မှုများ ပေါ်ပေါက်နေဆဲဖြစ်ပါသည်။ တရားမဝင်ကုန်သွယ်မှုသည် စွန့်စားရသောအလုပ်တစ်ခုဖြစ်သော်လည်း အတင့်ရဲစွာလုပ်ဆောင်နေသည်ကို ကြားသိနေရပါသည်။ တရားမဝင်ကုန်သွယ်သည်ဟုဆိုရာ၌ နှစ်မျိုးနှစ်စားရှိပါသည်။ ပြည်တွင်းမှ ကုန်ပစ္စည်းများကို ပြည်ပသို့ တရားမဝင်တင်ပို့ခြင်းနှင့် ပြည်ပမှကုန်ပစ္စည်းများကို ပြည်တွင်းသို့ တရားမဝင်တင်သွင်းခြင်းဟူ၍ ဖြစ်ပါသည်။

ပြည်ပသို့ တရားမဝင်လမ်းကြောင်းဖြင့် ကျောက်စိမ်း၊ ကျွန်းသစ်နှင့် သစ်တောထွက်ပစ္စည်းများ တင်ပို့လေ့ရှိပြီး ပြည်ပမှ ယာဉ်နှင့်ယာဉ်အပိုပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ လျှပ်စစ်ပစ္စည်းများနှင့် စားသောက်ကုန်များကို တရားမဝင် လမ်းကြောင်းနှင့် တင်သွင်းလျက်ရှိပါသည်။ မည်သည့်ရောင်းဝယ်ဖောက်ကားတင်သွင်းဖြန့်ချိမှုကိုမဆို Mobile Team များက စစ်ဆေးကြပ်မတ်အရေးယူ ဆောင်ရွက်နေပြီဖြစ်ပါသည်။

Mobile Team တွင် အဓိကအားဖြင့် စီးပွားကူးသန်း၊ အကောက်ခွန်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်အထောက်အကူပြုအဖွဲ့၊ ကုန်သည်အသင်းနှင့် မီဒီယာဟူ၍ အဖွဲ့ခြောက်ဖွဲ့ဖြင့် လေဆိပ်၊ နယ်စပ်ဝင်ဂိတ်နှင့် ဆိပ်ကမ်းများ၌စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ အထူးသဖြင့် မူဆယ်-မန္တလေးလမ်းကြောင်းပေါ်တွင် နောင်ချိုမြို့၌ Mobile Team လှုပ်ရှားမှု(၁) နှင့် မြဝတီ-ရန်ကုန်လမ်းကြောင်းပေါ်တွင် ဝေါမြို့နယ် ညောင်ခါးရှည်၌ လှုပ်ရှားမှု(၂) ဟူ၍ အဓိကဆောင်ရွက်လျက်ရှိပါသည်။ သို့သော်လည်း တရားမဝင်ကုန်သွယ်မှုများ ရှိနေဆဲဖြစ်ပါသည်။

မကြာသေးမီက မြဝတီ-ရန်ကုန် လမ်းကြောင်းပေါ်ရှိ ညောင်ခါးရှည် Mobile Team လှုပ်ရှားမှုအဖွဲ့ (၂)က မြဝတီမြို့မှ ရန်ကုန်မြို့သို့ မော်တော်ယာဉ် ၂၄ စီးဖြင့် တရားမဝင် သယ်ဆောင်လာသော ငွေကျပ်သိန်း ၆၀၀၀ တန်ဖိုးရှိ အကောက်ခွန်မဲ့ပစ္စည်းများကို ဖမ်းဆီးလိုက်နိုင်ပါသည်။ Mobile Team များအနေဖြင့် ၂၀၁၂ ခုနှစ်မှစပြီး ၂၀၁၅ ခုနှစ် ဇန်နဝါရီလအထိ ခန့်မှန်းတန်ဖိုးငွေကျပ် ဘီလီယံ ၃၀ ဖိုး ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရပါသည်။

ဤသို့ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တရားဝင်ကုန်သွယ်မှုကိုပေါ်ပေါက်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်အကောက်များ ရရှိစေပါသည်။ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာမှုများကို ကာကွယ်ပေးရာ ရောက်ပါသည်။ သို့ပါ၍ တရားမဝင်ကုန်သွယ်မှုကို ယခုထက် ပိုမိုထိန်းချုပ်လာနိုင်ခြင်းဖြင့် အခွန်အကောက်ဝင်ငွေများ တိုးပွားလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

## ၂၀၁၅ ခုနှစ် နှစ် (၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

- ★ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကိုကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီပူးပေါင်းဆောင်ရွက်ရေး။
- ★ နိုင်ငံတော်နှင့်နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်း ပြည်ပအန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
- ★ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## သောက်သုံးရေနှင့် ကျန်းမာရေးစာတမ်းဖတ်ပွဲ ကျင်းပ

**ရန်ကုန် မတ် ၉**

မြန်မာနိုင်ငံဆေးပညာရှင်များ အဖွဲ့က ဦးစီးကျင်းပသည့် သောက်သုံးရေနှင့် ကျန်းမာရေးစာတမ်းဖတ်ပွဲ အခမ်းအနားကို မတ် ၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဆေးသုတေသန ဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေး တက်ရောက်အမှာစကားပြောကြားသည်။

ဒုတိယဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထောင်စုနှစ်ရည်မှန်းချက် အမှတ် (၇) မှာ ၂၀၁၅ ခုနှစ်တွင် သန့်ရှင်းသော သောက်သုံးရေ မရရှိသေးသော လူဦးရေကို တစ်ဝက်လျှော့ချနိုင်ရန်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အထက်ဖော်ပြပါ ထောင်စုနှစ် ရည်မှန်းချက်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေး ဝန်ကြီးဌာနအနေနှင့်လည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ကြရာ၌ ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူပါဝင်ပတ်သက်သော အခြားဝန်ကြီးဌာနများ၊ မိတ်ဖက်ပြည်တွင်းပြည်ပအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြင့်တက်လာစေမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ စာရင်းဖော်ပြချက်အရ သောက်သုံးရေမသန့်ရှင်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်ဝမ်းလျှောရောဂါအကြိမ်ပေါင်း ၄၆၀၀ သန်းခန့်ဖြစ်ပေါ်လျက်ရှိပြီး နှစ်စဉ်လူ ၂ ဒသမ ၂ သန်းခန့် သေဆုံးလျက်ရှိကြောင်း၊ ထို့အပြင် သန်းပေါင်းများစွာသောလူများ သောက်သုံးရေသည် ရေထဲ၌အန္တရာယ်ရှိသော ဓာတုပစ္စည်းများ ပါဝင်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံ ဆေးပညာရှင်များအပြင် ဂျပန်နိုင်ငံ Miyasakiတက္ကသိုလ်မှ ပညာရှင် နှစ်ဦးပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

စာတမ်းဖတ်ပွဲသို့ တာဝန်ရှိပုဂ္ဂိုလ်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆေးပညာရှင်များအဖွဲ့နှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မွန်းဦးနဒီ**



## မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းဆောင်ရွက်

**ပျဉ်းမနား မတ် ၉**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ အာဟာရသုခဈေးကြီးတွင် မီးလောင်မှု၊ မီးလန့်မှုများ မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးစီစဉ်ထားရှိမှု အခြေအနေများကို မတ် ၈ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အာဟာရသုခဈေးတာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံစစ်ဆေးပြီး ဈေးတာဝန်ခံ ဦးမောင်မောင်က မီးလောင်မှု မဖြစ်ပွားစေရေးအတွက် ဈေးအတွင်း အပြင် လျှပ်စစ်မီးကြိုးများသွယ်တန်းထားရှိမှု၊ မီးသတ်ယာဉ်များ ဝင်/ထွက်နိုင်သည့် လမ်းများ အခြေအနေ မီးသတ်ဆေးဘူးထားရှိမှု၊ အရေးပေါ်ဖြစ်ပွားပါက ရေအသင့်သုံးစွဲနိုင်ရန် မီးသတ်ရေကန်တွင် ရေဖြည့်တင်းထားရှိမှုစသည့် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ်(ရုပ်ဗေဒ)**



**မီးဘေးရှောင် မလောင်ခင်တား**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၉-၃-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၁၅၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၆၄၀၀၀ |

**စက်သုံးဆီဈေးနှုန်း(Max/Newday စက်သုံးဆီအရောင်းဆိုင်)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၆ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၆၈၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၆၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၈၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၀၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၀၀၀-၄၈၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၅၀၀-၃၇၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၄၅၀၀-၆၈၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၄၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၇၀၀၀-၃၃၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၆၅၀၀-၁၄၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၄၅၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၀၀၀-၈၅၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၁၂၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၄၂၀၀-၉၅၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၀၄၅-၁၀၄၈ |
| ဥရောပ | တစ်ယူရို | ၁၂၀၀-၁၂၁၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၆-၇၈၀ |
| ထိုင်း | တစ်ဘတ် | ၃၁-၃၃.၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၅.၅-၁၆ |
| တရုတ် | တစ်ယွမ် | ၁၆၃-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၂၀-၃၂၅ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် | တစ်အိတ် | ၁၈၀၀၀-၁၈၅၀၀ |
| မိုးဆန်သစ် (မနော်သုခ) | တစ်အိတ် | ၁၇၀၀၀-၁၇၅၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၂၈၀၀၀-၃၂၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၄၀၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၃၅၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၂၅၀-၄၅၀ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၁၆၀၀-၂၁၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်) | တစ်ပိဿာ | ၁၅၀၀ |
| အာလူး(ဆင်ဖြူကျွန်း) | တစ်ပိဿာ | ၃၆၀-၆၇၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၄၀၀-၂၆၅၀ |
| ငရုတ်ပွ (စိမ်းစား) | တစ်ပိဿာ | ၅၀၀၀-၅၄၀၀ |
| သကြား | တစ်ပိဿာ | ၈၁၅-၈၅၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။

## ပြည်တွင်းသတင်း

❀ ရှေ့ဖုံးမှ

အထောက်အကူ ပစ္စည်းများဖြင့် ဝန်ထမ်းအားလုံး လိုသည်ပိုသည်များကို ထိန်းညှိကြီးကြပ်ပေးရမည့် ဝန်ထမ်းအကြီးအမှူး၏ အရည်အသွေးက ပို၍အရေးကြီးမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် တာဝန်ပေးအပ်ခံကြရသည့် ဝန်ထမ်းအကြီးအမှူးများအနေဖြင့် ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ တာဝန်ဝတ္တရားများကျေပွန်စွာထမ်းဆောင်နိုင်ရန် ယခုကဲ့သို့ အရည်အသွေးမြှင့် အထူးမွမ်းမံသင်တန်းများ ပြုလုပ်ပေးရခြင်းဖြစ်ပါကြောင်း၊ ၂၁ ရာစုခေတ် ဌာနအကြီးအမှူးများအနေဖြင့် ယခုဆိုလျှင် မိမိ၏ဌာနအတွင်း အခြေအနေသာမကဘဲ နိုင်ငံတော်၏အခြေအနေ၊ နိုင်ငံတကာအခြေအနေတို့ကိုလည်း ဘက်စုံထောင့်စုံမှ သိရှိနားလည်ထားရန် လိုအပ်လာပြီဖြစ်ပါကြောင်း။

ပို့ချသည့် ဘာသာရပ်များ၊ ဆွေးနွေးချက်များ၊ Power point များကို မှတ်မိနိုင်မှုသည် လူတစ်ဦး၏ မှတ်ဉာဏ်၊ ကြိုးစားအားထုတ်မှု၊ စိတ်ဝင်စားမှု၊ ဝါသနာထုံမှုနှင့် ကျင်လည်ခဲ့သည့် ဝန်းကျင်နှင့်နီးစပ်မှု စသည့်အချက်များအပေါ် မူတည်ပြီး မှတ်သားနိုင်သည့် ရာခိုင်နှုန်းအနည်းအများ ကွာခြားမည်ဖြစ်ပါကြောင်း၊ ယခုသင်တန်းသည် နည်းနည်းရနည်းနည်းအကျိုးရှိ၊ များများရ များများအကျိုးရှိသည့် သင်တန်းမျိုးဖြစ်ပါကြောင်း၊ အင်မတန်တိုတောင်းလှသည့်အချိန်အတွင်းတွင် အလုပ်တာဝန်များ များပြားသည့်ကြားက ဘာသာရပ်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံ၊ Power point မျိုးစုံကို ပို့ချပေးနိုင်သည့် သင်တန်းဆရာများနှင့် ပို့ချသည့်အတိုင်း မှတ်သားနိုင်သည့် သင်တန်းသားများကို ချီးကျူးမှတ်တမ်းတင်ရမည်ဖြစ်ပါကြောင်း။

လက်ရှိ နိုင်ငံတော်အစိုးရက အားကြိုးမာန်တက် ဆောင်ရွက်နေသည့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သည့်အုပ်ချုပ်ရေးဖြစ်စေရေး၊ ပြည်သူလူထုတစ်ရပ်လုံး လူမှုစီးပွားဘဝမြင့်တက်လာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ အဂတိလိုက်စားမှုပပျောက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးတို့တွင် တိုးတက်အောင်မြင်မှုအပိုင်းများကိုတွေ့ရှိရသကဲ့သို့ အခက်အခဲများနှင့်လည်း ဆက်လက်ကြုံတွေ့နေရဆဲဖြစ်ပါကြောင်း။

ရှေ့လျှောက် မှတ်သားလုပ်ဆောင်သွားရမည်မှာ လူမှုစီးပွားဘဝမဖွံ့ဖြိုးသေး၊ အပြည့်အဝ မအောင်မြင်နိုင်သေးသည့် ပြဿနာပေါင်းများစွာအတွက် အဖြေရှာသည့်အခါ အပေါ်ယံ အကြောင်းအရာကိုသာ ရှာဖွေဖြေရှင်းခြင်းမဟုတ်ဘဲ ပြဿနာတစ်ခုလုံး၏ဇာစ်မြစ်ကို ရှာဖွေဖြေရှင်းနိုင်မှသာ အခက်အခဲများကို ကျော်လွှားနိုင်မည်ဖြစ်ပါကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှသာ စီးပွားရေးတိုးတက်နိုင်ပါကြောင်း၊ စီးပွားရေးတိုးတက်မှ အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်မည်၊ အလုပ်အကိုင်အခွင့်အလမ်းများပေးနိုင်မည်၊ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်နိုင်မည်ဖြစ်ပြီး နိုင်ငံရပ်ခြားသွားရောက်သည့် ရွှေ့ပြောင်းလုပ်သားပြဿနာ၊ လူကုန်ကူးမှုပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ ပညာရေး၊ ကျန်းမာရေး မပြည့်စုံမှုပြဿနာ၊ ဝန်ထမ်းလစာ၊ အငြိမ်းစားလစာ စသည့်ပြဿနာများစွာကို ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံ၏တည်ငြိမ်အေးချမ်းမှုနှင့် နိုင်ငံရေးတည်ငြိမ်မှုကိုလည်း ပြန်လည်အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

အလားတူ ယခု အဆင့်မြင့်အရာရှိကြီးများသည် မိမိ၏ဌာနတွင်း လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်သည့်အခါ အခက်အခဲနှင့်ပြဿနာများ တွေ့ကြုံရတိုင်း ပြဿနာ၏အခြေခံအကြောင်းရင်းများကို ရှာဖွေဖော်ထုတ်ပြီး ပြီးပြတ်အောင်ဆောင်ရွက်မှသာလျှင် ယင်းဌာနသည် ရေရှည်တိုးတက်မှုရှိမည် ဖြစ်ပါကြောင်း။

ထို့ကြောင့် နိုင်ငံတော်၏ မျှော်မှန်းချက်နှင့် ရည်မှန်းချက်တာဝန်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ယနေ့ သင်တန်း တက်ရောက်နေကြသည့် အဆင့်မြင့်အရာရှိကြီးများအနေဖြင့် ချမှတ်ထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး တစ်ဖက်တွင်လည်း မိမိတာဝန်ယူသည့် လုပ်ငန်းနယ်ပယ် ရေရှည်ဖွံ့ဖြိုးရေးအတွက် တီထွင်ဆန်းသစ်သည့်အမြင်နှင့် ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

အဆင့်မြင့်အရာရှိကြီးများ သိသင့်သိထိုက်သည့် ပြည်သူ့ရေးရာမူဝါဒ၊ ခေါင်းဆောင်မှုပညာရပ်၊ စီးပွားရေးဆိုင်ရာသီအိုရီများနှင့် အခြေခံသဘောတရား၊ နိုင်ငံရေးတာဝန်အရ ဝန်ကြီးဌာနများကို ရောက်ရှိတာဝန်ထမ်းဆောင်ကြမည့်ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် အုပ်ချုပ်ရေးယန္တရား အဆင့်ဆင့်မှ တာဝန်ရှိသူများအကြား ကောင်းမွန်သည့် ဆက်ဆံရေးစနစ် ထူထောင်ဆောင်ရွက်နိုင်မည့် နည်းလမ်း၊ နိုင်ငံတော်က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် ငွေကြေးမူဝါဒ၊ ဘဏ္ဍာရေးမူဝါဒ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ လူမှုကာကွယ်စောင့်ရှောက်ရေး၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံမှ လွတ်မြောက်အောင်ကြိုးပမ်းမှုလုပ်ငန်းစဉ်များကိုလည်း သင်ကြားပို့ချမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်၊ UNDP စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ ပညာရှင်များလည်း ပါဝင်ပို့ချကြမည်ဖြစ်ပါကြောင်း။

ဆွေးနွေးပို့ချရာတွင် သင်ခန်းစာပို့ချသည့်ပုံစံမျိုး သက်သက်မဟုတ်ဘဲ လက်တွေ့လုပ်ငန်း အကောင်အထည်ဖော်ရာတွင် တွေ့ကြုံသည့်စိန်ခေါ်မှုများ၊ ပြဿနာများ၏အရင်းအမြစ်များကို အတွေ့အကြုံအပေါ် ပွင့်လင်းစွာ အမြင်ချင်းဖလှယ်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသားအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို မတ် ၉ ရက်မှ ဧပြီ ၃ ရက်အထိ ဆွေးနွေးပို့ချသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိကြီး ၆၈ ဦး တက်ရောက်ကြကြောင်း သိရသည်။

**(သတင်းစဉ်)**

# တူးဖော်စက်ဖြင့် ကန်စွန်းဥ၊ ပိန်းဥ၊ မြေပဲများကို တစ်ရက် နှစ်ဧကအထိ တူးနိုင်

**နေပြည်တော် မတ် ၉**

မြန်မာ့လယ်ယာထွက်ကုန်များကို တောင်ကိုရီးယားနိုင်ငံ ဈေးကွက်သို့ အရည်အသွေး၊ စံချိန်၊ စံညွှန်းများ ကိုက်ညီပြည့်စုံစွာဖြင့် တင်ပို့ရောင်းချနိုင်ရေးအတွက် နှစ်ဖက်ညှိနှိုင်း သဘာတူညီချက်များအရ၊ တောင်ကိုရီးယားမူရင်းမျိုး ပိန်းဥ၊ ငရုတ်၊ ကညွတ်၊ ကန်စွန်းဥ၊ ခရမ်းချဉ်သီးနှံများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် မျိုးသန့်မျိုးပွားစိုက်ပျိုးပြီး တောင်သူလယ်သမားများထံသို့ နည်းပညာနှင့် ပျိုးပင်၊ မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်ရေး တစ်ပြိုင်တည်း ဆောင်ရွက်လျက်ရှိသည်။



ပထမကြိမ်အနေဖြင့် ပိန်းဥ တန်ချိန် ၃၀၀၊ ငရုတ်တန်ချိန် ၅၀၀၊ ကညွတ် နေ့စဉ် တစ်တန် ပိဿာချိန်အားဖြင့် ပိန်းဥပိဿာ နှစ်သိန်းခန့်၊ ငရုတ်သီးပိဿာ လေးသိန်းခန့်နှင့် နေ့စဉ် ကညွတ်ပိဿာ ၆၀၀ ကျော်ခန့်၊ တစ်လလျှင် ကညွတ်သီးနှံ ပိဿာချိန် ၁၈၀၀၀ တို့ အား ခိုင်မာသောဈေးနှုန်းဖြင့် တင်ပို့ရောင်းချနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ယနေ့နံနက် ၇ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဂွတ်ထ်ဘရားသား ကုမ္ပဏီဥက္ကဋ္ဌ ဦးမောင်အေး၏ကုမ္ပဏီမှ တီထွင်ထုတ်လုပ်သည့် ပိန်းဥ၊ ကန်စွန်းဥ၊ မြေပဲတူးဖော်စက်ကိရိယာဖြင့် စမ်းသပ်တူးဖော်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိကြပြီး တူးဖော်စက်၏အသုံးဝင်မှုနှင့် လူလုပ်အားချွေတာနိုင်မှု၊ လုပ်ငန်းထိရောက်မှု စွမ်းအားတို့ကို လေ့လာကြည့်ရှုသည်။ **(အပေါ်ပုံ)**

တူးဖော်စက်သည် မောင်းနှင်သူလူတစ်ဦး၏လုပ်အားဖြင့် ကန်စွန်းဥ၊ ပိန်းဥ၊ မြေပဲများကို တစ်နေ့လျှင် နှစ်ဧကအထိ တူးဖော်နိုင်ပြီး သီးနှံအရည်အသွေး ကောင်းမွန်မှုနှင့် လူ့လုပ်အား အသုံးပြုရမှုကဏ္ဍ၌ များစွာချွေတာနိုင်၍ အလွန်ထိရောက်အကျိုးရှိကြောင်း တွေ့ရှိရပြီး စက်တစ်စုံလျှင် တန်ဘိုးငွေကျပ် နှစ်သိန်း (၂၀၀၀၀၀ ) ခန့်သာ ရှိသောကြောင့် ယာသမားများအတွက် အထူးအသုံးဝင်အကျိုးရှိကြောင်း သိရှိရသည်။

ထို့နောက် ကိုရီးယားနိုင်ငံ ဈေးကွက်သို့တင်ပို့ရန် စိုက်ပျိုးထားသော ကညွတ်သီးနှံများ၊ ငရုတ်သီးနှံများ၊ သင်္ဘောသီးစိုက်ခင်းများ၊ Net House စနစ်ဖြင့် စိုက်ပျိုးထားသော ခရမ်းချဉ်သီးစိုက်ခင်း၊ ခါကြက်ဥနှင့် ဂေါ်ရခါးသီး စိုက်ခင်းများကိုလည်း ကောင်း ကြည့်ရှုအားပေးသည်။

**(သတင်းစဉ်)**

# ကာဇက်စတန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် မတ် ၁၀**

မစ္စတာ မာရတ် ယက်ဆင် ဘာယပ်ကို ဗန်ကောက်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်ပါသည်။

မစ္စတာ မာရတ်ယက်ဆင် ဘာယပ်ကို ၁၉၅၄ ခုနှစ် ဧပြီလ ၁၇ ရက်နေ့တွင် ကာဇက်စတန်သမ္မတနိုင်ငံ ကာရာဂန်ဒါမြို့၌ မွေးဖွားခဲ့ပါသည်။ ၁၉၇၆ ခုနှစ်တွင် မော်စကိုမြို့ရှိ စက်ကိရိယာတက္ကသိုလ်သို့လည်းကောင်း၊ ၁၉၈၁ ခုနှစ်တွင် မော်စကို ဘိုမန်အဆင့်မြင့်နည်းပညာကျောင်းသို့လည်းကောင်း တက်ရောက်ခဲ့ပြီး သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပါရဂူဘွဲ့ကို ရရှိခဲ့ပါသည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ ကာဇက်ပိုလီတက်ခ်နစ်တက္ကသိုလ်၌ ဆရာအဖြစ်လည်းကောင်း၊ တွဲဖက် ပါမောက္ခနှင့် ဌာနအကြီးအကဲအဖြစ်လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၂ ခုနှစ်မှ ၁၉၉၃ ခုနှစ်အထိ ကာဇက်-အမေရိကန် ဖက်စပ်လုပ်ငန်းဖြစ်သည့် ကာရာဂန်ဒါဆက်သွယ်ရေးကုမ္ပဏီ၌ ညွှန်ကြားရေးမှူးချုပ်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၃ ခုနှစ်တွင် ကာဇက်စတန် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပထမအတွင်းဝန်အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ကာဇက်စတန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အမေရိကန်၊ ထိုင်း၊ ရုရှား၊ နော်ဝေ၊ ချက်နှင့် နယ်သာလန်နိုင်ငံတို့ရှိ ကာဇက်စတန်သံရုံး၊ အဖွဲ့ရုံးတို့၌ ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှစ၍ ထိုင်းနိုင်ငံဆိုင်ရာ ကာဇက်စတန် သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။ သံအမတ်ကြီး မစ္စတာ မာရတ် ယက်ဆင် ဘာယပ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်ပြီး သားသမီးလေးဦး ရှိပါသည်။

**(သတင်းစဉ်)**

# အမရပူရတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**အမရပူရ မတ် ၉**

မန္တလေးခရိုင် အမရပူရမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲကို မတ် ၉ ရက် နံနက် ၁၀ နာရီက အမရပူရမြို့မှ မှန်တန်းရပ်ကွက် မကျည်းတောမွှာရုံ၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လဝက ဦးစီးမှူး ဦးသောင်းဇော်က အမှာစကားပြောကြားပြီး ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စိန်ထွန်းက မိုးပွင့်အထူးစီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းအသိပညာပေး ပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ရာတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသော ဦးအောင်သိန်းနှင့် ဦးမိုးနိုင်ကျော်၊ တိုင်းဒေသကြီး လဝက ညွှန်ကြားရေးမှူး ဦးသောင်းဇော်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ထောက်ကူအဖွဲ့ဥက္ကဋ္ဌက နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ၄၇၅ ဦးအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်မောင်စိုး(မြစ်ငယ်)**

# တက္ကသိုလ်ဝင်စာမေးပွဲစည်းကမ်းချက် လက်ထောက်ကြီးကြပ်ရေးမှူးများအားရှင်းလင်း

**နတ်မောက် မတ် ၉**

၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကြီးကြပ်တာဝန်ထမ်းဆောင်ကြမည့် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းကမ်းချက်များရှင်းလင်းပွဲအခမ်းအနားကို မတ် ၉ ရက်က နတ်မောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကျော်က အမှာစကားပြောကြားပြီး ကြီးကြပ်ရေးမှူးများက ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် စာဖြေသူများလိုက်နာရန် စည်းကမ်းချက်များ၊ စာဖြေသူများသည် စာမေးပွဲစည်းကမ်းဖောက်ဖျက်ခြင်းနှင့် မသမာမှုများကိုကျူးလွန်ပါက စာမေးပွဲစည်းကမ်းပြစ်ဒဏ်များကို အကျယ်တဝင့် ရှင်းလင်းခဲ့ကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို မတ် ၁၁ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး နတ်မောက်မြို့နယ်အတွင်း၌ စာစစ်ဌာနငါးခုဖြင့် ဖြေဆိုရန် စီစဉ်ထားရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၉၉ ဦး ဝင်ရောက်ဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**ဇင်ဝေယံလင်း**

နိုင်ငံဘက်စုံ တည်ဆောက်ဖို့ မှန်မှန်ကန်ကန်အခွန်ပေးစို့

နိုင်ငံတကာသတင်း

# မြန်မာနိုင်ငံတွင် တစ်ထောက်နားမည့် ဆိုလာလေယာဉ်ခရီးစတင်




**အဘူဒါဘီ မတ် ၉**

ကမ္ဘာပတ်စံချိန်တင် ပျံသန်းမည့် ဆိုလာစွမ်းအင်သုံး လေယာဉ်တစ်စင်းသည် အဘူဒါဘီမှ စတင်ထွက်ခွာလာသည်။

Solar Impulse-2 ဟု အမည်ပေးထားသည့် အဆိုပါ လေယာဉ်သည် အီးမရိတ်မှ အိုမန်နိုင်ငံ မူစကတ်အရှေ့ပိုင်းသို့ ဦးတည်ပျံသန်းလျက်ရှိသည်။ ၎င်းဆိုလာလေယာဉ်သည် လာမည့် ငါးလကျော်အတွင်း ကမ္ဘာ့တိုက်ကြီးများ တစ်ခုပြီးတစ်ခု ဖြတ်သန်းမည်ဖြစ်ပြီး ပစိဖိတ်နှင့် အတ္တလန္တိတ်သမုဒ္ဒရာများကိုလည်း ဖြတ်သန်းသွားမည်ဟု ဆိုသည်။

လေယာဉ်မှူး အင်းဒရေးဘော့ချ်ဘတ်သည် ဆွစ်ဇာလန်နိုင်ငံသား နောက်လိုက်ယာဉ်မှူး ဘာထရန် ပစ်ကတ်နှင့်အတူ လေယာဉ်မှူးတာဝန်များကို ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။

အဆိုပါလေယာဉ်သည် ကမ္ဘာ့နေရာအသီးသီး၌ ရပ်တန့်မည်ဖြစ်ပြီး အနားယူခြင်းနှင့် ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်ခြင်းတို့ကို ပြုလုပ်သွားမည်ဟု ဆိုသည်။ ၎င်းလေယာဉ်အဖွဲ့က နေရောင်ခြည်စွမ်းအင်နှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် အသိပေးမှုများပြုလုပ်သွားမည်ဟု ဆိုသည်။

"ကျွန်တော်တို့မှာ အလွန်ထူးခြားတဲ့ လေယာဉ်ပိုင်ဆိုင်ထားတယ်လို့ ယုံကြည်ပါတယ်။ ဒီလေယာဉ်က ကြီးမားတဲ့ သမုဒ္ဒရာကြီးတွေကိုလည်း ကျော်ဖြတ်သွားမှာပါ"ဟု ဘော့ချ်ဘတ်က ခရီးစဉ်မစတင်မီ ပြောကြားသည်။

"ကျွန်တော်တို့အနေနဲ့ ငါးရက်နဲ့ငါးည ပျံသန်းသွားရဖွယ် ရှိပါတယ်။ ဒါဟာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါလိမ့်မယ်"ဟု ၎င်းကပြောသည်။

အဆိုပါလေယာဉ်သည် တောင်ပံအရှည် ၇၂ မီတာရှည်ပြီး ဂျမ်ဘိုဂျက်လေယာဉ် ၇၄၇ တောင်ပံထက်ကြီးသည်။ အလေးချိန် ၂ ဒသမ ၃ တန်ရှိသည်။ လေယာဉ်တောင်ပံများပေါ်တွင် ဆိုလာဆဲလ် အလုံး ၁၇၀၀၀ ရှိသည်။ ညအခါ ပျံသန်းမှုပြုလုပ်ရန် လစ်သီယံဘက်ထရီများကို အသုံးပြုထားသည်။ ယင်းလေယာဉ်သည် မြန်မာနိုင်ငံ မန္တလေးမြို့သို့ မတ်လ ၁၆ ရက်တွင် ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။ ၎င်းလေယာဉ်သည် အနေးပျံသန်းခြင်းဖြစ်၍ နေ့ရောညပါ ရက်အတန်ကြာ ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

**(ဘီဘီစီ)**

## ဂျပန်၌ သက်ကြီးရွယ်အိုငါးဦး ဓားထိုးအသတ်ခံရ

**ဆူမိုတို မတ် ၉**

ဂျပန်နိုင်ငံအနောက်ပိုင်း ဆူမိုတိုမြို့၌ ဓားထိုးတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားရာ လူငါးဦးသေဆုံးသွားကြောင်း ဒေသဆိုင်ရာ မီဒီယာကဖော်ပြသည်။ တနင်္လာနေ့အစောပိုင်းကဖြစ်ပွားသော အဆိုပါတိုက်ခိုက်မှုနှင့်ပတ်သက်ပြီး အသက် ၄၀ အရွယ်အလုပ်လက်မဲ့ အမျိုးသားတစ်ဦးကို ဖမ်းဆီးထားကြောင်း ရဲတပ်ဖွဲ့ကပြောသည်။

အဆိုပါတိုက်ခိုက်ရေးသမားကို တာဆုဟီကို ဟာရန်နိုဟု ဒေသမီဒီယာများက ဖော်ပြပြီး ၎င်းကိုသွေးစွန်းသော အဝတ်များနှင့်အတူ တွေ့ရှိခဲ့ကြောင်း၊ လူသတ်မှုကိုဝန်ခံထားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ အသက် ၅၀ နှင့် ၆၀ နှစ်ဝန်းကျင်ရှိ အမျိုးသမီးနှစ်ဦး၏အလောင်းကို အသက် ၆၀ ဝန်းကျင်အမျိုးသားတစ်ဦး၏အလောင်းနှင့်အတူ အဆိုပါ နေအိမ်၌တွေ့ရသည်ဟုဆိုသည်။ အသက် ၈၀ ဝန်းကျင်ရှိ စုံတွဲတစ်တွဲကိုလည်း အနီးရှိအဆောက်အအုံ၌ သေဆုံးလျက် တွေ့ရသည်ဟု ဆိုသည်။

အဆိုပါတိုက်ခိုက်ရေးသမားသည် တိုက်ခိုက်မှုဖြစ်ပွားရာနေအိမ်အနီးတွင် အမေ၊ အဘွားလုပ်သူတို့နှင့်အတူ နေထိုင်သူဖြစ်ကြောင်း သိရသည်။

**(ဘီဘီစီ)**

# အိုင်အက်စ်များနှင့်ဆက်သွယ်ရန်ကြိုးပမ်းမှုဖြင့် ညီအစ်ကိုနှစ်ဦးကို ဆစ်ဒနီလေဆိပ်တွင် ထိန်းသိမ်း

**ဆစ်ဒနီ မတ် ၉**

ဆစ်ဒနီလေဆိပ်တွင် ဖမ်းဆီးထားသော ဩစတြေးလျနိုင်ငံသား ညီအစ်ကိုနှစ်ဦးသည် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်သွယ်ရန် ကြိုးပမ်းနေကြောင်း သံသယဖြစ်ပွားဖွယ်တွေ့ရှိရသည်။

အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ရှိ အဆိုပါလူငယ်နှစ်ဦးသည် လေဆိပ်အကောက်ခွန်ဌာနကို ဖြတ်ရန်ကြိုးစားရာတွင် သံသယဖြစ်ဖွယ်တွေ့ရှိရကြောင်း လူဝင်မှုကြီးကြပ်ရေးဝန်ကြီး ပီတာဒက်ပ်တန်က တနင်္ဂနွေနေ့က ပြောခဲ့သည်။

အဆိုပါ ညီအစ်ကိုနှစ်ဦးသည် အွန်လိုင်းတွင် အစွန်းရောက်စိတ်ပြင်းထန်ကြောင်း ဖော်ပြခြင်းခံရပြီး ပဋိပက္ခဖြစ်ပွားမှုဇုန်သို့ ဦးတည်သွားနေကြောင်း မစ္စတာဒက်ပ်တန်က ပြောခဲ့သည်။

ဩစတြေးလျနိုင်ငံသား ၉၀ ခန့်တို့ ဆီးရီးယားနှင့် အီရတ်ရှိ အိုင်အက်စ်စစ်သွေးကြွများနှင့် ပူးပေါင်း၍ တိုက်ခိုက်နေကြောင်း ခန့်မှန်းထားသည်။ အသက်အရွယ်အရ အဆိုပါ ဩစတြေးလျတပ်ဖွဲ့က ဖမ်းဆီးထိန်းသိမ်းထားသော ညီအစ်ကိုနှစ်ဦးကို အမည်ဖော်ပြခြင်းမပြုပေ။ ၎င်းတို့ကို မိဘများ၏ အာမခံဖြင့်လွှတ်ပေးခဲ့သည်။

အသက် ၁၆ နှစ်နှင့် ၁၇ နှစ်ရှိ အဆိုပါ လူငယ်နှစ်ဦးမှာ ကလေးများဖြစ်ကြပြီး လူသတ်သမားများ မဟုတ်ကြောင်း၊ အခြားနိုင်ငံသို့ တိုက်ခိုက်ရန် သွားရောက်ခြင်းကို လည်းကောင်း၊ ထို့နောက် အစွန်းရောက်စိတ်ဖြင့် တိုင်းပြည်သို့ ပြန်လည်ဝင်ရောက်လာမည်ကိုလည်းကောင်း ခွင့်မပြုနိုင်ကြောင်းဖြင့် မစ္စတာဒက်ပ်တန်က ပြောခဲ့သည်။ အဆိုပါ ကလေးများကို စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း၊ သို့သော်လည်း အရေးယူမှု တစ်စုံတစ်ရာမရှိသေးကြောင်း ၎င်းကပြောကြားသည်။

**(ဘီဘီစီ)**



## ထိုင်းတရားရုံးတစ်ခု၏ အပြင်ဘက်တွင်ပေါက်ကွဲမှုဖြစ်ပွား ထိုင်းရဲတပ်ဖွဲ့က လူနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်း

**ဗန်ကောက် မတ် ၉**

ဗန်ကောက်မြို့ရှိ ရာဇဝတ်မှုခင်းဆိုင်ရာ တရားရုံးတော်တစ်ခု၏ အပြင်ဘက်တွင် လက်ပစ်ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် စနေနေ့တွင် ထိုင်းရဲတပ်ဖွဲ့က လူနှစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်အချိန်သည် ညနေပိုင်းတရားခွင် ရပ်နားချိန်ဖြစ်သဖြင့် အသေအပျောက်နှင့် ထိခိုက်ဒဏ်ရာရသူမရှိကြောင်း သိရသည်။ ထိုင်းတော်ဝင်ရဲတပ်ဖွဲ့မှ ပြောခွင့်ရပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ပရာဝပ်သာဝန်ဆီရီက ဗုံးပေါက်ကွဲမှုဖြစ်ပွားရခြင်း၏ အကြောင်းအရင်းကို စုံစမ်းဆဲဖြစ်ကြောင်း ရိုက်တာသို့ ပြောကြားသည်။

ထိုင်းနိုင်ငံတွင် လွန်ခဲ့သောနှစ် မေလ ၂၂ ရက်ကတည်းက စစ်အုပ်ချုပ်ရေးအမိန့်ထုတ်ပြန်ပြီး တပ်မတော်ကအာဏာသိမ်းခဲ့သည်။ ပြီးခဲ့သော ဖေဖော်ဝါရီလက ဗန်ကောက်မြို့ဈေးဝယ်စင်တာတွင် ဖြစ်ပွားသော ဗုံးပေါက်ကွဲမှုကြောင့် ဗန်ကောက်မြို့တစ်ခုလုံး တုန်လှုပ်ချောက်ချားခဲ့ရသည်။ ထိုင်းနိုင်ငံဝန်ကြီးချုပ် ပရာယုဂ်ချန်အိုချာက နောက်ထပ်ဗုံးပေါက်ကွဲမှုများမဖြစ်စေရန် လုံခြုံရေးတင်းကျပ်မှုများပြုလုပ်ရမည်ဟု ပြောကြားခဲ့သည်။

**(ရိုက်တာ)**

## မြန်မာသင်္ဘောသားအများစုပါသည့် ပနားမားကုန်သင်္ဘောမီးလောင်

**ဟိုချီမင်း မတ် ၉**

ပနားမားကုန်တင်သင်္ဘောတစ်စင်းသည် ဗီယက်နမ်တောင်ပိုင်း ဘာရီယာဗန်တူပြည်နယ် ဆိပ်ကမ်း၌ ကျောက်ချရပ်နားထားစဉ် မီးလောင်မှုဖြစ်ပွားခဲ့ရာ ဗီယက်နမ်ကမ်းခြေစောင့်တပ်ဖွဲ့များက အချိန်မီကယ်ဆယ်နိုင်ခဲ့ကြောင်း ဒေသခံမီဒီယာများက တနင်္လာနေ့တွင် ပြောခဲ့သည်။

စနေနေ့နံနက် ဒေသစံတော်ချိန် ၉ နာရီက Golden 168 သင်္ကေတအမှတ်အသားပြုထားသည့် ပနားမားကုန်တင်သင်္ဘော၌ မီးစွဲလောင်ခဲ့သည်။ သင်္ဘောပေါ်၌ မြန်မာနိုင်ငံသား ၁၁ ဦး၊ ဗီယက်နမ် သုံးဦး၊ တရုတ် ငါးဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားတစ်ဦးအပါအဝင် အမှုထမ်းပေါင်း ၂၀ လိုက်ပါလာပြီး ကုန်လှောင်ခန်းအတွင်း၌ အုန်းသီးဆန်တန်ချိန်ပေါင်း ၆၆၀၀ တင်ဆောင်ထားသည်ဟု ဒေသခံ VNE သတင်းစာက ဖော်ပြသည်။

သင်္ဘောပေါ်မှ S.O.S အချက်ပေးစနစ်ကို လက်ခံရရှိသည်နှင့် တစ်ပြိုင်နက် ဗီယက်နမ်ရေကြောင်းကယ်ဆယ်ရေးနှင့် ရှာဖွေရေးပူးပေါင်းဆောင်ရွက်မှု ဗဟိုအဖွဲ့ချုပ်( ၃)သည် အဆိုပါဒေသရှိ ကမ်းခြေစောင့်တပ်ဖွဲ့နှင့်အတူ ဘာရီယာဗန်တူ မီးသတ်တပ်ဖွဲ့နှင့် အခြားဆက်စပ်အဖွဲ့အစည်းများပါ လိုက်ပါလျက် အခင်းဖြစ်ပွားရာသို့ အမြန်ဆုံးရောက်ရှိလာပြီး ကယ်ဆယ်ရေးပြုလုပ်ခဲ့ကြသည်။ ရေတပ်သင်္ဘော SAR 413 နှင့် SAR 273 တို့က မီးငြိမ်းသတ်ခဲ့ကြပြီး သင်္ဘောသား ၁၀ ဦးကို ကနူးလှေဖြင့် ကုန်းပေါ်အရောက်ပို့ဆောင်ခဲ့ကြသည်။ ကျန် ၁၀ ဦးမှာ ကယ်ဆယ်ရေးဆက်လက်လုပ်ဆောင်ရန် သင်္ဘောပေါ် ကျန်ရစ်ခဲ့သည်ဟု ဆိုသည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသတ်ရေးကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ပြီး သင်္ဘောသားများအားလုံး အသက်ဘေးမှ လွတ်မြောက်ခဲ့ကြောင်း သိရသည်။

**(ဆင်ဟွာ)**

## မြစ်အတွင်း ၁၄ နာရီကြာ အသက်ရှင်သန်ခဲ့သော ကလေးငယ်ကိုကယ်တင်

**ယူတား မတ် ၉**

ယူတားပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း ကားတစ်စီးနစ်မြုပ်ပြီးနောက် ကားအတွင်း၌ ၁၄ နာရီကြာ အသက်ရှင်သန်နေသော မိန်းကလေးငယ်တစ်ဦးကို တွေ့ရှိခဲ့သည်။ အသက် ၁၈ လအရွယ်ရှိ အဆိုပါမိန်းကလေးကို ကားအတွင်းရှိ ထိုင်ခုံ၌ ဇောက်ထိုးတွဲလောင်းအနေအထားဖြင့် ရေပြင်အပေါ်တွင် ငါးဖမ်းသမားတစ်ဦးက စနေနေ့ နေ့လယ်ပိုင်းတွင် တွေ့ရှိခဲ့ကြောင်း ရဲများက ပြောသည်။

ကလေးငယ်ကို ဆော့လိတ်မြို့ရှိ ဆေးရုံသို့ အမြန်ပို့ဆောင်ခဲ့ပြီး ၎င်း၏ အခြေအနေမှာ စိုးရိမ်ရဖွယ်မရှိဟုဆိုသည်။

ကလေးငယ်၏မိခင်ဖြစ်သူ အသက် ၂၅ နှစ်အရွယ်ရှိ လင်ဂရိုစ်ဘက်မှာမူ ယာဉ်မောင်းထိုင်ခုံပေါ်၌ပင် သေဆုံးခဲ့သည်။

ကားမှာ ကွန်ကရစ်တံုးများနှင့် တိုက်မိပြီးနောက် မြစ်ထဲသို့ ထိုးဆင်းသွားခြင်းဖြစ်ကြောင်း စုံစမ်းစစ်ဆေးသူများက ယုံကြည်ကြသည်။

ရဲအရာရှိသုံးဦးနှင့် မီးသတ်သမားလေးဦးတို့သည် မြစ်အတွင်းသို့ဆင်းကာ ကလေးငယ်ကို ကယ်ဆယ်ပြီးနောက် ကလေးငယ်မှာ ကိုယ်အပူချိန် အလွန်အမင်းကျဆင်းနေသည့်အတွက် ကုသမှုများပြုလုပ်ရန် ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။

**(ဘီဘီစီ)**

# ရှေးဦးကလေးသူငယ်ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ဆောင်မှုပေးသူများအတွက် သင်တန်းဖွင့်





**နေပြည်တော် မတ် ၉**

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ "ရှေးဦး ကလေးပြုစုစောင့်ရှာက်ရေးနှင့် ဖွံ့ဖြိုး ရေးဆိုင်ရာ ဝန်ဆောင်မှုပေးသူများ အတွက်သင်တန်း" အမှတ်စဉ် (၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည် တော် ဒက္ခိဏသီရိမြို့နယ် သုခမ လမ်းရှိ မြန်မာနိုင်ငံမိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်း အစည်း အဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းနာယကများ၊ ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနတို့မှ တာဝန် ရှိသူများ၊ နေပြည်တော်မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ အတွင်းရေးမှူး၊ ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြား ထားသော ဧည့်သည်တော်များနှင့် သင်တန်းသူများ တက်ရောက်ကြ သည်။

ထို့နောက် မြန်မာနိုင်ငံမိခင် နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကား ပြောကြားခဲ့သည်။ ယနေ့ ဖွင့်လှစ် သည့် သင်တန်းများမှာ မွေးကင်းစ မှ သုံးနှစ်အရွယ် ကလေးပြုစုသူ သင်တန်းနှင့် မူကြိုဆရာမ အတတ် သင်တန်းများ ဖြစ်သည်။ အဆိုပါ သင်တန်းများကို မတ် ၉ ရက် မှ ဧပြီ ၃ ရက်အထိ ရက်ပေါင်း ၂၀ ကြာ ဖွင့်လှစ်ပို့ချမည် ဖြစ်ကြောင်းနှင့် သင်တန်းသူ စုစုပေါင်း ၁၃၅ ဦး တက်ရောက်ကြောင်း သတင်းရရှိ သည်။ **(မြန်မာ့အလင်း)**

## ပြည်တွင်းသတင်း

# ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုစာရင်း

**နေပြည်တော် မတ် ၉**

၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့မှ ဘိန်း ၄၆မှု အလေးချိန် ၁၀၃ ဒသမ ၀၁၄ ကီလို၊ ဘိန်းဖြူ ၁၇၁ မှု အလေးချိန် ၃ ဒသမ ၆၆၈၂ ကီလို ၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၈၄ မှု ၁၇၇၇၄၅၇ ပြား ၊ဆေးခြောက်ရှစ်မှု အလေးချိန် ၇ ဒသမ ၇၉၆၁ ကီလို ၊ ဘိန်းရည် ၀ ဒသမ ၁၅ လစ်တာ၊ ဘိန်းဆီခဲလေးမှု (အလေးချိန် ၁ ဒသမ ၁၁၈၀ ကီလို)၊ အဆင့်နိမ့်ဘိန်း ၁၄ မှု အလေးချိန် ၃ ဒသမ ၈၇၀၆ ကီလို ၊ ဆူဒိုအက်ဖီဒရင်းအကြေ တစ်မှု အလေးချိန် ၈၄ ကီလို၊ အိုက်စ်ရှစ်မှု အလေးချိန် ၂၉ ဒသမ ၅၉၃၇ ကီလို၊ လွိုင်ဇော ၂ လစ်တာ၊ ဘိန်းစာမှုန့် နှစ်မှု အလေးချိန် ၀ ဒသမ ၃၄၇ ကီလို ၊ အက်ဖီဒရင်း အလေးချိန် ၁ ဒသမ ၆၅၃၀ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြားအကြေမှုန့် နှစ်မှု အလေးချိန် ၇၅ ဒသမ ၁၅၉၅ ကီလို၊ ကဖင်း နှစ်မှု အလေးချိန် ၈၁၅၀ ဒသမ ၂၄ ကီလို ၊ အမိုနီယမ်ကလိုရိုဒ် အလေးချိန် ၁၈ ကီလို ၊ ဘိန်းညှိမှုန့် တစ်မှု အလေးချိန် ၃၅ ဒသမ ၀၀၅ ကီလို ၊ ထရာမဒေါလ် နှစ်မှု ၈၂၅ တောင့်၊ အခြားမှု နှစ်မှု၊ မှတ်ပုံတင်ပျက် တစ်မှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၄၄၈ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ (ကျား) ၅၂၆ ဦး၊ (မ) ၉၈ဦး စုစုပေါင်း တရားခံ ၆၂၄ ဦးတို့အား ဥပဒေအရအရေးယူခဲ့ပါသည်။ **(ပြည်ထဲရေး)**

# ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့်

# Civil Service Training (Train the Trainers)သင်တန်းဖွင့်



**နေပြည်တော် မတ် ၉**

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ Konrad Adenauer Foundation တို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service Training (Train the Trainers) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြန်ကြား ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲတင့်က ယခုကဲ့သို့ ဂျာမန်ဖောင်ဒေးရှင်းနှင့် ပူးပေါင်း၍ သင်တန်းဖွင့်လှစ်လာခဲ့ ခြင်းမှာ (၂၃)ကြိမ်ရှိခဲ့ပြီ ဖြစ်ကြောင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရာ၌ လိုက်ပါဆောင်ရွက် သင့်သည့် လုပ်ဆောင်ချက်များ နှင့် ပြည်သူ့ဆက်ဆံရေးတို့ကို ယခု သင်တန်းတွင် ဆရာ၊ ဆရာမများက နိုင်ငံတကာအတွေ့အကြုံ၊ နည်း ပညာများဖြင့် ဘာသာရပ်အလိုက် သင်ကြားပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဝန်ထမ်းများအနေဖြင့် ဒီမို ကရေစီ ပြုပြင်ပြောင်းလဲရေးတွင် အကောင်အထည်ဖော် လိုက်နာ ဆောင်ရွက်သင့်သည့် အချက်များကို လေ့လာသင်ယူသွားကြရန် ဖြစ်ပါ ကြောင်း၊ ယခုသင်တန်းတွင် ပို့ချမည့် သင်ခန်းစာများသည် ဒီမိုကရေစီ စံနှုန်းများနှင့်အညီ ဆောင်ရွက်သွား နိုင်ရေးအတွက် အထောက်အပံ့ဖြစ် သွားစေမည်ဟု ယုံကြည်ပါကြောင်း နှင့် သင်တန်းမှ တွေ့ရှိလေ့လာချက် များကိုလုပ်ဖော်ကိုင်ဖက်များသို့ မျှဝေ ပေးကြပါရန် ပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ခြောက် ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ် ကာ ဂျာမန်ဖောင်ဒေးရှင်းမှ Professor.Dr. N. Ganesan နှင့် နည်းပြ သုံးဦး လာရောက်သင်ကြားပို့ချပြီး ဗဟိုအဖွဲ့အစည်းများနှင့် ဝန်ကြီးဌာန တို့မှ သင်တန်းသား၊ သင်တန်းသူ အရာထမ်း ၄၀ တက်ရောက်ကြ သည်။ **(သတင်းစဉ်)**

# နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် မတ် ၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လျှောက်ထားချက်များကို စိစစ်ခွင့်ပြုပေးလျက်ရှိရာ ၂၀၁၅ ခုနှစ် မတ် ၉ ရက်တွင် **လူ့ဘောင်သစ်ပါတီ**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့် လာရောက်လျှောက်ထားခဲ့ကြောင်း သတင်း ရရှိ သည်။

**(သတင်းစဉ်)**

# အထက်မြန်မာနိုင်ငံသတင်းစာဆရာများအသင်း ဆရာကြီးနတ်မောက်ထွန်းရှိန်အား ဂါရဝပြုကူညီထောက်ပံ့



**မန္တလေး မတ် ၉**

မတ်လ ၄ ရက်က ယာဉ်မတော် တဆ တိမ်းမှောက်မှုကြောင့် ထိခိုက် ဒဏ်ရာရရှိခဲ့သော အမျိုးသားစာပေ ဆုရ စာရေးဆရာကြီး နတ်မောက် ထွန်းရှိန်(မန္တလေး နေ့စဉ်သတင်းစာ အယ်ဒီတာချုပ်)သည် မန္တလေးမြို့ တော်ဝင်ဆေးရုံ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိသည်။

ဆေးဝါးကုသမှု ခံယူနေသော ဆရာကြီး နတ်မောက်ထွန်းရှိန်ကို အထက်မြန်မာနိုင်ငံ သတင်းစာဆရာ များအသင်း၏ဥက္ကဋ္ဌ ဦးဌေးအောင်၊ ဒုဥက္ကဋ္ဌ ဦးမျိုးအောင်(မိုးညှင်း)၊ အတွင်းရေးမှူး စိုးဝင်းဗိုလ်တို့က အထက်မြန်မာနိုင်ငံ သတင်းစာဆရာ များအသင်း၏ ဂါရဝပြုထောက်ပံ့ ငွေကျပ် ၅၀၀၀၀ကို မတ် ၈ ရက် ညနေက တော်ဝင်ဆေးရုံသို့ သွား ရောက်ကာ ပေးအပ်ခဲ့ကြသည်။ ဆရာကြီး နတ်မောက်ထွန်းရှိန်၏ ကျန်းမာရေးအခြေအနေမှာ ယခုအခါ ယခင်ကထက် တိုးတက်လာ ကြောင်းနှင့် မစိုးရိမ်ရကြောင်း သိရ သည်။

**စိုးဝင်းဗိုလ်(အရာတော်)**

***ကျောဖုံးမှ***

ရတနာပုံအသင်းတွင် နိုင်ငံခြားသား ကစားသမားများဖြစ်သည့် မက်ဆီ မင်နှင့် ဟက်ပီးနက်စ်တို့ အပါအဝင် ရန်ပိုင်၊ သီဟစည်သူ၊ ဇော်လင်းထွန်း၊ စည်သူအောင်၊ နန္ဒလင်းကျော်ချစ် စသည့် အမာခံကစားသမားများ ပါဝင်သွားသည်။

ရတနာပုံအသင်းသည် တောင် တရုတ် (ဟောင်ကောင်) အသင်းနှင့် မတ် ၁၁ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဟောင်ကောင် ၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ရတနာပုံအသင်းသည် အဖွင့်ပွဲတွင် မလေးရှားကလပ် ပါဟန်းအသင်းကို သုံးဂိုး -နှစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ တောင်တရုတ်အသင်းမှာမူ ပွဲဦး ထွက်ပွဲတွင် ဖိလစ်ပိုင်ကလပ် ဂလို ဘယ်အသင်းကို ခြောက်ဂိုး- တစ်ဂိုး ဖြင့် အနိုင်ရရှိထားကြောင်း သိရ သည်။ ဧရာဝတီအသင်းမှာ အင်ဒို နီးရှား ထိပ်သီးကလပ် ဘန်ဒေါင်း အသင်းနှင့်တွေ့ဆုံနေပြီး မတ် ၁၁ ရက် ညနေ ၃ နာရီခွဲတွင် သုဝဏ္ဏကွင်း ၌ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ ဧရာဝတီအသင်းမှာ အဖွင့်ပွဲတွင် လာအိုတိုယိုတာ အသင်းနှင့် အဝေး ကွင်း၌ နှစ်ဂိုးစီသရေကျခဲ့ပြီး ဘန် ဒေါင်းအသင်းသည် မော်လ်ဒိုက် ကလပ် နယူးရေးဒီးယန့်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထား သည်။

အုပ်စုခွဲဝေထားမှုအရ ရတနာ ပုံအသင်းမှာ အုပ်စု (G) ၌ တောင် တရုတ် (ဟောင်ကောင်)၊ ပါဟန်း (မလေးရှား)၊ ဂလိုဘယ် (ဖိလစ်ပိုင်) တို့နှင့်အတူ ပါဝင်နေပြီး ဧရာဝတီ အသင်းသည် အုပ်စု(H)တွင် ဘန် ဒေါင်း(အင်ဒိုနီးရှား)၊ နယူးရေးဒီးယန့် (မော်လ်ဒိုက်)၊ လာအိုတိုယိုတာ (လာအို)တို့နှင့် အတူပါဝင်နေသည်။


နိုင်ငံဘက်စုံ

တည်ဆောက်ရေး

မှန်မှန်ကန်ကန်

အခွန်ပေး


# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ ဂုဏ်ရည်လမ်း (၉၁ လမ်းထိပ်)၊အမှတ် (၁၀၆/၁၀၈)တွင် ပါတီရုံးချုပ် တည်ရှိသော **လူ့ဘောင်သစ်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၉-၃-၂၀၁၅ ရက်နေ့ တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြ လာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ် တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံ သော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်း ဥပဒေ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။



**လူ့ဘောင်သစ်ပါတီ၏ အလံပုံစံ**



**လူ့ဘောင်သစ်ပါတီ၏ တံဆိပ်ပုံစံ**

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

ဥပဒေရေးရာ

*National Network for Education Reform (NNER) နှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီတို့မှ ကိုယ်စားလှယ်များကိုယ်စား ဒေါက်တာသိန်းလွင်၊ ဒေါက်တာညှိညှိသင်းနှင့် ဦးအောင်မိုးဆန်းတို့ လက်မှတ်ရေးထိုးတင်သွင်းထားသည့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုမီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင်ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ အမျိုးသားပညာရေးဥပဒေကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# ဥပဒေရေးဆွဲရေး အလေးပေးစဉ်းစားစရာ

ဦးဟန်ညွန့်(ဥပဒေ)

### တရားဓမ္မနှင့်ညီရမည့်အချိန်

**အမျိုးသားပညာရေးဥပဒေနှင့်စပ်လျဉ်း၍** တစ်နိုင်ငံလုံး အုတ်အုတ်ကျွက်ကျွက်၊ တက်တက်ကြွကြွဆွေးနွေးကြသည့်အချိန်။ ဥပဒေကြမ်းအပေါ် အမြင်အမျိုးမျိုးဖြင့် ဆွေးနွေး၊ လေ့လာ၊ အကြံပြုကြသည့်အချိန်။ ဤအချိန်သည် အရေးကြီးသည်။ သတိနှင့်ယှဉ်ရမည့်အချိန်။ အသိနှင့် ယှဉ်ရမည့် အချိန်။ အမှားမခံနိုင်သည့်အချိန်။ တရားဓမ္မနှင့်ညီရမည့်အချိန်။

### ဥပဒေလေ့လာသူ၏တာဝန်

တက္ကသိုလ်ဥပဒေကျောင်းသားဘဝမှစတင်၍ အလုပ်ထဲရောက်ခဲ့သည့် ဥပဒေအရာရှိ၏အတွေ့အကြုံ၊ အငြိမ်းစားဘဝမှာလည်း တရားလွှတ်တော်ရှေ့နေ၊ ဥပဒေအကြံပေး၊ စာရေးဆရာ စသည့် ဥပဒေလေ့လာသူတစ်ဦး၏ တာဝန်ကိုကျေပွန်လိုသည်။ တရားမျှတရေးဦးတည်ချက်ဖြင့် အမျိုးသားရေး အကျိုးစီးပွားကို ဦးထိပ်ပန်ဆင်၊ ကျောင်းသားအများစု၏ ရင်ထဲကစေတနာကို လေးစားဂုဏ်ပြုစွာ ဥပဒေရေးဆွဲရေး၊ အလေးပေးစဉ်းစားစရာများကို မျှမျှတတ အကြံပြုတင်ပြအပ်ပါသည်။

### ဥပဒေများစိစစ်ရေးဆွဲရေး

ရှေ့နေချုပ်ရုံး၊ ဥပဒေများစိစစ်ရေးဆွဲရေးဌာနတွင် ဌာနတာဝန်ခံအဖြစ် ထမ်းဆောင်ခဲ့စဉ်က မရပ်မနား၊ မအိပ်မနေ ကြိုးပမ်းထမ်းဆောင်ခဲ့ရသော ဥပဒေရေးဆွဲရေးတာဝန်ကိုလည်း ပြန်လည်သတိရသည်။ ဥပဒေများ စိစစ်ရသည်။ ရေးဆွဲရသည်။ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့်ညွှန်ကြားချက်များ စိစစ်ရသည်။ ဥပဒေများဘာသာပြန်ရသည်။ ဥပဒေများ ပြန်လည်သုံးသပ်ရသည်။ ၂၀၀၁ ခုနှစ်ရှေ့နေချုပ်ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဥပဒေအရာရှိဘဝမမေ့ပါ။

### လုပ်ငန်းတာဝန်

ဥပဒေများစိစစ်ရေးဆွဲခြင်းအတွက် နိုင်ငံတော်ကဖြစ်စေ၊ အစိုးရအဖွဲ့ကဖြစ်စေ ဥပဒေကြမ်းများရေးဆွဲတင်ပြရန် တာဝန်ပေးသည်။ သက်ဆိုင်ရာဝန်ကြီးဌာနများက မိမိတို့စီမံခန့်ခွဲသည့် ဥပဒေမူကြမ်းများကို ကနဦးရေးဆွဲသည်။ အဆိုပါမူကြမ်းများကို စိစစ်ရေးဆွဲရသည်။ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများနှင့်စပ်လျဉ်း၍ အကောင်အထည်ဖော်ရမည့် ဥပဒေမူကြမ်းများအတွက်မူ စတင်ရေးဆွဲရခြင်းမျိုးလည်း ကြုံဖူး၊ တွေ့ဖူးသည်။ အတွေ့အကြုံအချို့တင်ပြပါရစေ။

### အဓိကအခြေခံ

ဥပဒေရေးလျှင် ဘယ်လိုအခြေခံမှုတွေကို အဓိကအခြေခံမည်လဲ။ နေ့စဉ် ကြုံခဲ့၊ တွေ့ခဲ့၊ သတိပြုခဲ့တာတွေပါ။

(က) နိုင်ငံတော်၏ မူဝါဒ၊ ဦးတည်ချက်ဘာလဲ။

(ခ) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွား အလေးထား၊ ကာကွယ်စောင့်ရှောက်ပါ။

(ဂ) နိုင်ငံတော်တည်တံ့ခိုင်မြဲဖို့ သတိပြု၊ လုံခြုံရေးအန္တရာယ်ကာကွယ်ပါ။

(ဃ) နိုင်ငံတော်၏ ပကတိအခြေအနေနှင့် လိုက်လျောညီထွေရှိပါစေ။

(င) အများပြည်သူ၏ လုံခြုံရေးကို မထိခိုက်စေရ။

(စ) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို မထိခိုက်စေရ။ အရေးအသားအသုံးအနှုန်း ရှောင်ကြဉ်ပါ။

(ဆ) တိုင်းရင်းသားဓလေ့ထုံးစံများ မထိခိုက်စေရ။

(ဇ) ဝန်ကြီးဌာနအချင်းချင်း၏ လုပ်ပိုင်ခွင့်များမရောထွေးရ။

(ဈ) အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများ၊ သဘောတူစာချုပ်များ၊ မြန်မာနိုင်ငံက လက်ခံထားသောအချက်များနှင့် မဆန့်ကျင်စေနှင့်။ အချုပ်အခြာအာဏာကို မထိပါးစေနှင့်။

(ည) ဥပဒေနှင့်စပ်ဆိုင်သည့် မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်ပြည့်စုံစုံ ပါရှိပါစေ။

ဤအချက်တွေ ယနေ့တိုင် ကျွန်တော်မမေ့နိုင်သေး။ ဥပဒေရေးဆွဲသူတစ်ဦးအတွက် "အသက်" ပမာ အရေးကြီးလှပါသည်။ ဘက်စုံ၊ ထောင့်စုံ ကြည့်ရပါသည်။ ဥပဒေတစ်ရပ်ရေးဖို့ ပြောသလောက်မလွယ်လှပါ။ မိမိအတွေ့အကြုံကို ပြန်လည်တင်ပြရခြင်းပါ။ ထို့ပြင် ယနေ့ချိန်ခါ ဥပဒေရေးဆွဲပုံကို လေ့လာစေချင်သေးသည်။

### ရေးထုံးရေးနည်းများ

ကျွန်တော်က စာရေးဆရာတစ်ယောက်ဖြစ်သည်။ စာရေးဆရာတစ်ယောက်ဖြစ်သည်ဆိုခြင်းကြောင့် **"ဥပဒေရေးတာ ဘာခက်သလဲ။ ဝတ္ထု ရေးသလို၊ ဆောင်းပါးရေးသလို၊ ကဗျာရေးသလို ဖွဲ့ဖွဲ့နွဲ့နွဲ့၊ ပေါ့ပေါ့ပါးပါးရေးရင် မရဘူးလား"** ဟု မေးကြည့်ရာ (ထိုစဉ်က) ရှေ့နေချုပ် အဘ ဦးအေးမောင်က ရယ်ပါသည်။ ပြီးတော့ ရှေ့နေချုပ်နည်းဥပဒေများ၊ အခန်း(၂) ပါ ဖော်ပြချက်များကို တစ်ပိုဒ်ချင်းဖတ်ပြ၊ ရှင်းပြ၊ ပြောပြပါသည်။ ထိုအခါကျမှ ရှေ့နေချုပ် အဘဦးအေးမောင်ရှင်းပြသော ဥပဒေပြဋ္ဌာန်းရခြင်း၏ရည်ရွယ်ချက်၊ ဥပဒေအမည်ကို မည်သို့ခေါ်ဆိုပုံ၊ ဥပဒေပြဋ္ဌာန်းသည့် ခုနှစ်သက္ကရာဇ်ကို သာမန်အားဖြင့် မထည့်ရပုံ၊ ဥပဒေစတင် အာဏာတည်သည့်နေ့ရက်နှင့်စပ်လျဉ်း၍ ၁၉၇၃ ခုနှစ် စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို လိုက်နာရပုံ၊ ဥပဒေရေးဆွဲသူတိုင်း စကားရပ်အနက်အဓိပ္ပာယ်ဖွင့်ပုံကို နားလည် မှ၊ တတ်ကျွမ်းမှုဖြစ်မည့်အကြောင်း၊ သာမန် မြန်မာစကားနှင့် ရင်းနှီးကျွမ်းဝင်ရုံနှင့် မလုံလောက်ကြောင်း စသည် စသည် ပါဝင်ပါသည်။ ရေးရေးကလေး ကျွန်တော်သဘောပေါက်ခဲ့ပါသည်။ ပြီးပြည့်စုံကား နားမလည်သေး။

### ဥပဒေရေးဆွဲရေး အတွေ့အကြုံများ

တစ်စတစ်စနှင့် လုပ်ရင်းကိုင်ရင်း အတွေ့အကြုံရလာမှ ဥပဒေရေးဆွဲရေးအလုပ်သည် သာမန်လွယ်လွယ်ကူကူ၊ ပေါ့ပေါ့ဆဆ၊ အချိန်မယူဘဲ ချက်ချင်းလက်ငင်းလုပ်၍မရမှန်းသိလာပါသည်။ အကြောင်းအရာတွေမထပ်ဖို့၊ မြန်မာသဒ္ဒါ၊ သတ်ပုံ၊ ဝေါဟာရမှန်ကန်ဖို့၊ ရှည်လျားထွေပြားသော ဝါကျများမသုံးဖို့၊ မတိုလွန်းဖို့၊ အဓိပ္ပာယ်မရှုပ်ထွေးဖို့၊ အများပြည်သူနားလည်ဖို့၊ စကားပြောဟန်မရေးဖို့၊ စကားရပ်များ ရှေ့နောက်ညီညွတ်ဖို့၊ ဥပဒေလိုက်နာသူများ လက်တွေ့ကျင့်သုံးသည့်အခါ လွယ်လွယ်ကူကူဖြစ်ဖို့၊ လိုအပ်ပါက ပြစ်မှုနှင့် ပြစ်ဒဏ်ဖော်ပြရေးသားဖို့၊ ဥပဒေနောက်ဆုံးအခန်းကို အထွေထွေအခန်းဟု ဖော်ပြဖို့. . . စသည် စသည်. . . စုံလင်လှပေသည်။ ကျွန်တော့်အတွေ့အကြုံများဟု ဆိုရာတွင်လည်း မိမိကိုယ်မိမိ စုံလင်လှပြီ၊ အမှားကင်းပြီဟု ကြွားဝါတင်ပြရခြင်းမဟုတ်ပါ။ ဥပဒေသဘောကို သိသမျှ ပြန်လည်တင်ပြခြင်းသာပါ။

### ပြီးပြည့်စုံသော ဥပဒေ

ဥပဒေနယ်ပယ်တွင် ဆိုရိုးစကားတစ်ခုရှိပါသည်။ **မည်သူမျှ ပြီးပြည့်စုံသော ဥပဒေကို ရေးဆွဲခြင်းမပြုနိုင်** (NO MAN CAN WRITE A PERFECT LAW). . . တဲ့။ ရေးသည့်အချိန်တွင် အကောင်းဆုံးရေးခဲ့သည်မှာ သေချာပါသည်။ ဘက်စုံစဉ်းစားသုံးသပ်ခဲ့သည်မှာလည်း ထင်ရှားပါသည်။သို့သော်ငြား မည်မျှပင် ပြည့်စုံခဲ့သည်ဟု ထင်ထင်၊ ယနေ့နှင့် မနက်ဖြန် တူနိုင်မည်မဟုတ်။ အချိန်သည် တရွေ့ရွေ့၊ အခြေအနေသည် ချက်ချင်း။ ကာလသည် ဘာမှမကြာ။ ပြင်စရာ၊ ပြောစရာ၊ လက်ညှိုးထိုးစရာ၊ ဝေဖန် ထောက်ပြစရာ။ ဒါလေးတော့ ကျန်ခဲ့သည်။ ဒီအချက်ကတော့ မေ့သွား၍။ အတည်ပြု ပြဋ္ဌာန်းပြီးမှ သတိရတော့သည့်အဖြစ်။ ကြုံတတ်ပါသည်။ သည်သို့ ဤသို့ ချို့ယွင်းချက်၊ အားနည်းချက်များ၊ အတွေ့အကြုံများ၊ စေတနာများ၊ ဝေဒနာများ၊ စနစ်များ၊ ဝါဒများ၊ လောဘများ၊ ဒေါသများ၊ မောဟများနှင့် ရောယှက်သည့်အခါ ဥပဒေရေးဆွဲရေး၏ ဥပမိရုပ်သည် ပြောင်းလဲ၊ ပြောင်းလဲ၍သွားပြန်လေသည်။ လိုရာခရီးသို့ အပြီးတိုင်မရောက်နိုင်။ ဝေး၍၊ ဝေး၍ သွားပြန်ပါပြီ။ ဘယ်လိုလုပ်ကြမည်နည်း။

### ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ရေးရတော့မည်

ကျွန်တော်အငြိမ်းစားယူပြီးနောက်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ဥပဒေပြုရေးခေတ်(ပြည်ထောင်စုလွှတ်တော်ခေတ်) တွင် ဥပဒေပြုရေးမှာ ပြည်ထောင်စုလွှတ်တော်၌တည်သည်။ အခြေခံဥပဒေ၊ အခန်း(၄) ဥပဒေပြုရေး ပြဋ္ဌာန်းချက်ကို လိုက်နာရသည်။ အခြေခံဥပဒေပုဒ်မ ၉၅ အရ ဥပဒေပြုသည်။ အခြေခံဥပဒေပုဒ်မ ၁၀၀ အရ ဥပဒေကြမ်းတင်သွင်းသည်။ ပုဒ်မ ၁၀၁၊ ၁၀၂ တို့အရ ဥပဒေကြမ်းတင်သွင်းပုံ၊ ဆွေးနွေးပုံများ ပြဋ္ဌာန်းထားသည်။ အခြေခံဥပဒေပုဒ်မ ၁၀၅၊ ၁၀၆၊ ၁၀၇၊ ၁၀၈ တို့အရ ဥပဒေအဖြစ်ထုတ်ပြန်ကြေညာပုံ အဆင့်ဆင့်ဖော်ပြထားသည်။ လေ့လာဖတ်ရှုသူတိုင်း သိကြပါသည်။

### ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေ

၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကို ၂၆-၁၁-၂၀၁၂ နေ့တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၈ အရ ပြဋ္ဌာန်းခြင်းဖြစ်ပါသည်။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်ပါသည်။ ဥပဒေပြုသူတိုင်း ဖတ်ရမည့် ဥပဒေဖြစ်သည်။

### နည်းဥပဒေများ

၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို ပြည်သူ့လွှတ်တော်ကအမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃ ဖြင့် ၆-၂-၂၀၁၃ နေ့တွင် ထုတ်ပြန်သည်။ နည်းဥပဒေများ အခန်း(၁၈)တွင် လွှတ်တော်သို့ စတင်တင်သွင်းသည့်ဥပဒေကြမ်းများအကြောင်း ဖော်ပြသည်။ ဥပဒေကြမ်းများ ပေးပို့ခြင်း၊ ဥပဒေကြမ်းကိုလက်ခံဆွေးနွေးရန်ဆောင်ရွက်ခြင်း၊ ဥပဒေကြမ်းကို နိုင်ငံတော်ပြန်တမ်းတွင် ကြေညာခြင်း၊ ဥပဒေကြမ်းတင်သွင်းခြင်း၊ ဥပဒေကြမ်းဆွေးနွေးခြင်း၊ အမျိုးသားလွှတ်တော်သို့ပေးပို့ခြင်း၊ ဆောင်ရွက်ခြင်း၊ ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း၊ ပြင်ဆင်ချက်ကို သဘောတူခြင်း၊ သဘောမတူခြင်း၊ ဆက်လက်ဆောင်ရွက်ခြင်းစသည်များ ဖော်ပြထားသည်။ သို့ဖြစ်၍ နည်းဥပဒေများကိုလည်း ဖတ်ဖို့၊ သိဖို့လိုပါမည်။

### အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း

ယခုအခါ "အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ပြည်သူတို့လေ့လာအကြံပြုနိုင်ကြလေပြီ။ အမျိုးသားလွှတ်တော်ကလည်း ဖိတ်ခေါ်ကြားနာနေသည်။ မူဘောင်အတွင်းက အေးအေးဆေးဆေး၊ တည်တည်ငြိမ်ငြိမ် ထောက်ပြဝေဖန်နိုင်ကြပေပြီ။ အမျိုးသားပညာရေးဥပဒေဟု အမည်ပေးထားသည့်အတိုင်း တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည်။ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားရမည်။ ကျောင်းသားစိတ်၊ မိဘစိတ်၊ ကျောင်းဆရာစိတ်၊ ပြည်သူအားလုံး၏ စိတ်ဆန္ဒတူညီကြသည်။ တစ်သွေးတည်း၊ တစ်သားတည်းအားခဲ၍ ဥပဒေရေးကြသည်။ ဥပဒေရေးသည်ဆိုမှတော့ ဥပဒေနှင့် ညီရမည်။ **ဥပဒေနှင့်**မညီလျှင် ဥပဒေမဖြစ်နိုင်။ စာတွေ့၊ ကိုယ်တွေ့တင်ပြရခြင်းပါ။

### ဥပဒေနှင့်မညီလျှင် ဥပဒေမဖြစ်နိုင်

တရားဥပဒေဟူသည် မျှတသည်။ အများလက်ခံသည်။ တစ်ဦးတစ်ယောက်ကျေနပ်ရုံဖြင့် မလုံလောက်၊ ဥပဒေပြုသည်။ ဖြတ်ထုံးရှိမည်။ ဓလေ့ထုံးတမ်းပါမည်။ သဘောတူညီချက်ရှိသည်။ ပြည်သူညီတူသည်။ ပြည်သူကြည်ဖြူသည်။ စနစ်ကျသည်။ စည်းကမ်းရှိသည်။ ခိုင်မြဲသည်။ ခုမြင်ခုပျောက်၊ ယနေ့ပြဋ္ဌာန်း မနက်ဖြန်ပယ်ဖျက်မဖြစ်ရ။ မဖြစ်သင့်။ ခဏခဏပြင်၊ တည်ငြိမ်မှုမရှိသောဥပဒေမဖြစ်သင့်။ နိုင်ငံ့ဂုဏ်၊ လူမျိုးဂုဏ် ပြည့်စုံသင့်သည်။ ကမ္ဘာ့အလယ်တွင် ဝင့်ထည်သောဥပဒေ။ မြန်မာ့အမျိုးသားပညာရေးဥပဒေ။ ဦးတည်ပေသည်။ သက်ဆိုင်သူအားလုံး မမေ့မလျော့၊ မပေါ့ဆစေလိုပါ။

### ပညာရှင်များ အလေးထား

ဥပဒေပညာရှင်များ၊ ပညာရေးသုတေသီများ၊ အငြိမ်းစားပါမောက္ခချုပ်ကြီးများ၊ နိုင်ငံခြားမှဖိတ်ကြားခံရသော ပညာရှင်ကြီးများ၏ အခန်းကဏ္ဍကို မမေ့အပ်။ အလေးအမြတ်ထားပြီး ပညာရှင်ကြီးများ၏အကြံဉာဏ်အား၊ စေတနာအား၊ အားများစွာကို သေသေချာချာနာယူအပ်သည်။ တူရာရွေးနုတ်၊ ထုတ်နုတ်ပြုစု၊ ဂရုပြုအပ်သည်။ လိုတိုးပိုလျှော့၊ ဖြေလျှော့စေချင်သည်။ "ငါနှင့်မတူ၊ ငါ့ရန်သူ"၊ "ဘယ်သူဘာပြောပြော ငါပြောတာမှအမှန်၊ ငါ့အမိန့်ဩဇာကိုလက်ခံရမယ်" ဟူသော ငါတကောကောခြင်းကို လုပ်သင့်ပါမည်လား။ အယူအဆ၊ အဖြူအမည်း မကွဲလွဲရဟုကား မတားမြစ်ပါ။ ညှိနှိုင်းခြင်း၊ ဆွေးနွေးခြင်း၊ ဒီမိုကရေစီပီသခြင်း၊ လူကြီးလူကောင်းဆန်ခြင်း၊ အပြန်အလှန်လေးစားချစ်ခင်ခြင်းတို့သည်ကား မင်္ဂလာ၊ နောင်စဉ်ဆက်၊ ခေတ်အဆက်ဆက် သမိုင်းမော်ကွန်းတင်မည့် အနာဂတ်ကိုပိုင်စိုးသော လူငယ်ကျောင်းသားတို့၏ အားမာန်။ ကျောင်းသားတို့၏စေတနာကို ဘေးဖယ်ထား၍မရ။ ဝိုင်းကြ၊ ဝန်းကြ၊ ဆွေးနွေးကြ၊ ရေးသားကြရမည်သာ၊ သက်ကြီးစကား သက်ငယ်လေးစားကြသကဲ့သို့ သက်ငယ်စကားသက်ကြီးများက မေတ္တာထားရမည်သာ။ အပြန်အလှန်ယုံကြည်လေးစားမှု လိုအပ်လှပါ၏။ မယုံမရှိ၊ ကိုယ်တွေ့ပါ။

### ပြန်ပြောင်း နောင်တ

ပြန်ပြောင်းနောင်တရခဲ့ပါပြီ။ သို့သော်ငြား ယနေ့တိုင် မမေ့နိုင်။ ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်။ ပထမနှစ် တက္ကသိုလ်ကျောင်းသားဘဝ တုန်းကပါ။ ၁၉၆၇ ခုနှစ်ဟု တိတိကျကျဆိုပါရစေ။ တက္ကသိုလ်ဥပဒေပညာအသင်း အမှုဆောင်ရွေးချယ်ပွဲဖြစ်ပါသည်။ ဥပဒေပထမနှစ်ကျောင်းသားကိုယ်စားလှယ်အဖြစ် ကျွန်တော်အရွေးခံရသည်။ ရွေးချယ်မှုစည်းမျဉ်းပါ ပုဒ်မတစ်ခုအကြောင်း ကျောင်းသားသူငယ်ချင်းတစ်စုနှင့် ငြင်းခုံကြသည်။ တက်ကြွသည့်အရွယ်။ ဆတ်ဆတ်ထိမခံသည့် ကျောင်းသားဘဝတုန်းကပါ။ **"ဒီစည်းမျဉ်း၊ ဘယ်သူရေးတာလဲကွ"** ဟု ဒေါသပေါက်ကွဲသည်။"ရှင်းရှင်းလင်းလင်းမရေးရကောင်းလား" ဟု ကျွန်တော် အပြစ်တင်သည်။ ကျောင်းသားအချင်းချင်းငြင်းကြ၊ ခုံကြသည်။ အဆုံးအဖြတ်မရ။ နောက်ဆုံး ဥပဒေပါမောက္ခဆရာကြီး ဦးလှအောင်၏ရုံးခန်းအထိ ရောက်ရှိခဲ့သည်။

ပါမောက္ခဆရာကြီးက- **"ရေးထားတဲ့ ဥပဒေစည်းမျဉ်းက ရှင်းရှင်းလေးပါကွယ်။ မရှင်းတာက မောင်ကျောင်းသားပါ။ မင်းက ငယ်သေးတာကိုး။ ပထမနှစ်မို့ လေ့လာရဦးမှာ။ ဒီစည်းမျဉ်းက ဆရာကိုယ်တိုင်ရေးဆွဲထားတာပါကွယ်"**

ဟုဆိုကာတည်ငြိမ်စွာ၊ အေးချမ်းစွာ၊ မိဘနှင့်သားသမီးပမာကျွန်တော့်အား ရှင်းပြပါသည်။ ထိုအခါ "ဒီစည်းမျဉ်း ဘယ်သူရေးတာလဲကွ" ဟုဒေါသပေါက်ကွဲခဲ့သော ကျွန်တော့်အနေနှင့် မည်မျှအရှက်ရခဲ့ပါသနည်း။ တကယ့်အဖြစ်အပျက်မို့ ၁၉၆၇ ခုနှစ်က (နှစ်ပေါင်းငါးဆယ်နီးပါးကြာပြီ) ဖြစ်သော်လည်း ကျောင်းနေဖက် သူငယ်ချင်းများ မှတ်မိကြဦးမည်ထင်သည်။ ပြန်ပြောင်းနောင်တရသူက ကျွန်တော်ပါ။ ထိုနောင်တမှာ ဤမျှနှင့်မပြီးသေး။ နိဂုံးတင်ပြချက်သာ ဖတ်ကြည့်ပါဗျာ. . .။

### နိဂုံးတင်ပြချက်

ကံကြမ္မာဟုဆိုရလေမည်လား။ အဆိုပါ ပါမောက္ခဆရာကြီး ဦးလှအောင်သည် ၁၉၇၃ ခုနှစ်တွင် နိုင်ငံတော်ရှေ့နေချုပ်ဖြစ်လာပါသည်။ ကျွန်တော်ကလည်း ဥပဒေအရာရှိ သင်တန်းသားဖြစ်လာပြီး ဆရာကြီးနှင့် ထပ်မံဆုံရပြန်ပါသည်။ ဆရာကြီးက ရှေ့နေချုပ်အဖြစ်၊ တပည့်က သင်တန်းသားဥပဒေအရာရှိအဖြစ်နှင့်ပါ။ ဥပဒေရေးဆွဲရေး သင်တန်းပေးရင်းဆရာကြီးက "ဥပဒေစည်းမျဉ်းရေးတတ်ပြီလား" ဟု ကျွန်တော့်အား မေးပါသည်။ ဘာပြန်ဖြေရမည်မသိပါ။ ရှက်ရှက်နှင့် ကျွန်တော်ခေါင်းညိတ်လျက် မျက်ရည်ဝဲနေမိပါသည်။ တကယ်တော့ ကျွန်တော် "ငို"နေတာပါ။ ခွင့်လွှတ်ပါဆရာကြီး ခင်ဗျား. . ။

ပြည်သူ့လွှတ်တော်အစည်းအဝေး

# လယ်ယာကဏ္ဍတွင်ရင်းနှီးမြှုပ်နှံရန် ပြည်ပချေးငွေဖြင့်ဆောင်ရွက်မည့် စီမံကိန်းလေးခုကို ကန်ဒေါ်လာ သန်း ၃၇၀ ကျော်ဖြင့် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၉**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် **ဆောမဲဆန္ဒနယ်မှ ဦးဌေးမောင်၏ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် မြို့ချင်းဆက် ကတ္တရာလမ်းများ ပေါက်သောမြို့နယ်အဆင့် မြို့မည်မျှရှိသည်၊ မည်မျှကျန်သည်မေးခွန်းနှင့် စပ်လျဉ်း၍** ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က တစ်နိုင်ငံလုံးတွင် မြို့နယ်ပေါင်း(၃၃၀)ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနက လမ်းလုပ်ငန်းဆောင်ရွက်သည့် မြို့နယ်ပေါင်း (၃၀၀)ရှိပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊



ဒုတိယဝန်ကြီး ဦးအုန်းသန်း ဖြေကြားစဉ်။ (သတင်းစဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီ၊ နေပြည်တော်စည်ပင်သာရေးကော်မတီနှင့် အခြားဝန်ကြီးဌာနများက ဆောင်ရွက်နေသည့် မြို့နယ်ပေါင်း (၃၀)ရှိပါကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေသည့် လမ်းမိုင်ပေါင်း(၂၄၉၃၀) ကျော်အနက် (၁၂၆၉၀)မိုင်ကျော်မှာ ကတ္တရာလမ်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခုတွင် မြို့ချင်းဆက် ကတ္တရာလမ်းဖြစ်ပြီးသော မြို့နယ်ပေါင်း (၂၄၈)မြို့နယ်ရှိပြီး မြို့နယ်ချင်းဆက် ကတ္တရာလမ်း မဖြစ်သေးသော မြို့နယ်ပေါင်း (၅၂) မြို့နယ်ရှိပါကြောင်း၊ ကတ္တရာလမ်း မဖြစ်သေးသည့် မြို့များအနက် ကယားပြည်နယ်အတွင်းရှိ ရှားတောမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ သာပေါင်း၊ ဝါးခယ်မ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့မှာ မတ်လအတွင်း ကတ္တရာလမ်းအဆင့်သို့



ကန်ပက်လက် မဲဆန္ဒနယ်မှ သူရဦးအောင်ကို မေးမြန်းစဉ်။ (သတင်းစဉ်)

ရောက်ရှိမည်ဖြစ်ပြီး ကျန်မြို့နယ်များအား နှစ်ရှည်စီမံကိန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လယ်ယာကဏ္ဍနှင့် သက်ဆိုင်သည့် မေးခွန်းများနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

**ကျောင်းကုန်း မဲဆန္ဒနယ်မှ ဦးသိန်းထွန်း၏ တောင်သူလယ်သမားများအတွက် အထွက်ကောင်း မျိုးသန့်စပါးကို အရည်အသွေးမီရရှိရန်နှင့် အလုံအလောက်ရရှိရန် ဝန်ကြီးဌာနအနေဖြင့် မည်သို့အစီအမံများ ပြုလုပ်ထားသည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍** မြန်မာနိုင်ငံတွင် မျိုးချန်၍ရသော စပါးမျိုးများ မျိုးစေ့ အဆင့်ဆင့်ပွားများရာတွင် မိဘမျိုးစေ့နှင့် ဆင့်ပွားမျိုးစေ့များကို ပွားများ ထုတ်လုပ်ပေးလျက်ရှိပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အုပ်ချုပ်မှုဆိုင်ရာ အဖွဲ့အစည်းများက မျိုးစေ့ထုတ်လုပ်ရေး လုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် ရင်းနှီးမြှုပ်နှံသူများအား စည်းရုံး ဆောင်ရွက်သွားရန်နှင့် ဝန်ကြီးဌာနအနေဖြင့် မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အရည်အသွေးစစ်ဆေးခြင်း၊ မှတ်ပုံတင်ခွင့်ပြုခြင်း၊ မျိုးစေ့စိုက်ခင်းများ ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

**ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ မြန်မာနိုင်ငံ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်**

*စာမျက်နှာ ၈ ကော်လံ ၁ သို့*

အမျိုးသားလွှတ်တော်အစည်းအဝေး

# စစ်တွေမြို့၌ မြို့မဈေးသစ်ကြီးတည်ဆောက်မှုကြောင့် နစ်နာသူမြေပိုင်ရှင်များအား အိမ်ရာစီမံကိန်းများဆောင်ရွက်ပါက ဦးစားပေးဆောင်ရွက်ပေးမည်

**နေပြည်တော် မတ် ၉**

ပထမအကြိမ် အမျိုးသားလွှတ်တော်(၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင်၏ **"စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် ဈေးကြီးလမ်းထောင့်အကွက်အမှတ်(၃၈) မြို့မဈေးအကွက်ရှိ မြေဧရိယာ (၀ ဒသမ ၅၉၉)ပေါ်ရှိ အဆောက်အအုံများ နေရာတွင် ခေတ်မီ တစ်ထပ်ဈေးကြီး တည်ဆောက်ခဲ့သဖြင့် နစ်နာမှုဖြစ်ခဲ့သော မူလမြေပိုင်ရှင်များအား မည်ကဲ့သို့ ဖြေရှင်းပေးခဲ့သည်ကို သိရှိလိုကြောင်း"** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းက ၁၉၉၅ ခုနှစ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်တွင် ဒေသလိုအပ်ချက်အရ စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက် အကွက်အမှတ်(၃၈) မြို့မဈေးအကွက် ဧရိယာ(၀ ဒသမ ၄၂၈)ဧကအတွင်း မြို့မဈေးဟောင်းအနီး၌ ဒေသအုပ်ချုပ်ရေးစီမံခန့်ခွဲမှုဖြင့် ခေတ်မီဈေးသစ်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း၊ မြို့မဈေးသစ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့စဉ်က မြေသိမ်းခံရသူများအား မြို့မဈေးသစ်အနီးရှိ ငွေနဒီတိုက်ခန်း



ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်း ဖြေကြားစဉ်။ (သတင်းစဉ်)

အိမ်ရာ၌ တိုက်ခန်း(၁)ခန်းစီ ဝယ်ယူခွင့်ပြုခဲ့ရာ တိုက်ခန်းဝယ်ယူခဲ့သူ (၁၂) ဦးရှိပြီး တိုက်ခန်းမဝယ်ယူခဲ့သူ (၃) ဦးရှိသည်ကို သိရှိရပါကြောင်း။

ကျေးပင်ကြီးရပ်ကွက် ကမ်းနားလမ်းနှင့် မြို့မဈေးကြီးလမ်းထောင့် အကွက်အမှတ် (၃၈)မှ ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦး တင်ပြလာခြင်းနှင့် ပတ်သက်၍ စစ်တွေမြို့နယ်စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည့် အစည်းအဝေးဆုံးဖြတ်ချက်တွင် ယခုအခါ ဈေးသစ်ကြီးသည် ဒေသအခြေအနေ လိုအပ်ချက်အရ ဈေးဆိုင်တန်းများ ဖွင့်လှစ်ရောင်းချနေပြီဖြစ်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ဈေးမြေနေရာအား စွန့်လွှတ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၅ ရက်က ပြုလုပ်ခဲ့သော မြို့နယ်စည်ပင်သာယာရေးကော်မတီ အစည်း



ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာအေးမောင် မေးမြန်းစဉ်။ (သတင်းစဉ်)

အဝေးဆုံးဖြတ်ချက်အရ ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦးအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မြေယာနှင့် အိမ်ရာစီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်ရှိပါက ရခိုင်ပြည်နယ်မြေယာစီမံခန့်ခွဲရေး ကော်မတီအနေဖြင့် ဘိုးဘွားပိုင်မြေပိုင်ရှင်(၁၅)ဦးအား ဦးစားပေးစဉ်းစား ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးတင်မောင်မြင့်၏ **"လောင်းလုံမြို့နယ် စခန်းသစ်အခြေခံပညာ မူလတန်းကျောင်းဟောင်းကို ဖျက်သိမ်းပြီး (၁၂၀×၃၀) ပေ (RC) ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း"** မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ရှင်းက

*စာမျက်နှာ ၈ ကော်လံ ၄ သို့*

သူ့အတွေး သူ့အမြင်

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအပေါ် လေ့လာအကြံပြုရှင်းလင်းတင်ပြချက်

**ဦးဝင်ငွေး**
B.A,R.L
**တရားလွှတ်တော်ရှေ့နေ**

အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူများ သိရှိအကြံပြုနိုင်ရန် (၁၈-၂- ၂၀၁၅) နေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ဖော်ပြပါရှိပါသည်။ ဤဥပဒေကြမ်းအား လေ့လာပြီး အကြောင်းအရာတစ်ခုကို ပြည်သူများ ရှင်းလင်းစွာသိရှိရန် အကြံပြုသင့်သည်ဟု ယူဆပါ၍ ပြည်သူတစ်ဦးအနေဖြင့် ဤအကြံပြုရှင်းလင်းတင်ပြချက်ကို ရေးသားပေးပို့ပါသည်။ အချို့သောပုဂ္ဂိုလ်များမှ အကြံပြုချက်များ ရေးသားကြရာတွင် ဥပဒေကြမ်းပါ ပြင်ဆင်ချက်များကြောင့် ဆေးတက္ကသိုလ်များတွင် ကျောင်းသားများ စုပြုံလျှောက်ထားကြမည်ဖြစ်၍ အခက်အခဲဖြစ်မည်ဟု ဖော်ပြအကြံပြုထားသည်ကို တွေ့ရပါသည်။ မိမိမှာလည်း ၁၉၆၁ ခုနှစ်က ရန်ကုန်တက္ကသိုလ်သို့ ရောက်သူဖြစ်ပါသည်။ အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းပုဒ်မ ၂၂ (က) ပုဒ်မခွဲ (ဂ)တွင် "အခြေခံပညာပြီးဆုံးသည့် ကျောင်းသား/ကျောင်းသူများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်" ဟု အစားထိုးပြင်ဆင်လိုကြောင်း တင်ပြထားသည်မှာ အောက်ပါအတိုင်း ဆိုလိုရင်းအဓိပ္ပာယ်ဟု ယူဆရကြောင်းရှင်းလင်း တင်ပြလိုပါသည်။ ၁၉၆၀ ပြည့်နှစ်က ၁၀-တန်းအောင်မြင်သူတစ်ဦးသည် ၁၀-တန်း(ခေါ်) တက္ကသိုလ်ဝင်တန်း၌ သင်ယူရသော ဘာသာရပ်များမှာ အင်္ဂလိပ်စာ၊ မြန်မာစာ၊ သင်္ချာ(၁)၊ သင်္ချာ(၂)၊ အထွေထွေသိပ္ပံ၊ ပထဝီ၊ သမိုင်း ဘာသာရပ်များဖြစ်ပါသည်။ ထိုစဉ်က ၁၀-တန်းမှ ရရှိသောအမှတ်များဖြင့် တက္ကသိုလ်၌ ဆေးတက္ကသိုလ်၊ စက်မှုတက္ကသိုလ် စသည်ဖြင့် တိုက်ရိုက်ရွေးချယ်သင်ကြားခွင့်မရှိပါ။ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ဆေးတက္ကသိုလ်တက်လိုသည့် ကျောင်းသား/ကျောင်းသူသည် ရန်ကုန်တက္ကသိုလ်၌ ရူပဗေဒ၊ ဓာတုဗေဒ၊ ဘိုင်အိုခေါ် ရုက္ခဗေဒ၊ ဇီဝဗေဒ ဘာသာတွဲများကို မိမိဆန္ဒအရသင်ယူပြီး ဥပစာသိပ္ပံ(ခ)တန်းတွင် ဘာသာရပ်တိုင်း အမှတ်ပျမ်းမျှ(၆၀) ရာနှုန်းရပါမှ ဆေးတက္ကသိုလ်သို့ First Year M.B.B.S Junior တန်း၌ ဆက်လက်သင်ကြားခွင့်ရမည်ဖြစ်ပါသည်။

စုစုပေါင်း ၇-နှစ်တက်ရပါသည်။ ထို့အတူ စက်မှုတက္ကသိုလ်(R.I.T) သို့ တက်ရောက်လိုသော တက္ကသိုလ်ဝင်တန်းအောင်မြင်သူ ကျောင်းသားကျောင်းသူများသည် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာဘာသာတွဲ ကိုယူပြီး ဥပစာသိပ္ပံ(ခ)တန်းတွင် ဘာသာတိုင်း ပျမ်းမျှ ၆၀ မှတ်နှုန်းရရှိမှသာ စက်မှုတက္ကသိုလ်တွင် တတိယနှစ်အဖြစ် ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။ စုစုပေါင်း ၆-နှစ်ဖြစ်ပါသည်။

အထက်ဖော်ပြပါ အချက်ကိုဆိုလိုကြောင်း အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ ပုဒ်မ ၁၇ တွင် အမျိုးသားပညာရေးဥပဒေပုဒ်မ ၄ ပုဒ်မခွဲ(ဇ)အား ပုဒ်မခွဲ(ဌ)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်။

"တက္ကသိုလ်ဝင်ခွင့်အတွက် သင်ယူလိုသည့် ဘာသာရပ်နှင့် တက္ကသိုလ်ကျောင်းသားကိုယ်တိုင် ဆုံးဖြတ်ခွင့်ရှိရန်၊ တက္ကသိုလ်ဝင်ခွင့်သည် အခြေခံပညာအထက်တန်းစာမေးပွဲရမှတ်ဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုအပေါ် အခြေခံရွေးချယ်ရန်" ဟု ပြင်ဆင်ရန် ဖော်ပြထားမှုမှာ အထက်ပါ မိမိရှင်းလင်းတင်ပြသည့်အတိုင်း **သင်ယူမည့် ဘာသာရပ်၏ လိုအပ်ချက်အရ ကျောင်းသားများ၏ လေ့လာသင်ယူထားရှိမှုဖြစ်သည့်** ဥပစာသိပ္ပံ(ခ) တက္ကသိုလ်ဒုတိယနှစ်တွင် တက္ကသိုလ်၌ ကျောင်းသား/ကျောင်းသူ၏ဆန္ဒအရ ရွေးချယ်သင်ယူသည့် ဘာသာရပ်များဖြစ်သော ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒ (ဆေးတက္ကသိုလ်တက်ရန်ဘာသာ)နှင့် ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာ (စက်မှုတက္ကသိုလ်တက်ရန်ဘာသာ)ရပ်များမှ ရရှိသောအမှတ် ပျမ်းမျှ ၆၀ ရာခိုင်နှုန်းရရှိမှသာ ဆေးတက္ကသိုလ်နှင့် စက်မှုတက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိမည့်သဘောကို အမျိုးသားပညာရေးဥပဒေ၌ ထည့်သွင်းပြင်ဆင်ပြဋ္ဌာန်းရန် ရည်ရွယ်ထားခြင်းဖြစ်သည်ဟု သုံးသပ်တွေ့ရှိရပါကြောင်း ရှင်းလင်းတင်ပြအပ်ပါသည်။

၁၉၆၁ ခုနှစ် အချိန်တွင် အထက်ဖော်ပြပါ ဘာသာတွဲများကို ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်၌ ဥပစာသိပ္ပံ(ခ)အတန်းအထိ ၂-နှစ်တက်ရောက်ရပါသည်။ ထိုသို့ ၂-နှစ်တက်ပြီး ဘာသာရပ်အားလုံး၏ ပျမ်းမျှ ၆၀ ရာခိုင်နှုန်းမကျော်လွန်ပါက ရိုးရိုးသိပ္ပံဘွဲ့ကိုသာ နောက်ထပ် ၂-နှစ်၊ စုစုပေါင်း ၄-နှစ်တက်ရောက်ရယူရပါသည်။ ကျွန်တော်သည် ၁၉၆၀ ပြည့်နှစ်က ၁၀-တန်းအောင်မြင်ပြီး ဘာသာရပ်တိုင်း အမှတ်များ၍ ပထမဆင့်အမှတ် ၆၀ ရာနှုန်းဖြင့် အောင်မြင်ပါသည်။ သို့ရာတွင် မိမိမှာ ဝိဇ္ဇာပညာရပ်ကို ဝါသနာထုံသူတစ်ဦးဖြစ်၍ ဝိဇ္ဇာပညာရပ် Arts ဘာသာတွဲဖြစ်သော စိတ်ကြိုက်မြန်မာစာ၊ သမိုင်း၊ ပထဝီဘာသာတွဲဖြင့် မိမိဆန္ဒအရ ရွေးချယ်ပြီး ဝိဇ္ဇာဘွဲ့ရရှိခဲ့သူတစ်ဦးဖြစ်ပါသည်။ ထို့အတူ အထက်ဖော်ပြပါ ဆေးတက္ကသိုလ်သို့ တက်ရောက်နိုင်သည့် ဘာသာတွဲနှင့် စက်မှုတက္ကသိုလ်သို့ တက်ရောက်နိုင်သည့် ဘာသာတွဲများကို တက္ကသိုလ် ဥပစာသိပ္ပံ(ခ) တန်းခေါ် ဒုတိယနှစ်တွင် ဘာသာရပ်တိုင်း အမှတ် ၆၀ ရာခိုင်နှုန်း မကျော်၍ နောက်ထပ် ၂-နှစ်တက်ပြီး ရိုးရိုးသိပ္ပံဘွဲ့ရရှိသူများလည်းရှိပါသည်။ ထိုစဉ်က စီးပွားရေးတက္ကသိုလ်မပေါ်ပေါက်သေးပါ။ ဝိဇ္ဇာပညာရပ် ဘာသာတွဲတွင် ဘောဂဗေဒပညာရပ်ကို အခြားဘာသာများနှင့်အတူ ယူရပါသည်။ ဥပမာ-သမိုင်း၊ ပထဝီ၊ ဘောဂဗေဒဟူ၍ယူပြီး ဘွဲ့ရသောအခါ ဝိဇ္ဇာဘွဲ့(ဘောဂဗေဒ)၊ B.A with Eco ရပါသည်။ သို့ပါ၍ အထက်ဖော်ပြပါစနစ်မှာ ဆေးတက္ကသိုလ်တစ်ခုတည်းတွင် ကျောင်းသားများ စုပြုံလျှောက်ထားနေသည်ဆိုသော ထောက်ပြဝေဖန်မှုများမှာ မှန်ကန်မှုရှိသည်ဟု မဆိုနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိအနေဖြင့် အမျိုးသားပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ထောက်ခံခြင်း၊ ကန့်ကွက်ခြင်း မပြုလိုပါ။ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၏ ပုဒ်မ ၁၇ ပုဒ်မခွဲ ၄ ပုဒ်မခွဲ(ဇ)အား ပုဒ်မ(ဌ)အဖြစ် အစားထိုးခြင်းနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပုဒ်မ ၂၂ (က) ပုဒ်မခွဲ(ဂ)တွင် ဖော်ပြပါရှိသည့် "အခြေခံပညာ ပြီးဆုံးသည့် ကျောင်းသူ/ကျောင်းသားများအားလုံး အဆင့်မြင့်ပညာကဏ္ဍတွင် လွတ်လပ်စွာ ဘာသာရပ်ရွေးချယ်သင်ယူခွင့်ရှိမည်" ဆိုသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းပါ အဆိုပြုတင်ပြချက်အပေါ် ပြည်သူများ ရှင်းလင်းစွာ သဘောပေါက်နိုင်ရန် တင်ပြအပ်ပါသည်။

## ပြည်တွင်းသတင်း

◆ *ပြည်ထောင်စုလွှတ်တော်မှ*

Single Window-ASW Protocol) အား ၂၀၀၆ခုနှစ် ဒီဇင် ဘာ ၂၀ ရက်နေ့တွင်လည်းကောင်း အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးခဲ့ကြပြီးဖြစ်ပါကြောင်း။

အာဆီယံပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်မှုဆိုင်ရာဥပဒေမူဘောင် အခြေပြစာချုပ်အား လက်မှတ်ရေးထိုးပြီးမှသာ အာဆီယံဒေသတွင်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များအား သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးက လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။



ပြည်ထောင်စုလွှတ်တော်အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အာဆီယံ ပြတင်းတစ်ပေါက်စနစ်အကောင်အထည်ဖော်မှုဆိုင်ရာဥပဒေမူဘောင် အခြေပြစာချုပ်သည် ချုပ်ဆိုခဲ့ပြီးဖြစ်သည့် ASW Agreement နှင့် ASW Protocol တို့ကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဆက်စပ်ယှက်နွယ်လျက်ရှိသည့် အချက်အလက်များအား ပိုမိုပြည့်စုံစွာထည့်သွင်းဖော်ပြ ရေးဆွဲထားခြင်းဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အာဆီယံဒေသတွင်း နိုင်ငံများအားလုံး၏ ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးဆိုင်ရာကိစ္စရပ်များအား သတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်ရေးကို များစွာအထောက်အကူပြုစေသည့် ဥပဒေမူဘောင်အခြေပြစာချုပ်တစ်ခုဖြစ်သောကြောင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများနည်းတူ မြန်မာနိုင်ငံကလည်း ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် လွှတ်တော်နာယကက ယင်းကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူပြီး အာဆီယံ ပြတင်းတစ်ပေါက်စနစ်အကောင်အထည် ဖော်မှုဆိုင်ရာ ဥပဒေမူဘောင်အခြေပြစာချုပ်အား မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စကို အတည်ပြုခဲ့သည်။

ယင်းနောက် **"နိုင်ငံတော်သမ္မတထံမှပေးပို့သော တရုတ်ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank of China) ထံမှ ကူးသန်းရောင်းဝယ်ရေးချေးငွေ ယွမ် ၂၄၆ သန်း ချေးယူခွင့်"** နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်က ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့တွင် အသုံးပြုရန်လိုအပ်သည့် အုပ်ချုပ်မှုလုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာများ၊ ရေယာဉ်များ ဖြည့်တင်းနိုင်ရေးအတွက် အထောက်အပံ့ယူမည့်အဖွဲ့အစည်းသည် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဖြစ်ပြီး တိုင်းဒေသကြီး / ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးများနှင့် မြို့နယ်/ရဲစခန်းရုံးများ၊ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများ၊ ရေကြောင်းရဲတပ်ဖွဲ့ခွဲနှင့် အသစ်တိုးချဲ့ဖွဲ့စည်းခဲ့သောတပ်ဖွဲ့အသစ်များအတွက် အဓိကထောက်ပံ့ဖြည့်တင်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဖြည့်တင်းဆောင်ရွက်မည့်အစီအမံအနေဖြင့် လုပ်ငန်းသုံးမော်တော်ယာဉ်ငယ်၊ ယာဉ်လတ်၊ ထရပ်ကား၊ အချုပ်ယာဉ်၊ ကင်းလှည့်ရေယာဉ်နှင့် ကမ်းတက်ရေယာဉ်ငယ်များကို ဝယ်ယူရန်တင်ပြခြင်းဖြစ်ပါကြောင်း၊ ထိုသို့ ဖြည့်တင်းပေးခြင်းအားဖြင့် နယ်မြေလုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးစသည့်ရည်မှန်းချက်များအပေါ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်မည် ဖြစ်သဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို အချိန်မီကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ မှုခင်းဖြစ်ပွားမှုအား အချိန်မီကာကွယ်နိုင်ခြင်း၊ ဖြစ်ပွားလာသောပြစ်မှုများကို အချိန်မီဖော်ထုတ်နိုင်ခြင်းတို့အပြင် ပင်လယ်ကမ်းရိုးတန်း၊ ဆိပ်ကမ်းများနှင့် မြစ်ကြောင်းလုံခြုံရေးအား ရေကြောင်းရဲတပ်ဖွဲ့က ရေယာဉ်များဖြင့် ကင်းလှည့်စောင့်ရှောက်နိုင်သည့် အကျိုးကျေးဇူးများကို ခံစားရရှိမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ကုန်သွင်းကုန်ဘဏ် (EXIM Bank of China) မှ ရင်မင်ဘီယွမ် (RMB 246 ) သန်း ချေးယူ၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် အုပ်ချုပ်မှုလုပ်ငန်းသုံးယာဉ်နှင့် စက်ကိရိယာများ၊ သင်္ဘောများအား ပြည်ပချေးငွေဖြင့် ဝယ်ယူဆောင်ရွက်မည့်လုပ်ငန်းအတွက် ပြည်ထောင်စုလွှတ်တော်က သဘောတူ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

အထက်ပါချေးငွေကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

---

*ပြည်သူ့လွှတ်တော်မှ*

**အတွက် အဓိကလိုအပ်သော နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာရေး စီမံဆောင်ရွက်ပေးနိုင်ခြင်းရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** မြန်မာ့လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာထွက်ကုန်များနိုင်ငံတကာ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေး၊ အထွက်နှုန်းနှင့် အရည်အသွေး မြင့်တင်နိုင်ရေးအတွက် လယ်ယာအခြေခံစက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ခေတ်မီ စိုက်ပျိုးထုတ်လုပ်မှုများ ဆောင်ရွက်နိုင်ရေးကို ပြည်ပနိုင်ငံများမှ နည်းပညာများ၊ ပညာရှင်များ၊ ရင်းနှီးမြှုပ်နှံမှုများဖြင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် လယ်ယာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ပြည်ပကုမ္ပဏီ(၆၅)ခုနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများ၏ အထောက်အပံ့အကူအညီ၊ ချေးငွေများဖြင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများကိုဆောင်ရွက်လျက်ရှိရာ လက်ရှိတွင် အထောက်အပံ့စီမံကိန်း(၂၁)ခုကို အမေရိကန်ဒေါ်လာ ၇၈ သန်းကျော်ဖြင့် ဆောင်ရွက်လျက်ရှိပြီး ပြည်ပချေးငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်း လေးခုကို အမေရိကန်ဒေါ်လာ သန်း ၃၇၀ ကျော်ဖြင့် ဆောင်ရွက်လျက် ရှိကြောင်းဖြင့် ဖြေကြားခဲ့သည်။

**(သတင်းစဉ်)**

*အမျိုးသားလွှတ်တော်မှ*

ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစီးပေးအစီအစဉ်၊ ကျောင်းအလိုက် တန်းစီဇယားအရ လောင်းလုံမြို့နယ် စခန်းသစ်ကျေးရွာအခြေခံပညာမူလတန်းကျောင်းအား (၉၀×၃၀) RCC တစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ် (၄၈ ဒသမ ၆၀)သန်းကို လျာထားတင်ပြပြီးဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

အစည်းအဝေးအပြီးတွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် ဒီမိုကရေစီပညာရေးလှုပ်ရှားမှု ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် အမျိုးသားလွှတ်တော်ဆွေးနွေးပွဲခန်းမတွင် ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြားနာခဲ့သည့် အစီအစဉ်ကို လွှတ်တော်ကိုယ်စားလှယ်အားလုံးသိရှိနိုင်ရန် ဗီဒီယိုထုတ်လွှင့်ပြသခဲ့သည်။

**(သတင်းစဉ်)**

---

❐ *ရှေ့ဖုံးမှ*

အတွင်းမှာသာဖြစ်ပြီး အနည်းငယ်သာ အခြားတိုင်းဒေသကြီးနဲ့ ပြည်နယ် တွေမှာရှိတယ်။ နောက်ပိုင်းအခြားဒေသတွေမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေ တိုးတက်လာဖို့ မျှော်လင့်ရပါတယ်။ အခြေခံအဆောက်အအုံတွေကို ဒေသဆိုင်ရာတွေက ဖြည့်ဆည်းပေးနိုင်ပြီဆိုရင်တော့ စီးပွားရေးအချက်အချာဟာ ရန်ကုန် တစ်ခုတည်းအတွက် မဖြစ်နိုင်တော့ပါဘူး" ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင် ဦးအောင်နိုင်ဦးက ပြောကြားသည်။

ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ယခုနှစ်အတွင်း အစည်းအဝေးသုံးကြိမ်ကျင်းပနိုင်ခဲ့ပြီး ပထမဆုံးအကြိမ်တွင် လက်ခစား အထည်ချုပ်လုပ်ငန်းကိုးမျိုးခန့်အပါအဝင် လုပ်ငန်းစုစုပေါင်း ၂၀ ကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထို့အတူ ဒုတိယအစည်းအဝေးတွင် လုပ်ငန်းပေါင်း ၁၆ခုခန့်နှင့် တတိယအစည်းအဝေးတွင် လုပ်ငန်းပေါင်း ၁၉ ခုကို ရင်းနှီးမြှုပ်နှံခွင့်ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

"လုပ်ငန်းတွေကတော့ အမျိုးအစားအများကြီးပါဝင်ပြီး ယခင်နှစ်ကထက်စာရင် အမျိုးအစားပိုမိုစုံလင်လာတာကို တွေ့ရပါတယ်။ ခွင့်ပြုစိစစ်ပေးတဲ့လုပ်ငန်းအများစုမှာ လက်ခစားအထည်ချုပ်လုပ်ငန်းတွေပါဝင်ပြီး စနစ်ကျနတဲ့ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းဖြစ်ပေါ်လာစေဖို့နဲ့ ဥပဒေနဲ့အညီ လုပ်ကိုင်ကြဖို့သတိပေးထားပြီးသားပါ။ ၂၀၁၅ခုနှစ် အတွင်းမှာ ရေနံသဘာဝဓာတ်ငွေ့လုပ်ငန်း၊ ဟိုတယ်လုပ်ငန်းနဲ့ အခြေခံစက်မှုကုန်ကြမ်းထုတ်လုပ်တဲ့ စက်ရုံတွေ၊ စားသောက်ကုန်နဲ့ အဖျော်ယမကာ လုပ်ငန်းတွေ အများဆုံးပါဝင်တယ်"ဟု ဦးအောင်နိုင်ဦးကပြောကြားသည်။

စီးပွားရေးပညာရှင်များ ခန့်မှန်းထားသည်မှာလည်း ၂၀၁၅ ခုနှစ်အတွင်း ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ခြင်း၊ အထည်ချုပ်လုပ်ငန်းနှင့် ရေနံနှင့်သဘာဝဓာတ်ငွေ့တူးဖော်ခြင်းများကို ဆက်လက် လုပ်ကိုင်နိုင်မည်ဖြစ်ပြီး ယင်းနှင့်အပြိုင် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများသည်လည်း များပြားနိုင်ကြောင်း မျှော်လင့်ထားကြရာ မျှော်မှန်းချက် ပြည့်မီစေရန် စက်မှုဇုန်အခြေခံ အဆောက်အအုံများ အဆင့်မြှင့်တင်ခြင်းနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ချေးငွေများ ပိုမိုထုတ်ချေးပေးနိုင်ခြင်း၊ ဘဏ်စနစ် လည်ပတ်ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းများကို အချိန်မီဖြည့်တင်းရန်လိုအပ်ကြောင်း ဗဟိုဘဏ်၏ ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်က ပြောကြားသည်။

"ပြည်တွင်းလုပ်ငန်းရှင်အများစုက နိုင်ငံရဲ့စီးပွားရေးပေါ်လစီအပေါ်မှာ ယုံကြည်မှု မြင့်တက်လာတယ်လို့ ထင်မြင်မိတယ်။ သူတို့အနေနဲ့ မနှစ်ကအထိ နိုင်ငံတကာဝင်ရောက်မှုအခြေအနေနဲ့ ပြည်တွင်းဈေးကွက်အပေါ် သံသယနဲ့ စောင့်ကြည့်လေ့လာနေကြတယ်။ တည်ငြိမ်လာတဲ့အနေအထားမှာ လက်ဦးမှုရရှိရေးအတွက် ကြိုးပမ်းလာကြတယ်။ နှစ်ပေါင်းများစွာ ငါးပွက်ရာငါးစာချတဲ့ လက်ပူတိုက်စီးပွားရေးလုပ်ငန်းမျိုးကို စွန့်ခွာလို လာကြတယ်"ဟု စီးပွားရေးအတိုင်ပင်ခံ UNOOSမှ ဦးကျော်စွာသိမ်းက မှတ်ချက်ပြုသည်။

နှစ်လအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၅၅ခုအနက် နိုင်ငံသားရင်းနှီးမြှုပ်နှံမှု ၂၁ခု၊ ဖက်စပ်ရင်းနှီးမြှုပ်နှံမှု ၁၇ ခုနှင့် နိုင်ငံခြားသားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ၁၁ ခုတို့ဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။

၂၀၁၄ခုနှစ် ဖြတ်သန်းခဲ့သည့် စီးပွားရေးအခြေအနေကို သုံးသပ်ပါက အလွန်အားရကျေနပ်ဖွယ်ရာဟု ဆိုနိုင်သော်လည်း အများစုသော ရင်းနှီးမြှုပ်နှံမှုများသည် ပြည်သူများထံ တိုက်ရိုက်ရောက်ရှိသုံးစွဲမှုအား နည်းပါးနေသေးကြောင်း၊ အများစုမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်းသာ လုပ်ကိုင်ကြသည့် အစဉ်အလာကို ချိုးဖျက်ကာ အချိုးညီညီဒေသစုံ စီးပွားရေးအခွင့်အလမ်းများချမှတ်နိုင်ရေးအတွက် ကြိုးပမ်းသင့်ကြောင်း၊ ယခုနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ချထားပေးခဲ့သည့် လုပ်ငန်း ၅၅ခုအနက် ၃၂ခုမှာ ရန်ကုန်တိုင်းဒေသကြီးတွင်သာ ပါရှိကြောင်း၊ စက်ရုံအလုပ်ရုံနှင့် နည်းပညာ ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုမှာ အထိုက်အလျောက် အောင်မြင်သော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍအတွက် တိုးချဲ့ရင်းနှီးမြှုပ်နှံသူအားနည်းနေဆဲဖြစ်ကြောင်း Panny Jelly အထည်ချုပ်လုပ်ငန်းရှင်ကိုဝေလင်းမောင်က ပြောကြားသည်။

"ဘဏ်စနစ်တွေမှာလည်း လိုအပ်ချက်တွေ ရှိနေပါသေးတယ်။ ဘဏ်စနစ် သုံးစွဲသူတွေအတွက် အခက်အခဲတွေက အင်တာနက်လိုင်းမကောင်းတာကြောင့် အချိန်မီငွေမထုတ်နိုင်တာ၊ ငွေမလွှဲနိုင်တာတွေရှိသလို ဘဏ်တွေအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှုတွေတောင် လိုအပ်ချက်တွေရှိနေတာ အီလက်ထရွန်နစ် ဘဏ်စနစ်ကလည်း လိုအပ်ချက်တွေ တစ်ပုံကြီးရှိပါတယ်။ ဒါ့အပြင် ရင်းနှီးမြှုပ်နှံမှုအများစုဟာ လွတ်လပ်တဲ့ ဘဏ်လုပ်ငန်းစဉ်တွေကို မျှော်လင့်ကြတာရှိတယ်။ အစိုးရပိုင်းကလည်း ထောက်ပြထားတာတွေ မှန်သင့်သလောက် မှန်ပေမယ့် အများစုသော လုပ်ငန်းရှင်က MFTBဘဏ်ကနေ ငွေတစ်ဆင့်ခံနေတာမျိုးတွေကို စိုးရိမ်ကြတာရှိတယ်။ လိုအပ်ချက်တွေကို ပြင်ဆင်ခဲ့ပြီးပြီဆိုရင်တော့ ပြည်တွင်းစီးပွားရေးဟာ ရွှေကောက်ပွဲကာလ မတိုင်မီ တည်ငြိမ်တဲ့အနေအထားကို ရောက်လာနိုင်တယ်။ ရွှေကောက်ပွဲလွန်ကာလတွေမှာ အခြေအနေစောင့်ကြည့်သူတွေကလည်း စီးပွားရေးအခင်းအကျင်းထဲကို ပိုမိုဝင်ရောက်လာဖွယ်ရှိတာတွေ့ရတယ်။ အဲဒါကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေကလည်း အခြေခံအဆောက်အအုံကောင်းတွေကို နှစ်ဆန်းပိုင်းမှာ ကြိုတင်ပြင်ဆင်ထားဖို့ မျှော်လင့်ပါတယ်" ဟု ကိုဝေလင်းမောင်က ပြောကြားသည်။

**(မြန်မာ့အလင်း)**

# အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် ဒုတိယအကြိမ် ကျွမ်းကျင်သူစကားဝိုင်းဆွေးနွေး

**နေပြည်တော် မတ် ၉**

အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များအား ဆွေးနွေးရန် ဒုတိယအကြိမ် ကျွမ်းကျင်သူစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့မှစတင်၍ ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ်ဟိုတယ်၌ ကျင်းပသည်။

ဒုတိယအကြိမ် ကျွမ်းကျင်သူစကားဝိုင်းဆွေးနွေးပွဲသို့ မြေအသုံးချမှု မူဝါဒသုံးသပ်ရေးအထောက်အကူပြုလုပ်ငန်းအဖွဲ့ဝင်များ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ကိုယ်စားလှယ်များ၊ အငြိမ်းစားကျွမ်းကျင်ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် လူမှုအဖွဲ့အစည်းများမှ ကျွမ်းကျင်သူများ စုစုပေါင်း ၁၁၀ တက်ရောက်ဆွေးနွေးကြသည်။

ဆွေးနွေးပွဲတွင် အမျိုးသားမြေအသုံးချမှုမူဝါဒ(မူကြမ်း)အပေါ် အကြံပြုချက်များအား သရုပ်ခွဲသုံးသပ်၍ အဓိကရလဒ်များကို စုစည်းဆွေးနွေးခဲ့ပြီး ကျန်ရှိနေသည့် အကြံပြုချက်များမှ အဓိကအချက်များအား ဆွေးနွေးခြင်း၊ မူဝါဒ(မူကြမ်း)ပါ အကြောင်းအရာများနှင့် အကြံပြုချက်များအား နှိုင်းယှဉ်သုံးသပ်ခြင်း၊ မူဝါဒ(မူကြမ်း)ပါ အကြောင်းအရာများ ပြင်ဆင်ဖြည့်စွက်မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ကြမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် ကျွမ်းကျင်ပညာရှင်များက မူဝါဒ(မူကြမ်း) အဓိကအချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ကျွမ်းကျင်သူများမှ ခေါင်းစဉ်အလိုက် အုပ်စုငါးစုဖွဲ့၍ ဆွေးနွေးမည်ဖြစ်ပြီး ဒုတိယအကြိမ် ကျွမ်းကျင်သူစကားဝိုင်းဆွေးနွေးပွဲကို မတ် ၁၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တစ်ပြည်လုံးတွင် နေ့အပူချိန်များ တိုးလာနိုင်

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့်အနီး တစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မနက်ဖြန် အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

ပြည်တွင်းသတင်း

# ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်အဆင်ပြေချောမွေ့အောင် စီမံခန့်ခွဲဆောင်ရွက်



**နေပြည်တော် မတ် ၉**

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားတိုးတက်ကောင်းမွန်ရေး ပြုပြင်ပြောင်းလဲမှုလုပ်ငန်း အစီအစဉ်အရ ပြည်ထောင်စုဝန်ကြီး ဌာနများနှင့် ဗဟိုအဖွဲ့အစည်းများမှအရာရှိကြီးများ မွမ်းမံသင်တန်း အမှတ်စဉ် (၁)ဖွင့်ပွဲအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့၌ ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း တက်ရောက် ဖွင့်လှစ်အမှာစကားပြောကြားခဲ့ပြီး ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ၊ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ယခုသင်တန်းသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်နှင့်အညီ ဖွင့်လှစ်သည့်သင်တန်းဖြစ်ပါကြောင်း၊ ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်ရှိသည့် သန့်ရှင်းသော ဝန်ကြီးဌာနများဖြစ်စေရန် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများ၏ဖွဲ့စည်းပုံ မှန်ကန်စေရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး Restructuring and Reengineering လုပ်ဆောင်လျက်ရှိပါကြောင်း၊ ထိုသို့လုပ်ဆောင်ရာတွင် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးအဆင့် သင်တန်းများအပြင် ယခုသင်တန်းသည် ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများကိုပါ နိုင်ငံတော်၏မူဝါဒ၊ လုပ်ငန်းစဉ်များနှင့်အညီ ဝန်ကြီးဌာနက ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေသည့် မူဝါဒနှင့် လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်စေရန်၊ ဌာနတွင်းပြင်ဆင်ဖွဲ့စည်းမှုများ ဆောင်ရွက်ရာတွင်လည်း မိမိတို့ ရည်မှန်းချက်တာဝန်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို အထောက်အကူဖြစ်စေမည့် စုဖွဲ့မှုမှန်ကန်စေရန်၊ လုပ်ငန်းအလိုက်တာဝန်နှင့် လုပ်ပိုင် ခွင့်များခွဲဝေမှု အင်အားဖြန့်ခွဲမှု မှန်ကန်စေရန်၊ ကိုယ်စီတာဝန်ခွဲဝေပြီးသည့်အခါတွင်လည်း မိမိတို့ တာဝန်ရှိသည့် ဌာနအလိုက်၊ လုပ်ငန်းကဏ္ဍအလိုက်၊ တာဝန်ယူပြီး စီမံခန့်ခွဲဖြေရှင်း တတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ဌာနအဖွဲ့အစည်းများအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ထိရောက်အဆင်ပြေချောမွေ့အောင် စီမံခန့်ခွဲဆောင်ရွက်ပေးရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းပြီး လုပ်ငန်းများလျင်မြန်စွာ ချောမွေ့စေရန်လည်း လိုအပ်ပါကြောင်း၊ ယခုသင်တန်းမှ အရာရှိကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ တက်ရောက်လာသည့် အရာရှိသင်တန်းသားများမကြာမီ စကားဝိုင်းဆွေးနွေးပွဲများ ပြုလုပ်ပြီး လက်ရှိဖွဲ့စည်းမှုနှင့် ပြုပြင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးဖော်ထုတ် အဖြေရှာသည့် အစီအစဉ်ကိုလည်း သင်တန်းကာလအတွင်း ထည့်သွင်းထားပါကြောင်း၊ ဌာနအလိုက် လုပ်ငန်းတာဝန် များပြားသည့်ကြားမှ လုပ်ငန်းတာဝန် မပျက်စေဘဲ ညနေပိုင်းသင်တန်းကို ဖွင့်လှစ်ခြင်းဖြစ်သည့်အတွက် သင်တန်းကာလအတွင်း ဟောပြောပို့ချမှုများအပြင် အပြန်အလှန် ညှိနှိုင်းဆွေးနွေးမှုများဖြင့် အုပ်ချုပ်ရေးယန္တရား တိုးတက်ကောင်းမွန် စေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ပုံ)**

အရာရှိကြီးများမွမ်းမံသင်တန်း အမှတ်စဉ်(၁)ကို မတ် ၉ ရက်မှ ဧပြီ ၁ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ဗဟိုအဖွဲ့အစည်းများ/ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးအဆင့် အရာရှိကြီးများ စုစုပေါင်း ၇၃ ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့ မေတ္တာရပ်ခံပန်ကြားချက်

**၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်**

၁။ အမျိုးသားပညာရေးဥပဒေအား ပြန်လည်ပြင်ဆင်ရေးဆွဲနိုင်ရေးအတွက် အစိုးရ၊ လွှတ်တော်၊ ကျောင်းသားနှင့် NNER တို့ ပါဝင်၍ ကြားနာဆွေးနွေးရန်အစီအစဉ်များ ချမှတ်ဆောင်ရွက်နေကြောင်း ကြားသိရပါသည်။

၂။ လက်ပံတန်းအခြေပြု ကျောင်းသားအချို့ပါဝင်သည့် သပိတ်အစုအဖွဲ့မှ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်မည်ဟု သတင်းများကြားသိရသဖြင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုရမည့်ကာလနှင့် တိုက်ဆိုင်နေသောကြောင့် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများ၊ ၎င်းတို့၏ မိဘများအနေဖြင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားသွားမည်ကို အထူးစိုးရိမ်နေကြကြောင်း ကြားသိရပါသည်။

၃။ နိုင်ငံတော်မှလည်း သတင်းထုတ်ပြန်ရေးအဖွဲ့၊ သတင်းထုတ်ပြန်ချက် (၄/၂၀၁၅)နှင့် (၅/၂၀၁၅) တို့ဖြင့် ရန်ကုန်မြို့အတွင်းသို့ ဆက်လက်မဝင်ရောက်ကြပါရန်နှင့် ဆန္ဒပြမှုများ ရပ်ဆိုင်းကြပါရန် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ စိုးရိမ်ပူပန်နေကြသော မိဘပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ဆက်လက်ဆန္ဒပြမှုကိုရပ်ဆိုင်း၍ သက်ဆိုင်ရာ မိဘဆွေမျိုးများထံ အေးချမ်းစွာ ပြန်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး စစ်မှုထမ်းဟောင်းအဖွဲ့**

# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ၏ မေတ္တာရပ်ခံပန်ကြားချက်

**၂၀၁၅ ခုနှစ်၊ မတ်လ ၉ ရက်**

၁။ အမျိုးသားပညာရေးဥပဒေ ပြန်လည်ပြင်ဆင်ပြဌာန်းနိုင်ရေးအတွက် နိုင်ငံတော်မှ ထိထိရောက်ရောက် အရေးတယူ ဆောင်ရွက်ပေးနေကြောင်း ရဟန်းရှင်လူ ပြည်သူအများက ဝမ်းမြောက်ဝမ်းသာ စောင့်ကြည့်နေကြပါသည်။

၂။ သို့ရာတွင် ကျောင်းသားအချို့ပါဝင်သည့် အစုအဖွဲ့သည် လက်ပံတန်းမြို့တွင် သပိတ်မှောက်ဆန္ဒပြနေရာမှ ရန်ကုန်မြို့သို့ ဆက်လက်ချီတက်မည်ဟူသော သတင်းများကို ကြားသိရပါသည်။

၃။ ယခုအချိန်သည် တက္ကသိုလ်ဝင်တန်းစာမေးပွဲများဖြေဆိုရတော့မည့် သားသမီးများအတွက် အထူးအရေးကြီးသည့် အချိန်ကာလပင် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ သပိတ်မှောက် ဆန္ဒပြကျောင်းသားများအနေဖြင့် ဆက်လက်ချီတက်ခြင်းမပြုဘဲ မိဘဆွေမျိုးများရင်ခွင်သို့အေးချမ်းစွာ ပြန်ကြပါရန် မေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့**


# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ၊ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် နိုင်ငံခြားခရီးသွားလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက် ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများ လျှော့ချဝန်ဆောင်မှုပေးမည်

မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစတင်၍ ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေခဲ့ပြီးနောက် ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ သုတရသဆိုင်ရာ စာအုပ်ကြော်ငြာများ၊ ဌာနဆိုင်ရာကြော်ငြာများ၊ လူမှုရေးကြော်ငြာများ၊ စီးပွားရေးကြော်ငြာများအပေါ် ကြော်ငြာခနှုန်းထားများကို လျှော့ချဝန်ဆောင်မှုပေးခဲ့ပါသည်။

ယခုအခါ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာမှုအရလည်းကောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရန်အတွက်လည်းကောင်း နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ကုန်အမှတ်တံဆိပ်ကြော်ငြာနှင့် မူပိုင်ခွင့်ကြော်ငြာ၊ ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများကိုလည်း ၁-၄-၂၀၁၅ ရက်နေ့မှစတင်၍ အောက်ပါအတိုင်း ပြောင်းလဲလျှော့ချဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်။

| စဉ် | ကြော်ငြာအမျိုးအစား | ရောင်စုံကြော်ငြာ | | အဖြူ/အမည်း | |
|---|---|---|---|---|---|
| | | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ | လက်ရှိနှုန်းထား ၁"×၁ ကော်လံ | လျှော့ချမည့်နှုန်းထား ၁"×၁ ကော်လံ |
| ၁။ | နိုင်ငံခြားကုန်ပစ္စည်းကြော်ငြာ၊ ပြည်ပလေကြောင်းလိုင်းကြော်ငြာ၊ ပြည်ပဟိုတယ်ကြော်ငြာ | USD 50 | ၃၀၀၀၀/- | USD 50 | ၃၀၀၀၀/- |
| ၂။ | ကုန်အမှတ်တံဆိပ်/မူပိုင်ခွင့်နှင့်ပတ်သက်သော ကြော်ငြာ | USD 100 | ၅၀၀၀၀/- | USD 100 | ၅၀၀၀၀/- |
| ၃။ | ပြည်တွင်းလေကြောင်းလိုင်း၊ နိုင်ငံသားပိုင်ဟိုတယ်၊ နိုင်ငံခြားခရီးသွားကြော်ငြာများ | ၂၀၀၀၀/- | ၁၅၀၀၀/- | ၁၇၀၀၀/- | ၁၃၀၀၀/- |

ပြည်တွင်းသတင်း

# လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရာတွင် အခြေခံမည့်မူဘောင်နှင့်ပတ်သက်၍ အချက်အလက်များပေါင်းစပ်ညှိနှိုင်းဆွေးနွေး



**နေပြည်တော် မတ် ၉**

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် တင်သွင်းမည့် မြန်မာနိုင်ငံ၏ အမျိုးသားအစီရင်ခံစာရေးသားပြုစုနိုင်ရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံလူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးဦးစီးကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မတ် ၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေး၌ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ဦးစီးကော်မတီဒုတိယဥက္ကဋ္ဌများ၊ လုပ်ငန်းကော်မတီ၊ စာတမ်းပြုစုရေးကော်မတီ၊ အဖွဲ့အစည်းများနှင့် ဆက်ဆံရေးကော်မတီတို့မှ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာပြုစုရာတွင် အခြေခံမည့်မူဘောင်(Framework)နှင့်ပတ်သက်၍ အချက်အလက်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသော သက်ဆိုင်ရာကော်မတီအသီးသီးမှ အဖွဲ့ဝင်များက အစီရင်ခံစာပြုစုရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးအကြံပြုတင်ပြခဲ့ကြသည်။

**(သတင်းစဉ်)**

# အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ အငြင်းပွားမှုဖြစ်ပွားခဲ့သည့် စက်ရုံများမှ အလုပ်သမားများ အေးချမ်းစွာ လုပ်ငန်းခွင်ဝင်ရောက် လုပ်ကိုင်လျက်ရှိ

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်ရှိ အငြင်းပွားမှုဖြစ်ပွားခဲ့သည့် Costec အထည်ချုပ်စက်ရုံ၊ ကျောက်နီအထည်ချုပ်စက်ရုံ၊ Ford Glory အထည်ချုပ်စက်ရုံနှင့် E-Land Myanmar အထည်ချုပ်စက်ရုံတို့မှ အလုပ်သမားများ လုပ်ငန်းခွင်အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အလုပ်ရှင်နှင့် အလုပ်သမားတို့အား အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာ ညှိနှိုင်းဆွေးနွေးရေးအဖွဲ့တို့မှ အကြိမ်ကြိမ် ညှိနှိုင်းဆွေးနွေးပေးခဲ့သဖြင့် သဘောတူညီမှုရရှိ၍ မတ် ၉ ရက်တွင် Costec အထည်ချုပ်စက်ရုံ၌ အလုပ်သမား ၁၂၂၆ ဦးရှိသည့်အနက် ၉၄၉ ဦး လုပ်ငန်းခွင်ဝင်ရောက်လျက်ရှိ၍ ၇၇ ရာခိုင်နှုန်း၊ ကျောက်နီအထည်ချုပ်စက်ရုံ၌ အလုပ်သမား ၉၁၆ ဦးရှိသည့်အနက် ၈၄၅ ဦး လုပ်ငန်းခွင်ဝင်ရောက်ခဲ့၍ ၉၂ ဒသမ ၂ ရာခိုင်နှုန်း၊ Ford Glory အထည်ချုပ်စက်ရုံတွင် အလုပ်သမား ၆၁၁ ဦးရှိပြီး မတ် ၆ ရက်တွင် ၄၀၃ ဦး လုပ်ငန်းခွင်ဝင်ရောက်ခဲ့၍ ၆၀ ရာခိုင်နှုန်း၊ E-Land Myanmar အထည်ချုပ်စက်ရုံ၌ အလုပ်သမား ၁၀၅၀ ဦးရှိသည့်အနက် ၉၃၂ ဦးလုပ်ငန်းခွင်ဝင်ရောက်ခဲ့၍ ၉၁ ဒသမ ၇ ရာခိုင်နှုန်း အသီးသီးလုပ်ငန်းခွင်၌ အေးချမ်းစွာ ဝင်ရောက်လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မုဒုံမြို့နယ်စာဖြေဌာနလေးခု၌ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည်

**မုဒုံ မတ် ၉**

ယခုမတ် ၁၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် စတင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် မွန်ပြည်နယ် မုဒုံမြို့နယ် အထက်တန်းကျောင်းအမှတ် (၁)၊(၂)၊(၃) နှင့် ကမာဝတ်အထက်တန်းကျောင်းအပါအဝင် စာဖြေဌာနလေးခု သတ်မှတ်ထားပြီး ဖြေဆိုရန် စာရင်းပေးသွင်းထားသူ ၁၉၀၅ ဦးရှိကြောင်းနှင့် ကျောင်းသားကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဝင်ရောက်ဖြေဆိုနိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ပညာရေးမှူးတို့ ဦးဆောင်ကာ ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များ၊ မြို့နယ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းဝင်များက အစစအရာရာ ကူညီပံ့ပိုးပေးသွားရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုချစ်(မုဒုံ)**

# ဂရိနိုင်ငံမှ Aegean Odyssey ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘော ရန်ကုန်ဆိပ်ကမ်းမှ မလေးရှားနိုင်ငံ ပီနန်သို့ထွက်ခွာ

**ရန်ကုန် မတ် ၉**

ဂရိနိုင်ငံမှ Aegean Odyssey ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောသည် ရန်ကုန် ဗိုလ်အောင်ကျော် ဆိပ်ကမ်းသို့ မတ် ၇ ရက် ညနေ ၄ နာရီခွဲတွင် ဆိုက်ကပ်ပြီးနောက် ခရီးသည်များ ရန်ကုန်၊ ပုဂံ၊ ပဲခူးမြို့များသို့ လည်ပတ်ပြီး မတ် ၉ ရက်ညနေ ၃ နာရီတွင် မလေးရှားနိုင်ငံ ပီနန်သို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ သင်္ဘောတွင် ခရီးသွားနှင့် သင်္ဘောလုပ်သား ၂၆၃ ဦးပါဝင်ပြီး ၎င်းတို့ထဲမှ ခရီးသည် ၁၃၃ ဦးသည် မတ် ၈ ရက်တွင် ရန်ကုန်-ပဲခူး နေ့ချင်းပြန်ခရီးသွားရောက်ခဲ့ပြီး ၅၃ ဦးသည် ပုဂံသို့ နေ့ချင်းပြန်ခရီးဖြင့် လည်းကောင်း၊ ၃၅ ဦးသည် ပုဂံ-ရန်ကုန် ညအိပ်ခရီးစဉ်ဖြင့် လည်းကောင်း၊ ရန်ကုန်မြို့တွင်း ခရီးစဉ်ကို ၂၁၄ ဦးသည် ရန်ကုန်မြို့တွင်းနှင့် ရွှေတိဂုံဘုရားသို့ လည်းကောင်း လည်ပတ်ခဲ့ကြသည်။

ခရီးသည်များသည် ဩစတြေးလျနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ပိုလန်၊ ရိုမေးနီးယား၊ ဆွီဒင်နှင့် အမေရိကန်နိုင်ငံတို့မှဖြစ်ကြပြီး ထိုင်းနိုင်ငံ ဖူးခတ်ဆိပ်ကမ်းမှတစ်ဆင့် မြန်မာနိုင်ငံသို့ မတ် ၇ ရက် ညနေတွင် ရောက်ရှိခြင်းဖြစ်သည်။ မတ် ၉ ရက် ညနေ ၃ နာရီတွင် မလေးရှားနိုင်ငံ ပီနန်သို့ ပြန်လည်ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းမှ ဦးအောင်ကျော်က ပြောသည်။

**(သန့်ဇင်ဝင်း)**

# တက္ကသိုလ်ဝင်စာမေးပွဲ ကြီးကြပ်ရေးမှူးများ အစည်းအဝေးကျင်းပ

**နတ်မောက် မတ် ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ၂၀၁၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရာတွင် ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ရမည့် ထက်-လယ်-မူ ဆရာ ဆရာမများအား မတ် ၉ ရက် နံနက် ၉ နာရီက နတ်မောက်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။ အဆိုပါအစည်းအဝေးတွင် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ကျော်က ထက်-လယ်-မူ ဆရာဆရာမများကို ၂၀၁၅ ခုနှစ် မတ် ၁၁ ရက်တွင်ကျင်းပမည့် တက္ကသိုလ်ဝင်စာမေးပွဲ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် နတ်မောက်မြို့နယ်တွင် စာစစ်ဌာနငါးခုရှိ၍ ဆရာ ဆရာမ ၃၈၀ ရှိပြီး ကျောင်းသား ကျောင်းသူ ၂၉၉၉ ဦးဖြေဆိုမည်ဖြစ်ကြောင်း သိရသည်။

**လှဝင်း**

# တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့်သူများအတွက် စာမေးပွဲဖြေဆိုရာတွင် သတိပြုသင့်သည့်အချက်များ

တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရန် ရက်အနည်းငယ်သာ လိုပါတော့သည်။ ယခုအချိန်တွင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများကို ကျေညက်စွာလေ့လာကြပြီး ဖြစ်ပါလိမ့်မည်။ စာမေးပွဲအတွက် ကောင်းစွာပြင်ဆင်ထားကြပြီးဖြစ်ကြပါသည်။ ကျောင်းသားကျောင်းသူများနည်းတူ မိဘများကလည်း မိမိတို့သားသမီးများ စာမေးပွဲကို ကောင်းစွာဖြေဆိုနိုင်ရန် ဆန္ဒပြင်းပြစွာဖြင့် ပြင်ဆင်ကူညီ အားပေးနေရသော အချိန်ဖြစ်ပါသည်။

ယခုလို အချိန်အခါတွင် ကျောင်းသား ကျောင်းသူများသည် နေ့ရော၊ ညပါ စာကြည့်နေကြပြီဖြစ်ပါသည်။ ယခုလို စာမေးပွဲရာသီတွင် ကျောင်းသားကျောင်းသူများကို အဓိကအနှောင့်အယှက်ပေးသည့်အရာများမှာ အသံချဲ့စက်များ၊ ဈေး၊ ပွဲလမ်းသဘင်များမှ ဆူညံသံများဖြစ်ပါသည်။ ထိုအရာများသည် စာကြည့်နေသူများကို များစွာနှောင့်ယှက်မှုဖြစ်စေပါသည်။ ယခင်အချိန်က အရေးမကြီးသော်လည်း ယခုအချိန်တွင် ကျောင်းသား ကျောင်းသူတို့၏ စိတ်သည် စာမေးပွဲဖြေဆိုနိုင်ရန် စိတ်ဆန္ဒစောနေသည့်အချိန်ဖြစ်၍ သတိထားသင့်ပါသည်။

နောက်တစ်ခုမှာ မိသားစုတွင်းပြဿနာများကို ယခုလိုအချိန်မျိုးတွင် စာမေးပွဲဖြေဆိုမည့်သူများကို အနှောင့်အယှက်မဖြစ်စေရန် သတိပြုသင့်ပါသည်။ အရေးကြီးဆုံးအချက်မှာ ရန်ကုန်မြို့ဧရိယာအတွင်း ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများသည် စာမေးပွဲဖြေဆိုရမည့် စာစစ်ဌာနသို့ အချိန်မီရောက်ရှိရေး ဖြစ်ပါသည်။ ရန်ကုန်မြို့၏ ကားလမ်းပိတ်ဆို့မှုဖြစ်နေချိန်တွင် ယာဉ်ထိန်းရဲအဖွဲ့ တစ်ခုတည်းနှင့် ဖြေရှင်း၍မရနိုင်ပါ။ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအဖွဲ့များပါ ပူးပေါင်းပြီး ဆောင်ရွက်ပေးသင့်ပါသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများကလည်း မိမိတို့ဖြေဆိုရမည့် စာစစ်ဌာနစာမေးပွဲခန်းသို့ အချိန်မီရောက်ရှိနိုင်ရန် အိမ်မှကြိုတင်ထွက်သင့်ပါသည်။

ယခုအချိန်သည် ရာသီဥတုပူပြင်းလာသည့်အချိန်ဖြစ်သဖြင့် စာမေးပွဲမဖြေမီနှင့် ဖြေဆိုနေချိန်တွင် ကျန်းမာရေးကို အထူးဂရုစိုက်ရန် လိုအပ်ပါသည်။ စာမေးပွဲမတိုင်မီ ကြိုးစားခဲ့သမျှအားလုံးသည် စာမေးပွဲဖြေခါနီးမှ ကျန်းမာရေးမကောင်းခဲ့ပါက ကြိုးစားခဲ့သမျှ အချည်းအနှီးဖြစ်နိုင်ပါသည်။ ထို့ကြောင့် ကျန်းမာရေးကို ဂရုစိုက်ရပါမည်။

ထို့ကြောင့် ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဝင်ရောက်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် အောက်ဖော်ပြပါ သတိပြုရမည့် အချက်များကို ရေးသားလိုက်ရပါသည်-

(၁) စာမေးပွဲကာလအတွင်း တစ်ညလုံးနီးပါး အိပ်ပျက်ခံ စာမကြည့်သင့်ပါ။ နောက်နေ့ စာမေးပွဲဖြေချိန်တွင် စိတ်မကြည်လင်ဖြစ်ပြီး သင်ခန်းစာများ မေ့တတ်ပါသည်။

(၂) မေးခွန်းကို အစမှ အဆုံးအထိ သေချာစွာဖတ်ပါ။ မေးခွန်းတစ်ပုဒ်လျှင် မေးထားသည့်အရာများ တစ်ခုမက ရှိတတ်ပါသည်။ ထိုမေးခွန်းများကို ဖြေဆိုဖို့မကျန်ခဲ့ရန် သတိပြုပါ။

(၃) စာမေးပွဲဖြေဆိုရာတွင် လက်ရေးပီပီသသရေးသင့်ပါသည်။ သန့်ရှင်းသပ်ရပ်စွာ ဖြေဆိုသင့်ပါသည်။

(၄) လိုအပ်သည့် နေရာများတွင် ပုံများဆွဲသားဖြေဆိုသင့်ပါသည်။ ပုံဆွဲရာတွင် ပုံတွင်ပါသည့်အချက်များကို မြားတပ်၍ဖော်ပြရန် မမေ့သင့်ပါ။

(၅) ပုစ္ဆာများတွက်ချက်ရာတွင် Unit များတူညီရန်သတိပြုရပါမည်။ အထူးသဖြင့် ရူပဗေဒမေးခွန်းဖြေဆိုရာတွင် (CGS) စနစ်နှင့် (MKS ) စနစ်တို့ကို သေချာစွာ ဂရုပြုရပါမည်။ ထို့အပြင် လော့ဂရစ်သမ်ကြည့်ရာတွင် သေချာအောင် ထပ်မံစစ်ဆေးသင့်ပါသည်။

(၆) True/ False နှင့် Fill in the blanks များကို ဖြေဆိုရာတွင် အချိန်ကြာမြင့်စွာ စဉ်းစားနေပါက နောက်ပိုင်းပုစ္ဆာများအတွက် အချိန်မလောက်ဖြစ်တတ်ပါသည်။ စာမေးပွဲဖြေဆိုချိန်သည် သုံးနာရီသာရှိသည်ကို ဂရုပြုသင့်ပါသည်။

(၇) စာမေးပွဲမေးခွန်းပါ ပုစ္ဆာများကို ဖြေဆိုရာတွင် မေးခွန်းနံပါတ်ကို သေချာစွာ တပ်သင့်ပါသည်။ မေးခွန်း (a) နှင့် (b) တို့ကိုလည်း သေချာစွာ ရေးရပါမည်။ ဖြေဆိုရမည့် မေးခွန်းအရေအတွက်ထက်ပို၍ မဖြေသင့်ပါ။

(၈) Definition များ၊ Law များဖြေဆိုရာတွင် ပြဋ္ဌာန်းစာအုပ်ပါအတိုင်း ရေးသားဖြေဆိုရပါမည်။ စာလုံးပေါင်းမမှားရန်နှင့် အရေးကြီးစာလုံးများ မကျန်စေရန် သတိပြုရပါမည်။ လိုအပ်သည့် ညီမျှခြင်းများ ရေးသားပေးရပါမည်။ ပုစ္ဆာများ တွက်ချက်ရာတွင် အဆင့်ကျော်၍ တွက်ချက်ခြင်းမပြုသင့်ပါ။ လိုအပ်သည့်နေရာတွင် ပုံဆွဲ၍ တွက်ပြသင့်ပါသည်။

(၉) ပေးထားသည့် ဖြေဆိုချိန်အတွင်း ဖြေဆိုရမည့် မေးခွန်းအားလုံးကို ဖြေဆိုနိုင်ရန် သတိပြုပါ။ ဖြေဆိုချိန်ပြည့်ခါနီးတွင် မိမိအဖြေလွှာကို သေချာစွာ ထပ်မံစစ်ဆေးပါ။

အထက်ပါ အချက်များသည် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ သတိပြုရမည့် အချက်များ ဖြစ်ပါသည်။ မကြာမီဖြေဆိုကြရတော့မည့် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးကို ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ဖြေဆိုနိုင်ကြပြီး ဂုဏ်ထူးများဖြင့် အောင်မြင်နိုင်စေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒေါက်တာသန့်စင်(ရူပဗေဒ)**

ပြည်တွင်းသတင်း




# လောက်ကိုင်ဒေသ တိုက်ပွဲရှောင် ပြည်သူများအတွက် အလှူငွေပေးအပ်

**နေပြည်တော် မတ် ၉**

လောက်ကိုင်ဒေသ တိုက်ပွဲရှောင် ပြည်သူများအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို မတ် ၉ ရက် နံနက် ၁၀ နာရီတွင်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ နေပြည်တော်မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းဆွေက အလှူရှင်အားလုံးကိုယ်စား လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် နေပြည်တော် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ငွေကျပ် သိန်း ၂၀၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)ဇီးပင်ကြီး အလယ်အလတ်အဆင့်(အရာထမ်း) စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၅၄) သင်တန်းသား/သင်တန်းသူများက ငွေကျပ် နှစ်သိန်း၊ ဦးကျော်ကျော်စိုး ဒုတိယညွှန်ကြားရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ငွေကျပ်တစ်သိန်း၊ လားရှိုးမြို့နှင့် ရန်ကုန်မြို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနရုံးများသို့ လာရောက်လှူဒါန်းသည့် ငွေကျပ် ၃၆ ဒသမ ၉ သိန်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ နိုင်ငံအတွက် စွန့်လွှတ်စွန့်စား တာဝန်ထမ်းဆောင်သည့် တပ်မတော်သားများအတွက် သိန်း ၃၀ စုစုပေါင်း ငွေကျပ် ၈၉ ဒသမ ၉ သိန်းနှင့် အသုံးအဆောင်ပစ္စည်းများကို အလှူရှင်များက ပေးအပ်ရာ ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် နိုင်ငံတော်ဘတ်ဂျက်ဖြင့် ထောက်ပံ့မှုပေးနေသလို ပြည်သူလူထုများမှလှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများကို လက်ခံရယူပြီး ဘေးဒုက္ခသည်များထံသို့ ဆက်လက် ထောက်ပံ့ပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့အချိန်အထိ နိုင်ငံတော်ဘတ်ဂျက်ခွင့်ပြုငွေဖြင့် ငွေသားနှင့် ပစ္စည်းထောက်ပံ့မှု စုစုပေါင်း ငွေကျပ် ၈၇၁ ဒသမ ၄၄ သိန်းကို ထောက်ပံ့ပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်ပြီး လိုအပ်သည့်နေရာများတွင် ထောက်ပံ့သွားရန် အဆင်သင့်ပြင်ဆင်ထားပြီး ဖြစ်ပါကြောင်း၊ ယခုလို စာနာစိတ်အပြည့်အဝဖြင့် အလှူငွေများကို လာရောက်လှူဒါန်းခြင်းအတွက် သက်ဆိုင်သူ စေတနာရှင်များအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းရရှိပြီး အလှူငွေများနှင့် ပစ္စည်းများကို လောက်ကိုင်ဒေသပြန်လည်ထူထောင်ရေးအတွက် အုပ်ချုပ်မှုအထောက်အကူပြုကော်မတီမှတစ်ဆင့် ပြည်သူများထံ အမြန်ဆုံးရောက်ရှိအောင် ဆက်လက်ပေးပို့ထောက်ပံ့သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

**(သတင်းစဉ်)**

# လောက်ကိုင်ဒေသ တိုက်ပွဲဖြစ်ပွားသည့် နေရာပြပုံ




☆ *ကျောဖုံးမှ*

အထက်ပါ တိုက်ပွဲဖြစ်စဉ်တွင် တပ်မတော်မှ အရာရှိ၊ စစ်သည် ခုနစ်ဦး တိုင်းပြည်အတွက် အသက်ပေးလှူခဲ့ကာ အရာရှိ စစ်သည် ၅၁ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။ ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား တပ်မတော်ဆေးရုံများသို့ ပို့ဆောင်၍ ဆေးကုသမှုခံယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကိုးကန့်သောင်းကျန်းသူများ အနေဖြင့် လုံထန်ကျေးရွာအနီးရှိ ပွိုင့်-၁၇၅၃ တောင်ကုန်း အပါအဝင် ၎င်းမှ နှစ်နိုင်ငံနယ်နိမိတ်မှတ်တိုင်အမှတ် (၁၄၁)အတွင်း တောင်ကုန်းများတွင် အင်အားစုများဖြန့်ခွဲ၍ အခိုင်အမာ အခြေပြုကာ လောက်ကိုင်-ချင်းရွှေဟော်ကားလမ်းကြောင်း တစ်လျှောက် သွားလာလျက်ရှိသော ဒေသခံပြည်သူများနှင့် တပ်မတော်ယာဉ်တန်းများအား မကြာခဏနှောင့်ယှက်ပစ်ခတ် တိုက်ခိုက်မှုများ ဆောင်ရွက်လျက်ရှိပြီး ဖေဖော်ဝါရီလအတွင်း စစ်ဘက်နှင့် မသက်ဆိုင်သော ကြက်ခြေနီအလံလွှင့်ထူ၍ ကြက်ခြေနီအဖွဲ့များ လိုက်ပါလာသည့် ယာဉ်တန်း၊ သတင်းမီဒီယာများ လိုက်ပါလာသည့် ယာဉ်တန်း၊ ဌာနဆိုင်ရာဝန်ထမ်းများ လိုက်ပါလာသည့် ယာဉ်တန်းတို့ကို ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း သိရှိရသည်။

**(မြဝတီ)**

**ရွှေ့ပြောင်းသွားလာ အလုပ်လုပ်ကိုင်ရာ ကြိုတင်လေ့လာ ဘေးကင်းကွာ**

# လှိုက်လှဲစွာကျေးဇူးတင်ရှိခြင်း

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်မြို့နှင့် ကုန်းကြမ်းမြို့နယ်များတွင် နိုင်ငံတော်လုံခြုံရေးအတွက် တိုက်ပွဲဝင်ခဲ့ကြပြီး အသက်နှင့်ကိုယ်လက်အင်္ဂါများ စွန့်လွှတ်ခဲ့ကြသည့် စစ်သည်များနှင့်ရဲမေများအား ဂုဏ်ပြုသောအားဖြင့် ကူညီထောက်ပံ့နိုင်ရေးရန်ပုံငွေ အနုပညာပဒေသာကပွဲကို ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ၂၀၁၅ ခုနှစ် မတ် ၆ရက် နှင့် ၇ရက်တို့တွင် တင်ဆက်ကပြခဲ့ပါသည်။

အနုပညာပဒေသာကပွဲကြီးအား အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပါသဖြင့် လှိုက်လှဲဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ထိုသို့ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မြန်မာပြည်တစ်နံတစ်လျားမှ လူကိုယ်တိုင်ဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း အလှူငွေများ ပေးအပ်ခဲ့ပါသော မိဘပြည်သူများအား ကျေးဇူးအထူးတင်ရှိအပ်ပါသည်။

ထို့အတူအနုပညာပဒေသာကပွဲ၌ အနုပညာစွမ်းအားများဖြင့် ဝိုင်းဝန်းကူညီပေးခဲ့ပါသော အနုပညာဦးစီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်ဝန်ထမ်းများအားလည်းကောင်း၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)မှ တာဝန်ရှိသူများနှင့်ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ များလူခပ်သိမ်းငြိမ်းချမ်းစေဖို့ ပြဇာတ်တွင် ဦးဆောင်ခဲ့ကြသော သဘင်ပညာရှင် ဦးနန်းဝင်း၊ ဒါရိုက်တာအကယ်ဒမီ မောင်ငြိမ်းမင်းနှင့် ပါဝင်ကူညီခဲ့ကြသော အနုပညာရှင်များအားလည်းကောင်း၊ စစ်တီးဝိုင်းဖြင့် ပါဝင်ကူညီခဲ့ပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ်အားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးခဲ့ပါသော ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးမှ အနုပညာရှင်များနှင့် တာဝန်ရှိသူများအားလည်းကောင်း၊ နှစ်ပါးသွားဖြင့် ကပြဖျော်ဖြေပေးပါသော မင်းသားစွမ်းဇာနည် ဇာတ်သဘင်အဖွဲ့အားလည်းကောင်း၊ တေးသံသာများဖြင့် ပါဝင်သီဆို တင်ဆက်ခဲ့ပါသော အလင်္ကာဝတ်ရည် မြန်မာ့တေးဂီတအဖွဲ့ ဦးမောင်မောင်အေး(အမျိုးသားစာပေဆုရ၊ ကဗျာ ဆရာ မောင်ဟေမာ)နှင့် တေးသီချင်းများအား မေတ္တာဖြင့် ကူညီသီဆိုပေးခဲ့ပါသော အဆိုတော်ဒေါ်တင်တင်မြ၊ ဒေါ်ချိုပြုံးနှင့် ခေတ်ဟောင်း၊ ခေတ်လယ်၊ မျိုးဆက်သစ်အနုပညာရှင်များအားလည်းကောင်း၊ အနုပညာပဒေသာကပွဲအတွက် အဘက်ဘက်မှ ပံ့ပိုးကူညီပေးခဲ့သူ စေတနာရှင် မိတ်ဆွေအားလုံးအားလည်းကောင်း၊ တိုင်းပြည်နှင့်ပြည်သူလူထုအပေါ် အစဉ်အမြဲသစ္စာစောင့်သိ၊ အစဉ်အမြဲကာကွယ်လိုစိတ်ဖြင့် ပါဝင်ကူညီကြသော တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများနှင့် မိသားစုများအားလည်းကောင်း၊ တပ်မတော်သားများနှင့် ၎င်းတို့၏မိသားစုများကိုယ်စား ဒသမညီနောင်အဖွဲ့က လှိုက်လှဲစွာကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**ဒသမညီနောင်အဖွဲ့**

**[စစ်တက္ကသိုလ်အမှတ်စဉ်(၁၀) အငြိမ်းစား အရာရှိများ]**

# ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီး မီးလောင်



**နေပြည်တော် မတ် ၉**

နေပြည်တော် ဇေယျာသီရိမြို့နယ် မြစိမ်းတောင်အနီး တပ်ကုန်း-ကင်းသာလမ်းခွဲနှင့် ခုတင်(၃၀၀)စစ်ဆေးရုံ ကွန်ကရစ်လမ်းမပေါ်ရှိ မိုင်တိုင် (၂/၃)ကြား၌ ယနေ့ ညနေ ၄ နာရီခွဲက ပိုင်ရှင်မဲ့ဆိုင်ကယ်တစ်စီး မီးလောင်မှုဖြစ်ပွားသည်။

အခင်းဖြစ်ပွားရာနေရာသို့ မြေပုံထုတ်လုပ်ရေး အင်ဂျင်နီယာတပ်မှ တပ်ဖွဲ့ဝင်များက သွားရောက်၍ မီးများငြိမ်းသတ်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုအတွက် သက်ဆိုင်ရာတာဝန်ရှိသူများက ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုမျိုး(ရွှေပေါက်ကံ)**

ပြည်တွင်းသတင်း

# မန်းရွှေမြို့တော်ခရီးသည်တင်ယာဉ်က လိုက်ထရပ်ယာဉ်ကိုတိုက်မိ၍ ကိုရင်ငါးပါးပျံလွန်

**နေပြည်တော် မတ် ၉**

တပ်ကုန်းမြို့နယ် ဘုရားတောင်အမြန်လမ်းမကြီး ရဲစခန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် (၂၄၁/ ၁ )နှင့် (၂၄၁/၂ )ကြား၌ ယနေ့နံနက် ၆ နာရီခွဲခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်မှ မန္တလေးသို့ ယာဉ်မောင်း မင်းအောင်ကျော်မြင့် (၃၈ နှစ်) (ရပ်ကွက်ကြီး (၇) အောင်ရတနာရပ်ကွက် ပြင်ဦးလွင်မြို့နေသူ) မောင်းနှင်သော 9E/ ---- မန်းရွှေမြို့တော် မော်လမြိုင်-မန္တလေးယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်(လိုင်စင်စိစစ်ဆဲ)မှာ အရှိန်မထိန်းနိုင်ဘဲ ယင်း၏ရှေ့မှ ယာဉ်မောင်း ဦးနန္ဒဝံသ သက်တော် (၅၀ နှစ်)ရွှေတောင်ပရိယတ္တိစာသင်တိုက်၊ ပဲခူးမြို့နေသူ မောင်းနှင်သော 8G/---- လိုက်ထရပ်အဖြူရောင်ယာဉ်၏ နောက်ပိုင်းကို တိုက်မိရာ မန်းရွှေမြို့တော်ယာဉ်မှာ လမ်းမပေါ်၌ ရပ်တန့်သွားခဲ့ပြီး ယာဉ်ပေါ်တွင်ပါရှိသည့် ခရီးသည်များထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း၊ အတိုက်ခံရသည့် လိုက်ထရပ်ယာဉ်သည် လမ်းပေါ်၌ နှစ်ပတ်ခန့်လိမ့်ကာ လမ်း၏ယာဘက် မြေသားလမ်းပေါ်သို့ ကားခေါင်းပိုင်းနှင့် ကားအောက်ပိုင်းဖရိုန်တို့ ရောက်ရှိသွားပြီး ကိုယ်ထည်သည် ပြုတ်ထွက်ကာ တစ်ဖက်ယာဉ်ကြောသို့ ကျရောက်တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်ပါ ကိုရင် ငါးပါး အခင်းဖြစ်ပွားရာနေရာ၌ ပျံလွန်ခဲ့ပြီး ဦးပဥ္စင်းနှစ်ပါး၊





ကိုရင် ၁၃ပါး နှင့် အမျိုးသားလေးဦးတို့ ဒဏ်ရာရရှိခဲ့သည်။

မန်းရွှေမြို့တော် Express မှ ဒုတိယယာဉ်မောင်း ကိုဝင်းနိုင်က "ကျွန်တော် အခင်းဖြစ်ပွားရာမှာ ကြားတာကတော့ သူတို့ကားလေးက ရေဆူတယ်၊ ရေဆူတော့ လမ်းဘေးထိုးရပ်တယ်၊ ပြန်ထွက်တော့ အမြန်လမ်းပေါ်မကြည့်ဘဲ ထွက်လိုက်တယ်၊ ထွက်လိုက်တဲ့အချိန်နဲ့ ကျွန်တော်တို့ကားကြီးက အရှိန်နဲ့ဆင်းလာတာ၊ သူတို့ကား ထိုးတက်လာတဲ့အတွက် ကားကြီးက ဟိုဘက်လည်းချလို့မရ ဒီဘက်လည်းချလို့မရဖြစ်ပြီး တိုက်မိတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်းက အခင်းဖြစ်ချိန်တွင် မြူနှင်းအနည်းငယ်ကျဆင်းနေသော်လည်း ဆိုးဆိုးရွားရွားမဟုတ်ကြောင်း၊ ရှေ့မှယာဉ်ကို ကျော်တက်မည်ဆိုပါက ကိုက် ၅၀၊ ကိုက် ၁၀၀ ခန့်ကတည်းက သတိဖြင့် ပြင်ဆင်မှု ယူထားရမည်ဖြစ်ကြောင်း၊ နောက်က မေးလိုက်သွားရာမှ ယာဉ်ကြီး၏ ညာဘက်ခြမ်းနှင့် ရုတ်တရက်ငြိသွားခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားသည်။

ယာဉ်တိုက်မှုကြောင့် မန်းရွှေမြို့တော်ယာဉ်မှာ ရှေ့ခေါင်းပိုင်း ပိန်ချိုင့်၊ ရှေ့လေကာမှန်ကွဲ၊ ယာဘက်ရှေ့မီးလုံးကွဲ ပျက်စီးဆုံးရှုံးခဲ့ပြီး လိုက်ထရပ်ယာဉ်မှာ ဘော်ဒီပြုတ်၊ လွင့်ထွက်၊အမိုးပိုင်းပိန်ချိုင့်၊ ဝဲ/ယာရှေ့တံခါးပိန်ချိုင့် ပျက်စီးဆုံးရှုံးခဲ့သည်။ ယာဉ်တိုက်မှုဖြစ်ပွားရာသို့ ရန်ကုန်-မန္တလေး အမြန်လမ်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးနေဝင်း အပါအဝင် အခင်းဖြစ်ပွားရာနေရာနှင့်နီးသည့် အမြန်လမ်းရဲတပ်ဖွဲ့ စခန်းမှူးများနှင့် တပ်ဖွဲ့ဝင်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိခဲ့ပြီး ဒဏ်ရာရသူများနှင့် သေဆုံးသူများကို

**သတင်း-မျိုးဇေယျာ(ပျဉ်းမနား)**
**ဓာတ်ပုံ-သီရိခေတ်**



နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံသို့ အချိန်မီ ပို့ဆောင်ပေးသည်။ ယာဉ်တိုက်မှုကြောင့် အမြန်လမ်းမကြီးပေါ်၌ ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် ကားများကို လမ်းဘေးချခြင်း၊ လမ်းပေါ်ရှိ မှန်ကွဲစများကို ရှင်းလင်းခြင်းတို့ကို ဆောက်လုပ်ရေးအဖွဲ့များ၊ သန့်ရှင်းရေးအဖွဲ့များက ဆောင်ရွက်ကြသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မန်းရွှေမြို့တော်ယာဉ်မှ ယာဉ်မောင်း မင်းအောင်ကျော်မြင့် (ထွက်ပြေးတိမ်းရှောင်)ကို ဖမ်းဆီးနိုင်ရေး ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

## စစ်တွေမြို့ ကုန်တန်းရပ်ကွက်တွင် မီးလောင်မှုဖြစ်ပွား

**စစ်တွေ မတ် ၉**

စစ်တွေမြို့ ကုန်တန်းရပ်ကွက် လှည်းတန်းလမ်းတွင် မတ် ၉ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားရာ မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုပေါင်းကာ အချိန်မီငြိမ်းသတ်နိုင်ခြင်းကြောင့် အိမ်လေးလုံးသာ လောင်ကျွမ်းခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ မတ် ၉ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မီးသည် ကုန်တန်းရပ်ကွက် လှည်းတန်းလမ်းကြားနေ ဒေါ်မဖြူချော (အိမ်အမှတ်-လတ ၄၇)၏ အိမ်မှ စတင်လောင်ကျွမ်းခဲ့ကြောင်းသိရသည်။ မီးလောင်မှုဖြစ်ပွားရာနေရာသို့ ရခိုင်ပြည်နယ် မီးသတ်တပ်ဖွဲ့မှူး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးစံရွှေထွန်း ဦးစီးသော သန္ဓေမီးသတ်တပ်ဖွဲ့ဝင်စုစုပေါင်း ၃၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်ယာဉ်လေးစီးနှင့် ကွပ်ကဲယာဉ်တစ်စီး၊ စစ်တွေမြို့တွင် နယ်မြေလုံခြုံရေး တာဝန်ထမ်းဆောင်နေသော နည်းဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး အောင်မျိုးဦး ဦးစီးသောအဖွဲ့မှ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား ၄၀၊ စစ်တွေမြို့နယ် ရဲတပ်ဖွဲ့မှူး၊ ရဲမှူး လှငွေး ဦးစီးသော တပ်ဖွဲ့ဝင်အရာရှိ၊ အကြပ်တပ်သား ၅၀ ကျော်၊ ကုန်တန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းယိုင်နှင့် ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းပြီး စုပေါင်းငြိမ်းသတ်ကြရာ မီးသည် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် မီးညွန့်ကျိုးသွားပြီး ၁၀ နာရီ မိနစ် ၅၀ တွင် လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် ဒေါ်မဖြူချော အိမ်အပါအဝင် ဦးအောင်ဆန်းဝင်း၊ ဦးကျော်လှထွန်း၊ ဒေါ်မခင်ရွှေတို့ အိမ်များအားလုံး မီးလောင်ကျွမ်းပြီး ဦးချင်းစိန်အောင်၏ အိမ်တစ်ခြမ်း မီးလောင်ခဲ့ကြောင်း သိရသည်။

"မီးလောင်တာဟာ ထမင်းဟင်းချက်တာကြောင့်ရယ်၊ ဖယောင်းတိုင်၊ အမွှေးတိုင်စတဲ့ အရာတွေနဲ့ ဘုရားမီးပူဇော်ထားခဲ့ပြီးတော့ အပြင်ကိုလူတွေသွားနေတာကြောင့်ရယ် ဖြစ်နိုင်ပါတယ်။ မီးစလောင်တဲ့နေရာပတ်ဝန်းကျင်မှာကတော့ မီးလောင်လွယ်တဲ့ စက္ကူစတွေ၊ မွေ့ရာစတွေ တွေ့ရပါတယ်။ ဝိုင်ယာရှော့ခ်တော့ မဖြစ်နိုင်ပါဘူး။ အတိအကျ ဖော်ပြနိုင်အောင်တော့ ဆက်လက်ဆောင်ရွက်နေပါတယ်" ဟု ရခိုင်ပြည်နယ် မီးသတ်တပ်ဖွဲ့မှူး ဦးစံရွှေထွန်းက ပြောကြားသည်။

မီးစတင်လောင်ကျွမ်းသော နေအိမ်ပိုင်ရှင်ကို စစ်တွေမြို့မရဲစခန်းတွင် အမှုဖွင့်ထားပြီး စုံစမ်းစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်နေကြောင်း သိရသည်။

**ကိုကြီးစော**

## ရေနံချောင်းမြို့နယ်၌ ကလေးငယ်မီးဆော့ရာမှ နေအိမ် ၆၃ လုံးနှင့် တင်းကုပ်သုံးလုံး မီးလောင်

**ရေနံချောင်း မတ် ၉**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် စခန်းကန်ကျေးရွာတွင် ယနေ့ နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်မှုသည် နေအိမ်ပိုင်ရှင် ဒေါ်ဝင်း(၃၅ နှစ်)၏သားဖြစ်သူ မောင်လှမင်း(၆ နှစ်)က ပလတ်စတစ်မီးရှို့ရာမှ မီးဖိုခန်းအကာကြားသို့ကျသွားပြီး မီးစတင်လောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုကြောင့် စုစုပေါင်းနေအိမ် ၆၃ လုံးနှင့် နွားတင်းကုပ်သုံးလုံး မီးလောင်ဆုံးရှုံးခဲ့ပြီး မီးဘေးသင့်ပြည်သူများကို ကျေးရွာမူကြိုကျောင်းနှင့် ဘုန်းတော်ကြီးကျောင်းတို့တွင် နေရာချထားကြောင်း သိရသည်။

မီးလောင်မှုကို ရေနံချောင်း မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်များဖြင့် သွားရောက်ငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ အိမ်ရှင် ဒေါ်ဝင်းအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရသည်။

**ခင်မာလာ(မကွေး)**


### ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)
### (၂၁)ကြိမ်မြောက် ဆရာကန်တော့ပွဲ ဖိတ်ကြားလွှာ

ဝါးခယ်မမြို့၊ အထက(၁)နှင့် (၂)၊ အလက(၁)နှင့် (၂)တို့မှ သက်ပြည့်အငြိမ်းစားယူခဲ့ကြသည့် ရန်ကုန်ရောက်ဆရာကြီး၊ ဆရာမကြီးများအား (၂၁)ကြိမ်မြောက် ဆရာကန်တော့ပွဲကို ၂၀၁၅ခုနှစ် မတ် ၂၂ရက်(တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် အသင်းတိုက်တည်ရှိရာ လသာမြို့နယ်၊ စဥ့်အိုးတန်းလမ်း၊ အမှတ် ၁၂တွင် ကျင်းပပါမည်။

ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးသန်းငွေး ဖုန်း-၀၉-၅၁၃၇၁၉၂၊ အတွင်းရေးမှူး ဦးမြင့်သန်း ဖုန်း-၀၉-၃၁၀၆၂၅၁၇၊ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဆွေရီ ဖုန်း-၀၉-၅၀၈၂၀၁၄၊ ၀၁-၃၉၄၂၆၈နှင့် အသင်းတိုက်ဖုန်း-၀၁-၂၂၆၅၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**ဝါးခယ်မမြို့နယ်အသင်း(ရန်ကုန်)**



**အမှတ် ၃၉၊ သူရိန်ရိပ်မွန်(၃)လမ်း၊ သူရိန်ရိပ်မွန်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း**

### အများသိစေရန်ကြေညာချက်


အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂(A)၊ ၆၉၊ ၇၃(ကမာရွတ်)၊ လူနေရပ်ကွက်အမှတ် သူရိန်ရိပ်မွန်၊ မြေကွက်အမှတ် ၃၉၊ ဧရိယာ ၀.၁၁၄၈၁၀၉၀ ဧကအကျယ်ရှိ နှစ် ၆၀ဂရန်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် အမည်ပေါက်လက်ရှိပိုင်ဆိုင်သူ ဦးဝင်းမောင်သိန်း ၁၂/ကမရ(နိုင်)၀၁၅၈၈၇ နှင့် ဒေါ်နန်းစန္ဒာဝင်း ၁၂/မရက(နိုင်)၀၉၀၀၀၇တို့ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်စောဦး(တရားလွှတ်တော်ရှေ့နေ) စဉ်-၆၇၀၂**
**အမှတ် ၅၆၁၊ M.A.C Tower ၊ အခန်း ၃၀၂၊ ကုန်သည်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**










ကြော်ငြာ

နှစ်ပေါင်း(၇၀)တိုင် MAIN STREAM MEDIA အဖြစ်ရပ်တည်လာခဲ့သော...

သင့်ရဲ့တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို(၅၁)သန်းသော
ပြည်သူတွေထံသို့ အရောက်ပို့ပေးနိုင်သော...

နိုင်ငံတကာသုတေသနအဖွဲ့များရဲ့ လေ့လာတွေ့ရှိချက်အရ
သတင်းအချက်အလက်မှန်ကန်တိကျမှုကို ပရိသတ်များ၏ ယုံကြည်မှုအမြင့်မားဆုံးရရှိထားသော....

မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ ဖြစ်ပျက်နေတဲ့သတင်းများကို
နာရီပြည့်တိုင်းတင်ဆက်ပေးနေသော....

NATION WIDE NEWS CHANNEL

MRTV

ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာများမှာ
သင့်ရဲ့ တန်ဖိုးမြင့်ထုတ်ကုန်ပစ္စည်းကြော်ငြာများကို ထည့်သွင်းကြော်ငြာခြင်းအားဖြင့်
ရုပ်မြင်သံကြား ကြော်ငြာများတွင် ရာခိုင်နှုန်းအလိုက် သက်သာခွင့်ရရှိစေမည့်

**Cross Package အခွင့်အလမ်း**

| သတင်းစာကြော်ငြာ အရွယ်အစား | MRTV တွင် သက်သာမည့်နှုန်းထား |
| --- | --- |
| မျက်နှာပြည့်ကြော်ငြာ (Full Page) | ၄၀ % |
| မျက်နှာဝက်ကြော်ငြာ (Half Page) | ၂၀ % |
| ၄ လက်မ x ၆ ကော်လံ (Quarter Page) | ၁၀ % |

မည်သည့်ကြော်ငြာ၊ မည်သည့်စက္ကန့်အပေါ်တွင်မဆို တစ်ကြိမ် လျှော့ပေါ့ပေးသွားမည်

၂၀၁၅ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ ဇွန်လ (၃၀) ရက်နေ့ထိသာ

ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၁-၅၃၅၈၀၀
ဆက်သွယ်ရန်လိပ်စာ- မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)
ဆက်သွယ်ရန် ဖုန်းနံပါတ်- ၀၆၇-၇၉၁၉၃၃၊ Gmail : mrtv.commercial@gmail.com



ဆောင်းပါး

# လူသားတိုင်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်

မြန်ဂုဏ်ဆောင်

ယနေ့ကမ္ဘာကြီးတွင် လူသားတိုင်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အနိမ့်ဆုံးတာဝန်အဖြစ်ထမ်းသင့်ပြီ။ ကမ္ဘာတွင်နိုင်ငံတိုင်း၊ တိုင်းပြည်တိုင်း၊ မြို့ရွာတိုင်းက သဘာဝပတ်ဝန်းကျင်၏ စိန်ခေါ်မှုကို မျှဝေခံစားနေကြရသည်။

ယနေ့သဘာဝပတ်ဝန်းကျင် ပျက်စီးယိုယွင်းမှုများကြောင့် ကမ္ဘာကြီးပူနွေးလာသည်။ အပူချိန်တိုးလာသည်။ ရာသီဥတုပြောင်းလဲ ဖောက်ပြန်လာသည်။ သတ္တလောကတစ်ခုလုံး ထိခိုက်ပျက်စီးလာသည်။

ကမ္ဘာကြီးသာယာဝပြောပါမှ ကမ္ဘာကိုမှီခိုနေကြသော လူသား၊ သတ္တဝါ၊ သစ်ပင်၊ တောတောင်၊ မြစ်ချောင်း၊အင်းအိုင်၊ သမုဒ္ဒရာပါမကျန် အသက်ရှည်ရပ်တည်နိုင်မည်ဖြစ်သည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် မှီတင်းနေကြသူ သက်ရှိများက ပြုပြင်ထိန်းသိမ်းပါမှ မှီတင်းနေကြသူ သက်မဲ့များအတွက်လည်း အခွင့်အလမ်းရရှိမည်။

သာမန်လူသားတစ်ဦးချင်းစီက ပင်ကိုအသိစိတ်အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ကြပါက မိမိတို့ဒေသ၊ နေရပ်၊ ဝန်းကျင် သန့်ရှင်းသာယာမည်သာဖြစ်သည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းစဉ်ကို 'တစ်ဦးချင်းကမတတ်နိုင်၊ မစွမ်းဆောင်နိုင်' ဟူ၍ယူဆပြီး မထိမဲ့မြင်ပြုပါက တစ်ဦးချင်းစီ၏ အားနည်းချက်သာဖြစ်သည်။ အလားတူအမှိုက်များအမှတ်တမဲ့စွန့်ပစ်ပါက အဆိုပါပတ်ဝန်းကျင်တွင်ညစ်ညမ်း သွားရမည်သာဖြစ်သည်။**

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် 'အမှိုက်'က အခြေခံအကျဆုံးပြဿနာဖြစ်သည်။

စည်းကမ်း၏တန်ဖိုးကို မသိကျိုးကျွံပြုတတ်သော မြန်မာတို့က စနစ်တကျအမှိုက်ပစ်မှုကို ပေါ့ပေါ့တန်တန်သဘောထားကြသည်။ စည်းမရှိကမ်းမရှိ စွန့်ပစ်အမှိုက်များကို အလွယ်တကူဖြေရှင်းလိုက်ကြသည်။မိမိတို့အသုံးပြုပြီးသော အမှိုက်ကို လူသားအားလုံးအသုံးပြုနေသည့် မြစ်၊ ချောင်း၊ အင်း၊ အိုင်များသို့ စွန့်ပစ်လိုက်ကြသည်။ သဘာဝကြည်လင် သန့်ရှင်းသောရေထုကို ညစ်ညမ်းသွားစေသည်။ လူသားတို့အသုံးပြုနေသော သောက်ရေ၊ သုံးရေများအတွင်းသို့ အမှိုက်မှတစ်ဆင့် ကျရောက်ပါဝင်နိုင်သော ပိုးမွှားအန္တရာယ်ကို သတိမပြုမိကြပါ။ အမှိုက်ပြဿနာကို အလွယ်ကူဆုံးဖြေရှင်းလိုက်ကြသည်။ သူတို့စွန့်ပစ်အမှိုက်များကြောင့် ရေထု၊ လေထုအား ညစ်ညမ်းမှုကို မသိကြပါ။ မိမိအိမ်ခြံဝင်းအတွင်း 'အမှိုက်မရှိလျှင်ပြီးစတမ်း'ဟူ၍ လွယ်လွယ်တွေးလိုက်ကြသည်။

**လမ်းယာဉ်ကြောတစ်လျှောက်တွင်မီးရထား၊ ဘတ်စ်ကား၊ ကိုယ်ပိုင်ကားများမှ ကွမ်းတံတွေး၊ စွန့်ပစ်အမှိုက်များအချိန်တိုအတွင်း အမှတ်တမဲ့စွန့်ပစ်မှုကြောင့် သန့်ရှင်းသာယာလှပမှုများ အဟန့်အတားဖြစ်ကြရသည်။**

**'အမှိုက်အစတစ်ခု၊ ကြွပ်ကြွပ်အိတ်တစ်လုံး'သည် စားသုံးသူပြည်သူလူထုနှင့် စည်ပင်တွင်တူညီမျှတသော တာဝန်ကိုယ်စီရှိကြပါသည်။ အမှိုက်တစ်စ၊ ကြွပ်ကြွပ်အိတ်တစ်လုံးသည် လွယ်ကူစွာမပျက်သုဉ်းသေးသမျှ အသုံးပြုသူအပေါ်၌ အများဆုံးတည်မှီနေမည်သာ ဖြစ်သည်။**

တစ်ချိန်က ပတ်ဝန်းကျင်လေထု၊ ရေထုညစ်ညမ်းမှုများပပျောက်ရေးအတွက် ကြွပ်ကြွပ်အိတ်လျှော့ချရေးစီမံချက်ကိုပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အသိပညာပေးဟောပြောခဲ့ကြသည်။ ပျက်စီးရန် ခက်ခဲသော ကြွပ်ကြွပ်အိတ်များနေရာတွင် လွယ်ကူစွာမီးရှို့မြေမြှုပ်နိုင်သော ပလတ်စတစ်များအစားထိုးထုတ်လုပ်လာကြသည်။

လူသားတစ်ဦးချင်းက အမှိုက်အရေအတွက်နည်းစေရန် နိစ္စဓူဝအသုံးပြုနေသော အမှိုက်များလျော့နည်းစေရန် ထိန်းသိမ်းဖို့လိုသည်။ မိမိအိမ်မှ ထည့်စရာ၊ ချိုင့်၊ ခွက်၊ ပန်းကန်များကို အသုံးပြု၍ ဈေးဝယ်သင့်ပါလျက် ခပ်လွယ်လွယ် ဈေးဝယ်ထွက်ပြီး အမှိုက် ပြဿနာ ကြွပ်ကြွပ်အိတ်ပြဿနာကို တမင်ဖန်တီးလိုက်သကဲ့သို့ဖြစ်သည်။

စည်ပင်ဈေး ရေစီးရေလာကောင်းရန် ဖောက်လုပ်ထားသော ရေနုတ်မြောင်းများအတွင်း စည်ပင်အမှိုက်၊ ပလတ်စတစ်၊ ကြွပ်ကြွပ်အိတ်များကြောင့် ရေမြောင်းများပိတ်ဆို့ပြီး ရေကြီးရေလျှံမှုများ မကြာခဏကြုံတွေ့ကြရသည်။

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ဝန်းကျင်သန့်ရှင်းသာယာလှပရေးကို အရပ်ဒေသမှာနေထိုင်ကြသူ ပြည်သူတိုင်းက ထိန်းသိမ်းကြမည်ဆိုလျှင်၊ လူတစ်ဦးချင်းစီက တာဝန်ယူမှု၊ တာဝန်ခံမှုရှိကြလျှင် အမှိုက်ပြဿနာက ထုနှင့်ထည်နှင့်မရှိတော့ဘဲ အလိုလိုဖြေရှင်းနိုင်ပါသည်။**

လူအများစု စုဝေးရာ ကားမှတ်တိုင်၊ ဘူတာရုံ၊ လေယာဉ်ဆိပ်၊ စည်ပင်ဈေးရပ်ဝန်းဒေသများတွင် အမှိုက်ကိုအလွယ်တကူပစ်၍ မိမိပြဿနာကို အလွယ်တကူ ဖြေရှင်းလိုက်ကြသော လူသားတစ်ဦးချင်းစီ၏ လုပ်ဆောင်မှုက ဝန်းကျင်ကို ရုပ်ဆိုးအကျည်းတန်စေပါသည်။

ပေါ့ပေါ့နေပေါ့ပေါ့စား ပေါ့ပေါ့တွေးပြီး စည်းကမ်းစောင့်ထိန်းမှုမရှိပါက အဆိုပါနိုင်ငံသည် ကမ္ဘာ့အလယ်တွင် နိမ့်ကျသော လူနေမှုဘဝကို ဖန်တီးသကဲ့သို့ဖြစ်မည်။

စင်ကာပူနိုင်ငံသည် ပြည်သူတိုင်းက စည်းကမ်းလိုက်နာမှုစွမ်းရည်မြင့်မားမှုကြောင့် လူဦးရေနည်းသော်လည်း၊ ပထဝီဒေသ နယ်ပယ်ကျဉ်းမြောင်းသော်လည်း ကမ္ဘာ့ထိပ်တန်းနိုင်ငံတစ်နိုင်ငံအဖြစ်သို့ လျှောက်လှမ်းနိုင်သည်။

မြန်မာတို့က ကိုယ့်နိုင်ငံ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်ရပ်ဝန်းဒေသတွင် အလွယ်တကူစွန့်ပစ်အမှိုက်များကို ဖန်တီးနေမှုကြောင့် မြန်မာပြည်ကြီး အရုပ်ဆိုးအကျည်းတန်နေခဲ့သည်။ လမ်းဘေးဝဲယာရပ်ဝန်းတိုင်း အမှိုက်များဖြင့် တန်ဆာဆင်ထားသည့်နေရာတိုင်းမှာ ကွမ်းတံတွေးများမြင်တွေ့နေရသေးသည်။ လမ်းဘေးအမှိုက်ပုံးများထားရှိသော်လည်း ပုံးထဲသို့အမှိုက်များစွန့်ပစ်ရမည်ကို ရှက်နေကြသည်။ ရွံ့နေကြသည်။

တိုးတက်ပြောင်းလဲလာသော လူနေမှုစနစ်တွင် စွန့်ပစ်အမှိုက်၊ အိမ်တွင်းအမှိုက်ပစ္စည်းများက နေ့စဉ်တိုးလာသည်။ အိမ်သုံးအမှိုက်ပုံးထဲတွင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်များက နေရာများစွာယူနေသည်။ နေ့စဉ်ဈေးဝယ်သောအိမ်ရှင်မ၏ ပလတ်စတစ်ခြင်းထဲတွင် ကုန်စိမ်း၊ ကုန်ခြောက်မျိုးစုံကို ကြွပ်ကြွပ်အိတ်ဖြင့်သာထည့်ပေး၍ ပလတ်စတစ်အိတ်မျိုးစုံ၊ တစ်ခါသုံးဖော့ဘူးများကလည်း စုံလင်လှသည်။

**ဂျပန်နိုင်ငံ တိုကျိုမြို့တွင် တစ်နှစ်တစ်နှစ် အမှိုက်တန်ချိန် ၂ ဒသမ ၈၇ သန်း ထွက်သည်။ ဂျပန်စည်ပင်ဝန်ထမ်းများက စွန့်ပစ်ပစ္စည်းများကို အမျိုးအစားခွဲခြားပြီး မီးရှို့ပစ္စည်းနှင့်မီးရှို့မရပစ္စည်းဟူ၍ခွဲခြားသည်။ စက္ကူ၊ မှန်ကွဲ၊ သံဘူး၊ ပလတ်စတစ်ဘူးတို့က ပြန်သုံးရ၍စုပုံထားသည်။ စွန့်ပစ်ပစ္စည်း၊ မီးဖိုချောင်သုံးပစ္စည်းများကို လိုက်လံကောက်ယူကြသည်။ ဟင်းသီးဟင်းရွက်များတွင် ပိုလျှံပြီးမစားနိုင်သောပစ္စည်းများထဲမှ ကောင်းသော အရာကို ထုတ်နုတ်ပြီးလိုအပ်သူ၊ စားစရာမရှိသူများအတွက် ပြန်စွန့်ပေးခြင်းအလုပ်ကိုလည်း ဝန်ဆောင်မှုတစ်ခုအနေဖြင့် လုပ်ကိုင်ကြသည်။**

အိမ်သုံးအမှိုက် စွန့်ပစ်အမှိုက်များကို အဆင့်ဆင့်သယ်ဆောင်ပြီး လျှပ်စစ်ထုတ်လုပ်မှုကိုလုပ်ကြသည်။ ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် တစ်နေ့အမှိုက်တန် ၆၀၀ မီးရှို့ဖျက်ဆီးပြီး မီးပြင်းဖိုကြီး ၂၁ ခုဖြင့် ပြန်အသုံးပြုနိုင်အောင် အမှိုက်ကို မီးရှို့ဖျက်ဆီးသည်။ အမှိုက်ချေစက်က မြို့ပြကိုပြန်ပြီး အကျိုးပြုလာသည်။ ပြန်လည်ရသော လျှပ်စစ်စွမ်းအင်များကို လျှပ်စစ်ကုမ္ပဏီများသို့ ပြန်ရောင်းချသည်။ 'အမှိုက်က ရွှေ' ဖြစ်ခြင်းသဘောပင်။

လူသားတိုင်းက အမှိုက်ကို ထိန်းထိန်းသိမ်းသိမ်းပြုလုပ်ကြမည်ဆိုလျှင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အလိုလိုဆောင်ရွက်သွားပြီးဖြစ်သည်။

ရန်ကုန်မြို့ကြီးတွင်လည်း တစ်နှစ်၊ တစ်လ၊ တစ်ရက်ထွက်သမျှအမှိုက်တန်ပေါင်း မည်မျှရှိနေမည်မသိ၊ ထွက်သမျှစွန့်ပစ် အမှိုက်များကို လျှပ်စစ်စွမ်းအင်ထုတ်လုပ်ရေးတွင် ပြန်လည်အသုံးချနိုင်ပါက မည်မျှအကျိုးထူးလာမည်မသိ။

**ယခုအခါ စည်းမဲ့ကမ်းမဲ့ အမှိုက်စွန့်ပစ်သူများကြောင့် လမ်းတိုင်း၊ ရပ်ကွက်တိုင်း၊ အမှိုက်ပုံကသေးရာမှ ထုနှင့်ထည်နှင့်ကြီးလာသည်။ အမှိုက်ပုံတွင် မီးဖိုချောင်သုံးအမှိုက်၊ လူနှင့်တိရစ္ဆာန်တို့၏အညစ်အကြေး၊ တိရစ္ဆာန်အသေကောင်တို့က ၂၄ နာရီ ညှီစို့နံစော်နေသည်။ အနီးအနားမှဖြတ်သွားသူပင် မူးမိုက်ရသည်။ ကြွက်၊ ခြင်၊ ယင်၊ ပိုးဟပ်တို့က နိဗ္ဗာန်ဘုံပမာ ပျော်မြူးနေကြသည်။ လူဖြတ်သန်းစဉ် ယင်မည်းကြီးများက ဝုန်းခနဲ အုပ်စုဖွဲ့ပျံသန်းသွားကြသည်။ မြေကြွက်ကြီးများက အုပ်စုဖွဲ့၍ အမှိုက်ပုံကို ထိုးဆွအစာရှာနေကြသည်။ အမှိုက်ပုံကြီးမှ ရွံရှာဖွယ်အနံ့ဆိုးကြီးက တစ်လမ်းလုံး၊ တစ်ရပ်ကွက်လုံးကို အော်ဂလီဆန်စေသည်။**

မသန့်ရှင်းသောလေကို ရှူရှိုက်ရ၍ ပတ်ဝန်းကျင်မှလူများ ဖျားနာရသည်။ ဝမ်းပျက်ဝမ်းလျှောဖြစ်ရသည်။ အသည်းရောင်အသားဝါ၊ အူရောင်ငန်းဖျား ရောဂါစုံက ဖိစီးနှိပ်စက်ကြသည်။

ရပ်ကွက်ထဲ၊ လမ်းထဲတွင် တစ်ဦးနှစ်ဦးက နေရာလပ်၊ ကွက်လပ်တစ်နေရာတွင် အမှိုက်စပုံရာမှအမြဲတမ်းတည်တံ့နေသော အမှိုက်ပုံကြီးတစ်ပုံအဖြစ် ရပ်တည်လာတော့သည်။ ဈေး၊ ကျောင်း၊ ဘတ်စ်ကားဂိတ်နှင့်နီးသောနေရာများတွင် အမှိုက်ပုံများ နေရာယူလာသည်။ အမှိုက်ပုံဒဏ်မခံနိုင်သော ငွေကြေးပြည့်စုံသူများက လွတ်ရာကျွတ်ရာနေရာသစ်ရှာပြီး ပြောင်းရွှေ့သွားကြသည်။ နေရာသစ်မရှာနိုင်သော ငွေကြေးချို့တဲ့သူများကတော့ 'ပိုနေမြဲကျားနေမြဲ'ပင်။

**တာဝန်သိသူ၊ တာဝန်ရှိသူတွေက အမှိုက်ပုံကြီးနားတွင် သတိပေးစာတန်းများချိတ်ဆွဲလာသည်။ 'လူလိုသိပါ။ အမှိုက်မပစ်ရ။ စည်းကမ်းရှိပါ။ နိုင်ငံကြီးသားပီသပါ' တားမြစ်စာတန်းလေးက တစ်နေ့ထက်တစ်နေ့များလာဘိသကဲ့သို့ အမှိုက်ပုံကြီးကလည်း တစ်ရက်ထက်တစ်ရက်ပိုမိုမြင့်မားလာရသည်။**

စည်ပင်ကလည်း အမှိုက်ကို လူအား၊ ယာဉ်ယန္တရားအားဖြင့် တတ်နိုင်သမျှ မြို့ပြင်သို့ထုတ်ပါသည်။ သယ်ယူပို့ဆောင်မှုအားထက် နိစ္စဓူဝနေ့စဉ်စွန့်ပစ်နေသော အမှိုက်အားကပိုနေ၍ မနိုင်မနင်းဖြစ်ရသည်။ လူခြေတိတ်ချိန်တွင် အမှိုက်လာ၍ပစ်သော သူကလည်းမနည်းပါ။

လမ်းတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်း၊ နေရာတိုင်းမှာ မိမိတို့နေထိုင်ရာနယ်မြေရှိ ထွက်သမျှအမှိုက်များကို သူ့တာကိုယ့်တာခွဲခြားပြီး စုပေါင်းပပျောက်အောင် ပြုလုပ်ကြမည်ဆိုလျှင် သန့်ရှင်းသာယာမှုနှင့်အတူ ကျန်းမာရေးဘဝမြင့်မားသွားမည်သာဖြစ်သည်။

ပလတ်စတစ်ကြောင့်ကမ္ဘာတစ်ဝန်းရှိ ပင်လယ်များ၏မျက်နှာပြင်သည် ၈၈ ရာခိုင်နှုန်းအထိ ညစ်ညမ်းခဲ့ပြီး ရေနေသတ္တဝါများဘေးဒုက္ခရောက်ရသည်။ 'အရုပ်၊ အိတ်၊ အစားအစာထည့်ဘူး၊ အသုံးအဆောင်များကြောင့်ပင်လယ်ထဲတွင် နောင်နှစ်ပေါင်းများစွာ၌ ပြဿနာကြုံတွေ့လာနိုင်သည်' ဟူ၍ သုတေသနပညာရှင်များက ကြိုတင်ခန့်မှန်းထားသည်။

လွန်ခဲ့သော ၂၀၁၀ ပြည့်နှစ်က စပိန်သိပ္ပံပညာရှင်အင်ဒရီးရက်စ်ကိုဇာနှင့်အဖွဲ့သည် ပင်လယ်ရေနမူနာ ၃၀၀၀ ကျော်ကို အခြေခံလေ့လာခဲ့သည်။ မိုက်ခရွန်နှင့် တစ်မီလီမီတာထက်နည်းပါးသည့် အရွယ်အတွင်းရှိ ပလတ်စတစ်အပိုင်းအစများ ပင်လယ်ရေမျက်နှာပြင်တွင်ပါဝင်နေကြောင်း သိရသည်။

လူသားတိုင်းအတွက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးတာဝန်ကို မိမိအသိစိတ်ဖြင့် ပိုက်ထွေးခံယူထားပါက မိမိပတ်ဝန်းကျင်တစ်ခုစီ တစ်ခုစီ သန့်ရှင်းသာယာလှပသွားမည်ဖြစ်သည်။ ပတ်ဝန်းကျင်စုစည်း တည်ထောင်ထားသော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်များစွာလည်း တစ်ပြေးညီသန့်ရှင်းသာယာလှပမည်သာဖြစ်သည်။

ထို့ကြောင့် နိုင်ငံကြီးသားများပီပီ ယနေ့ပင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကို စတင်ဆောင်ရွက်ကြပါစို့ . . .။

> **လမ်းတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့တိုင်း၊ နေရာတိုင်းမှာ မိမိတို့နေထိုင်ရာနယ်မြေရှိ ထွက်သမျှအမှိုက်များကို သူ့တာ ကိုယ့်တာခွဲခြားပြီး စုပေါင်းပပျောက်အောင် ပြုလုပ်ကြမည်ဆိုလျှင် သန့်ရှင်းသာယာမှုနှင့်အတူ ကျန်းမာရေးဘဝမြင့်မား သွားမည်သာဖြစ်**

# ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်



**ကျိုက်ထို မတ် ၉**

မြန်မာနိုင်ငံဆရာဝန်များအသင်း (ဗဟို) မှ ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသို့ အရေးပေါ်လူနာတင်ယာဉ် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မတ် ၆ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဆရာဝန်များအသင်းဗဟိုမှ တာဝန်ခံဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်က အရေးပေါ်လူနာတင်ယာဉ်ပေးအပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အရေးပေါ်လူနာတင်ယာဉ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ မြို့နယ်အထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးစံမြက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့နောက် ဆေးရုံအထောက်အကူပြုကော်မတီမှ ဦးဝင်းနိုင်ဦးက အရေးပေါ်တင် လူနာတင်ယာဉ်အား ထိန်းသိမ်းမည့် အစီအမံများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်ဆွေက ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ အရေးပေါ်လူနာတင်ယာဉ်အား မြန်မာနိုင်ငံဆိုင်ရာ ဆရာဝန်များအသင်းဗဟိုမှ ကျိုက်ထိုပြည်သူ့ဆေးရုံသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းသန်းမော် (iprd)**

ပြည်တွင်းသတင်း

# မွေးမြူရေးဖွံ့ဖြိုးတိုးတက်စေရေး နေပြည်တော်ရှိ မွေးမြူရေးဇုန်သို့ လေ့လာ

**နေပြည်တော် မတ် ၉**

တောင်ပေါ်ဒေသများ မွေးမြူရေး ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရှမ်းပြည်နယ် မိုင်းဆတ်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာစောထက်ဝင်း ခေါင်းဆောင်သော မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့များမှ တောင်ပေါ်ဒေသ တိုင်းရင်းသား မွေးမြူရေးဝါသနာရှင်များအဖွဲ့သည် မတ် ၇ ရက် နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ကံကြီးဇုန်ရှိ စီပီ ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာသည်။

လေ့လာရေးအဖွဲ့သည် ကံကြီးဇုန်ရှိ စီပီ ဆိတ်မွေးမြူရေးခြံသို့ လာရောက်လေ့လာရာ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာ ကြည်သာက မွေးမြူရေးဇုန်အတွင်းရှိ မွေးမြူရေးခြံများကို လိုက်လံပြသကာ မွေးမြူရေးနည်းပညာရပ်များနှင့် သက်ဆိုင်သော မွေးမြူနည်း၊ ဆေးဝါးကုသသုံးစွဲနည်းများဖြေကြား၍ စီပီ ဆိတ်မွေးမြူရေးခြံတာဝန်ခံ ဦးဆန်းဝင်းက စနစ်တကျခြံတွင် ဆိတ်မွေးမြူခြင်းကြောင့် အောင်မြင်ဖြစ်ထွန်းမှု၊ တစ်နေ့တာ အစာကျွေးနှုန်းနှင့် မွေးကင်းစဆိတ်ကောင်ပေါက်လေးများကို ပြုစုစောင့်ရှောက်နည်း၊ အစာရှားပါးရာသီများတွင် ဆိတ်စာအခက်အခဲမဖြစ်ပေါ်ရေးအတွက် မြက်ချဉ်ဖတ်များပြုလုပ် သိုလှောင်နည်းများကိုလည်း ရှင်းလင်း ပြသခဲ့သည်။

မိုင်းတုံမြို့နယ်နေ ဦးကျဟယ်က "လေ့လာရေးခရီးစဉ်အနေနဲ့ ရန်ကုန်၊ နေပြည်တော် မြို့ကြီးများမှ မွေးမြူရေးဇုန်တွေကို သွားရောက်လေ့လာခဲ့တယ်။ လေ့လာခွင့်ရတဲ့အတွက်ကြောင့် ကျွန်တော်တို့ မွေးမြူရေးနည်းပညာများနဲ့မွေးမြူရေး ဗဟုသုတများစွာရရှိစေပါတယ်။ လက်ရှိလည်း ဒေသမှာ နွား အကောင် ၁၂၀၊ ကျွဲ အကောင်၂၅၀၊ ဒေသဆိတ် အကောင် ၂၀၀ စတင်မွေးမြူထားပါတယ်"ဟု ပြောကြားသည်။ ယခုခရီးစဉ်မှာ မြို့ကြီးများရဲ့ မွေးမြူရေးနည်းပညာနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကိုယ်တိုင် မြင်တွေ့ခွင့်ရသည့်အတွက် မိမိမွေးရပ်ဒေသ ပြန်လည်ရောက်ရှိသည့်အခါ မွေးမြူရေးလုပ်ငန်းများကို ဆက်လက်တိုးချဲ့ လုပ်ကိုင်သွားမည်ဖြစ်ကြောင်း ပြောသည်။

**ကိုမျိုး (ရွှေပေါက်ကံ့)**
**ဓာတ်ပုံ- ချစ်သမီး**



# ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် လေးခုလွှဲပြောင်းပေးအပ်

**နေပြည်တော် မတ် ၉**

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံအသစ် လေးခုကို Save the Children (Japan) အဖွဲ့က လွှဲပြောင်းပေးအပ်ခြင်းနှင့် ပြည်သူလူထုအခြေပြု မိခင်၊ မွေးကင်းစကလေးနှင့် ကလေးများကျန်းမာ ဖွံ့ဖြိုးရေးစီမံချက်လုပ်ငန်း ပြီးမြောက်ခြင်း အခမ်းအနားကို မတ် ၆ ရက် နံနက် ၁၀ နာရီက နေပြည်တော် Hotel Max ၌ ကျင်းပခဲ့ရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသိန်းသိန်းဌေးက တက်ရောက် အမှာစကားပြောကြားခဲ့ရာ အသစ်တည်ဆောက် ပြီးစီးသော ကျေးလက် ကျန်းမာရေးဌာနခွဲ အဆောက်အအုံများကို လွှဲပြောင်းပေးအပ်ခြင်းသာမက မြန်မာ၊ ဂျပန် ချစ်ကြည်ရင်းနှီးမှု ခိုင်မြဲစေရေးနှင့် အဓွန့်ရှည် တည်တံ့ရေးအတွက်လည်း အရေးကြီးသည့် ပြယုဂ် တစ်ခုဖြစ်ကြောင်း။

ဂျပန်နိုင်ငံအစိုးရက အထောက်အပံ့ ဒေါ်လာ သုံးသန်းဖြင့် ၂၀၁၂ ခုနှစ် မတ်လမှစ၍ ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး စေတုတ္တရာ၊ ငဖဲနှင့် မင်းတုန်းမြို့နယ်များတွင် ဆောင်ရွက်ခဲ့သည့် ပြည်သူလူထုအခြေပြု မိခင်၊ မွေးကင်းစကလေးနှင့် ကလေးကျန်းမာဖွံ့ဖြိုးရေး စီမံချက် သုံးနှစ်ကာလကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း၊ ရည်ရွယ်ချက်မှာ အရည်အသွေးပြည့်သော ကျန်းမာရေးစောင့်ရှောက်မှုကို ကျေးလက်နေမိခင်နှင့် ကလေးများ အလွယ်တကူရရှိရန် ဖြစ်သဖြင့် မိခင်နှင့်ကလေးကျန်းမာရေး အဆင့်အတန်းမြှင့်တင်ရေးအတွက် အလွန်အကျိုးရှိ ကြောင်း၊ ယနေ့ နိုင်ငံတော်အစိုးရလက်ထက်တွင် ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်ခဲ့ပြီး ကျန်းမာရေးလုပ်ငန်းများအတွက် လူအင်အား၊ ပစ္စည်းအင်အားနှင့် ဆေးရုံ၊ ဆေးခန်း အခြေခံအဆောက်အအုံများအတွက် တိုးမြှင့်သုံးစွဲခဲ့ကြောင်း၊ Save the Children (Japan) အဖွဲ့မှ ဆောင်ရွက်ချက်များသည် ကျန်းမာရေးဌာန၏ လိုအပ်ချက်တစ်စိတ်တစ်ဒေသကို ဖြည့်ဆည်းပေးခြင်းဖြစ်ပါကြောင်း၊ ပြည်သူလူထုကိုယ်တိုင်ကိုယ့်အားကိုယ်ကိုးသည့် အသိစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်မှုသည်လည်း အရေးကြီးပါကြောင်း၊ ပြည်သူလူထုတွင် ကျန်းမာရေးအလေ့အကျင့်ကောင်းများ ပေါ်ထွန်းရေးနှင့် မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်သွားပါရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ Save the Children (Japan) အဖွဲ့မှ တာဝန်ရှိသူများက အသစ်ဆောက်လုပ်ပြီးသော ကျေးလက်ကျန်းမာရေးဌာနခွဲ လေးခုနှင့် စီမံချက်မြို့နယ်များတွင် အသုံးပြုခဲ့သော စီမံချက်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ရာ ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက လက်ခံယူသည်။ **(ကျန်းမာရေး)**

# ရေရှားသော်လည်း မြေမနားရတဲ့စိုက်ပျိုးရေး

**နတ်မောက် မတ် ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် မိုးရွာသွန်းမှုနည်းပါးခဲ့သဖြင့် ဆည်ငယ်၊ ကန်ငယ်နှင့် အစိုးရဆည်ကန်များတွင် သိုလှောင်စုဆောင်းရေ ပမာဏလျော့နည်းခဲ့ရပြီးစိုက်ပျိုးရေပေးဝေနိုင်မှု လျော့နည်းခဲ့ရကြောင်း တွေ့ရှိရသည်။

ယခုနှစ်နွေရာသီတွင် ဒေသ၏ အဓိကအားထားရာ ကျောက်တခါးတမံမှ နွေစပါးဧရိယာ ဧက ၁၅၀အတွက်သာ ရေပေးဝေနိုင်ခဲ့ပြီး နတ်မောက်တမံမှ ဆည်ရေပေးဝေနိုင်မှု မရှိခဲ့ကြောင်း၊ ဆည်ရေသောက်တောင်သူများအနေဖြင့် နွေစိုက်ခင်း ရေမရနိုင်တော့သဖြင့် မိုးစပါးရိတ်သိမ်းပြီးသည့် စိုက်ခင်းများတွင် နွေဦးထယ်ရေးပြင်ဆင်ခြင်းနှင့်အတူ ကုလားပဲနှင့်နေကြာသီးညှပ်များ အဓိကထား စိုက်ပျိုးနိုင်ခဲ့ပြီး ဈေးကွက်ဝင်ဖူးစားပြောင်းနှင့် စားဖိုဆောင်သီးနှံများ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးလာကြကြောင်း၊ တောင်သူများအနေဖြင့် သီးနှံဖြည့်စွက်ရေရရှိရေး၊ ရေတွင်း၊ အဝီစိပိုက်တွင်းများ ပိုမိုဆောင်ရွက်လာကြကြောင်း၊ ရေရှားပါးသော်လည်း မြေမနားရတဲ့စိုက်ပျိုးရေးကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရသည်။

ယခုနှစ်တွင် ဇန်နဝါရီလအတွင်း ချိန်ခါမဟုတ် မိုးရွာသွန်းမှုသည် ရေရှားပါး စိုက်ခင်းတောင်သူများအတွက် အလွန်အားကိုးအားထားရသည့် သီးနှံစိုက်ခင်းဖြည့်စွက်ရေရရှိခဲ့ပြီး ဆောင်းကုလားပဲ စိုက်ခင်းများ တစ်ဧကအထွက်နှုန်း ၁၆ တင်းမှ တင်း ၂၀ ကျော်အထိရရှိခဲ့ပြီး ဒေသပေါက်ဈေး တစ်တင်းလျှင် ငွေကျပ် နှစ်သောင်းဝန်းကျင်ရှိကြောင်း သိရသည်။ အဓိကအားဖြင့် တောင်သူများအနေဖြင့် ဒေသရေမြေနှင့် သင့်တော်သည့် ဈေးကွက်ရှိသည့် သီးနှံစိုက်စနစ်ပုံစံများ ပြောင်းလဲခြင်းနှင့်အတူ နွေထယ်ရေးကြိုတင်ပြင်ဆင်မှုများ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ငါးမွေးတောင်သူများထံ တိုင်းရင်းငါးမျိုးများ ထောက်ပံ့ဖြန့်ဖြူး

**နေပြည်တော် မတ် ၉**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့၏ ညွှန်ကြားချက်အရ မတ် ၆ ရက် နံနက် ၈ နာရီခွဲ က သာယာဝတီခရိုင် သာယာဝတီမြို့နယ် ရွာမကျေးရွာအုပ်စုအတွင်းရှိ မြစ်အင်းကုန်းကျေးရွာ၊ ဆိုင်းစုကျေးရွာ၊ ငါးကျီးချောင်းကျေးရွာ၊ ရွာကြီးကုန်းကျေးရွာ၊ ကျွဲခြံအင်းကျေးရွာ၊ ညောင်နီကုန်းကျေးရွာအုပ်စု ထန်းပင်ကုန်းကျေးရွာ၊ သုံးဆယ် မြို့မရပ်ကွက်တို့ရှိ လယ်ကြားကန်/မြောင်းနှင့်တစ်ပိုင် တစ်နိုင် ငါးမွေးကန်များအတွင်း ငါးမျိုးများ စိုက်ထည့်မွေးမြူရန်အတွက် တိုင်းရင်းငါးမျိုးဖြစ်သည့် ငါးခူ၊ ငါးရံ့၊ ငါးပနော်၊ ငါးပြေမအစရှိသည့် ငါးမျိုးကောင်ရေ ၇၅၀၀၀ ကိုပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးစိုင်းကျော်မြင့်၊ ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ခရိုင်နှင့်မြို့နယ် အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ငါးလုပ်ငန်း အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ငါးမွေးတောင်သူများထံသို့ ငါးမျိုးများထောက်ပံ့ပေးအပ်ပြီး လယ်ကြားကန်/မြောင်းနှင့် တစ်နိုင်တစ်ပိုင် ငါးမွေးကန်များအတွင်း ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြောင်းသိရသည်။ **မျိုးဇေယျာ**



# အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆွေးနွေး

**ပခုက္ကူ မတ် ၉**

ပခုက္ကူခရိုင် ပခုက္ကူမြို့ အမှတ်(၆)ရပ်ကွက်ရှိ ခေတ်ရွှေ့ဆောင်ခန်းမ၌ ADRA (ဖွံ့ဖြိုးရေးနှင့်ကယ်ဆယ်ရေးအေဂျင်စီ) မှဦးစီးကျင်းပသော ဝင်ငွေနည်း မိသားစုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက် (Slim Project) အတွေ့အကြုံနှင့် သင်ခန်းစာများ ပြန်လည်ဝေမျှဆွေးနွေးခြင်းအခမ်းအနားကို မတ် ၅ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ခိုင်က အမှာစကားပြောကြားခြင်း၊ ဩစတြေးလျနိုင်ငံသား Mr. Brendon Irvine က အမှာစကားပြောကြားခြင်း၊ ဦးအောင်ဗိုလ်ဗိုလ်ဌေးက စီမံချက်လုပ်ငန်းဖော်ဆောင်မှုများအား ရှင်းလင်းပြောကြားခြင်း၊ ဒေါ်ဝင်းဝင်းကြည်က စားသောက်ကုန်ထုတ်လုပ်မှုနှင့် ဈေးကွက်လေ့လာဆန်းစစ်ချက်များအား ရှင်းလင်းတင်ပြခြင်း၊ ဦးခင်မောင်လွင်က စီမံချက်များအပေါ် အကဲဖြတ် သုံးသပ်ချက်များ ရှင်းလင်းတင်ပြကာ တောင်အာဖရိကနိုင်ငံသား Mr. Derekstanley က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။ **ဇေယျာတု(မကွေး)**

# ကျေးရွာလုံးကျွတ် ဆိုလာမီးလင်းရေး ဖွင့်ပွဲကျင်းပ

**ဝါးခယ်မ မတ် ၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် မွေးမြူရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ပျဉ်းမကွင်းကျေးရွာအုပ်စု ခနောင်ကျေးရွာလုံးကျွတ် မီးလင်းရေးဖွင့်ပွဲအခမ်းအနားကို မတ် ၈ ရက်က ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌတို့က ဆိုလာစနစ်ဖြင့် ကျေးရွာလုံးကျွတ်မီးလင်းရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးများကို အသီးသီးဆွေးနွေးတင်ပြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍လေးအိမ်တန်းစစ်တန်း၊ မြဂိုးကြီးကုလားချောင်း၊ ထြိန်းကျွန်းသောင်တန်း ကျေးရွာများတွင်လည်း ကျေးရွာလုံးကျွတ်မီးလင်းရေးဖွင့်ပွဲများကို ဆက်လက်၍ကျင်းပသည်။ ထိုဆိုလာစနစ်ဖြင့်ခနောင်ကျေးရွာ မီးလင်းရေးလုပ်ငန်းများအတွက် ခွင့်ပြုရန်ပုံငွေကျပ် ၄၄ ဒသမ ၃၅၉ သန်းဖြင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကျော်စိန်(ဝါးခယ်မ)**

ပြည်တွင်းသတင်း

# ပြည်သူလူထု၏ ကျန်းမာရေးမြှင့်တင်သွားမည်

**ရန်ကုန် မတ် ၉**

ကျန်းမာရေး ဝန်ကြီးဌာန၏ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကာကွယ်ဆေးများ အအေးထိန်း လမ်းကြောင်းစနစ်ဖြင့် အဆင့်မြှင့် သိုလှောင်ရေး လုပ်ငန်းများနှင့် ကလေးများအတွက် အာဟာရချို့တဲ့မှုပပျောက်စေရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF ) နှင့် ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် သုံးမျိုး ရန်ပုံငွေအဖွဲ့ (3MDG ) တို့ ပူးပေါင်း၍ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၅ သန်း ကူညီထောက်ပံ့ရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးခြင်းကို မတ် ၃ ရက်က ချုပ်ဆိုခဲ့ကြောင်း 3MDG ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ထောက်ပံ့မည့် အမေရိကန်ဒေါ်လာ ၁၅ သန်းအနက်မှ ဒေါ်လာ ၉ ဒသမ ၇ သန်းကို အရေးပါသည့် ကာကွယ်ဆေးများ သိုလှောင်ထားနိုင်မည့် အအေးခန်းသိုလှောင်မှုပမာဏကို တိုးချဲ့ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာန၏ တိုးချဲ့ကာကွယ်ဆေးထိုးအစီအစဉ်ကို ထောက်ပံ့သွားမည်ဖြစ်ပြီး ဒေါ်လာ ၃ ဒသမ ၈ သန်းကို အာဟာရချို့တဲ့မှု ပပျောက်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၏ အရှိန်မြှင့်တင်မှုလုပ်ငန်းများ၌ အသုံးပြုသွားမည်ဖြစ်ကာ ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်အခြေပြု ကျန်းမာရေးစီမံကိန်းများ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေးဆွဲရန်အတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကို ထောက်ပံ့သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရန်ပုံငွေသည် မြန်မာနိုင်ငံ၏ ကျန်းမာရေးစနစ်ကို အားကောင်းလာစေရန် ဆောင်ရွက်သည့် ပဏာမခြေလှမ်း၏ လုပ်ငန်းတစ်စိတ်တစ်ပိုင်းတစ်ရပ်ဖြစ်ကြောင်း၊ 3 MDG အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းလေးဖွဲ့ဖြစ်သော UNAIDS၊ UNFPA၊ UNICEF နှင့် WHO တို့နှင့် ပူးတွဲအဆိုပြုကာ ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၇ သန်းကို ထောက်ပံ့၍ မြန်မာနိုင်ငံရှိ ပြည်သူများ အထူးသဖြင့် အမျိုးသမီး၊ ကလေးငယ်များ၊ ဆယ်ကျော်သက်များနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုံလောက်စွာမရရှိသည့် ပြည်သူလူထု၏ ကျန်းမာရေးအခြေအနေကို မြှင့်တင်ရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြတ်စန္ဒီသင်းဇော်**

# မိုဘိုင်းဖုန်း 3G အဆင့်မြှင့်တင်မှု ၇၅ ရာခိုင်နှုန်းအထိ တိုးတက်လာ

**ရန်ကုန် မတ် ၉**

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် ပြည်သူများ၏ ဆက်သွယ်ရေးဝန်ဆောင်မှု အပြည့်အဝပေးနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်လျက်ရှိရာ ယခုအခါ တစ်နိုင်ငံလုံးနီးပါး မိုဘိုင်းဖုန်း ဆက်သွယ်ရေး လွှမ်းခြုံနိုင်ပြီဖြစ်ကြောင်း ဆက်သွယ်ရေး သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။



သတင်း-မောင်နွေသစ်
ဓာတ်ပုံ-သက္က

"နိုင်ငံတော်လူဦးရေရဲ့ တယ်လီဖုန်းသိပ်သည်းဆကို နှစ်အလိုက် တိုးတက်အောင် မျှော်မှန်းဆောင်ရွက်လျက်ရှိရာမှာ အခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အကုန်မှာ မြန်မာနိုင်ငံလူဦးရေရဲ့ ၄၅ ဒသမ ၄၂ ရာခိုင်နှုန်း မိုဘိုင်းဖုန်း သုံးစွဲလာနိုင်တဲ့အတွက် မျှော်မှန်းချက်ကို ဖော်ဆောင်နိုင်တယ်လို့ဆိုရမှာဖြစ်ပါတယ်။ မိုဘိုင်းဖုန်းကွန်ရက်အနေနဲ့ကတော့ မြို့နယ်ပေါင်း ၃၂၂ မြို့အထိ သုံးစွဲနိုင်ပြီဖြစ်လို့ တစ်နိုင်ငံလုံး လွှမ်းခြုံနိုင်ပြီလို့ဆိုရမှာဖြစ်ပါတယ်"ဟု အဆိုပါတာဝန်ရှိသူက ပြောကြားသည်။

မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းအနေဖြင့် နိုင်ငံတော်လူဦးရေ၏ တယ်လီဖုန်းသိပ်သည်းဆကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၄ ဒသမ ၈ ရာခိုင်နှုန်း၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ၅၀ ရာခိုင်နှုန်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ၈၀ ရာခိုင်နှုန်း အသီးသီးတိုးတက်ရန် မျှော်မှန်းလုပ်ဆောင်လျက်ရှိပါသည်။

ယခုအခါ တစ်နိုင်ငံလုံး ဆက်သွယ်ရေးစခန်းပေါင်း ၆၁၃၅ ခု တည်ဆောက်ထားပြီး မိုဘိုင်းဖုန်း ဆက်သွယ်မှုကိုလည်း 2G အဆင့်မှ 3G အဆင့်အထိ မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။ ယခုအချိန်အထိ တစ်နိုင်ငံလုံး ဆက်သွယ်ရေးစခန်းများ၏ ၇၅ ရာခိုင်နှုန်းကို 3G အဆင့်မြှင့်တင်ပေးနိုင်ပြီဖြစ်ကြောင်း သိရသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းက မိုဘိုင်းဖုန်းဆင်းကတ်များကို ၂၀၁၃ ခုနှစ် ဧပြီလမှစတင်ကာ ဆင်းကတ်တစ်ခုလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ရောင်းချပေးခဲ့ပြီး ယမန်နှစ်က ပြည်ပဆက်သွယ်ရေးကုမ္ပဏီများနှင့် အပြိုင် ဆက်သွယ်ရေး ဝန်ဆောင်မှု ပေးပြီးနောက် မြန်မာနိုင်ငံတွင် မိုဘိုင်းဖုန်းသုံးစွဲမှု လျင်မြန်စွာ တိုးတက်ခဲ့သည်။

ယခုအခါ ဆင်းကတ်များကို ဈေးကွက်များအတွင်း လွယ်ကူစွာ ဝယ်ယူရရှိလာပြီဖြစ်ရာ တစ်နိုင်ငံလုံး မိုဘိုင်းဖုန်းသုံးစွဲသူ အရေအတွက် ၂၃ ဒသမ ၄၀ သန်းရှိကြောင်း သိရသည်။

# ဝမ်းတွင်းမြို့ ရွှေတောင်ကျေးရွာအပါအဝင် ကျေးရွာ ၃၇ ရွာတွင် မကြာမီလျှပ်စစ်မီးလင်းနိုင်မည်

**မိတ္ထီလာ မတ် ၉**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့ ရွှေတောင် စိုက်ပျိုးရေးခြံအတွင်း၌ ဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီ ၊ ၁၂၅၀ ကေဗွီအေ တည်ဆောက်ပြီးစီးသွားပြီဖြစ်ရာ ရွှေတောင်ကျေးရွာအပါအဝင် ကျေးရွာ ၃၇ ရွာတွင် မကြာမီ လျှပ်စစ်မီးလင်းနိုင်တော့မည်ဖြစ်ကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးမွန်းအောင်ဇေထံမှ သိရသည်။

"ရွှေတောင်စိုက်ပျိုးရေးခြံအတွင်းမှာ ၃၃ ကေဗွီ ကူမဲ- ရွှေတောင် ဓာတ်အားလိုင်း ၁၀ ဒသမ ၅ မိုင်ကနေတစ်ဆင့် ဓာတ်အားရယူပြီး ရွှေတောင်ဓာတ်အားခွဲရုံ ၃၃/၁၁ ကေဗွီ၊ ၁၂၅၀ ကေဗွီအေကို တည်ဆောက်ပြီးစီးသွားပြီ ဖြစ်ပါတယ်။ လောလောဆယ်တော့ ရွှေတောင်၊ ရွှေဘုံသာကျေးရွာနှစ်ရွာနဲ့ စိုက်ပျိုးရေးခြံအတွင်း လျှပ်စစ်ဓာတ်အားပို့လွှတ်ပေးနေပြီ ဖြစ်ပါတယ်။ မကြာခင် ရွှေတောင်ကျေးရွာအပါအဝင် ကျေးရွာ ၃၇ ရွာစလုံး လျှပ်စစ်မီးလင်းနိုင်တော့မှာ ဖြစ်ပါတယ်"ဟု ခရိုင်လျှပ်စစ်အင်ဂျင်နီယာက ပြောသည်။



အဆိုပါ ကျေးရွာ ၃၇ ရွာစလုံး အမြန်ဆုံး လျှပ်စစ်မီးလင်းနိုင်ရေးအတွက် ဝမ်းတွင်းမြို့နယ် လျှပ်စစ်အင်ဂျင်နီယာဦးသန်းလှိုင်နှင့် ဝန်ထမ်းများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျေးရွာအားလုံး လျှပ်စစ်မီးလင်းနိုင်ချိန်တွင် ကျေးရွာဒေသခံ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာ အထောက်အကူပြု အကျိုးရှိမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# မီးငြှိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**စစ်ကိုင်း မတ် ၉**

စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဝန်ထမ်းများအား မီးသတ်ဆေးဘူးအသုံးပြု၍ လက်တွေ့မီးငြှိမ်းသတ်နည်းကို မတ် ၅ ရက်က တစ်ဦးချင်းလေ့ကျင့်သင်ကြားပေးကြောင်း သိရသည်။ ရှေးဦးစွာ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးထွန်းထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုနည်းနှင့် မီးငြှိမ်းသတ်နည်းတို့ကို မြန်မာ့စီးပွားရေးဘဏ် ဝန်ထမ်းများအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ချစ်ကိုကို**



# စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာအတွေ့အကြုံဆွေးနွေးပွဲ ကျင်းပ

**တပ်ကုန်း မတ် ၉**

ဘုန်းတော်ကြီးသင် ပညာရေးဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (MEDG) က ကြီးမှူးကျင်းပသည့် စီမံခန့်ခွဲမှုနှင့် စီမံအုပ်ချုပ်မှုဆိုင်ရာ အတွေ့အကြုံများ တွေ့ဆုံဆွေးနွေးပွဲကို နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေမြို့အုပ်စု ရွှေမြို့ကြီးဂိုဏ်းထောက်ဘုန်းတော်ကြီးသင် အခြေခံပညာမူလတန်းလွန်ကျောင်း မဟာဉာဏဗိမာန်တော်၌ မတ် ၅ ရက် နံနက်က ကျင်းပရာ ဆွေးနွေးပွဲတွင် တပ်ကုန်းမြို့နယ် ဘ/က ပညာရေးကျောင်းများ ကြီးကြပ်ရေးအဖွဲ့ ဉက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏိဿရိယ(သဒ္ဓမ္မဇောတိကဓဇ)က စီမံခန့်ခွဲမှုနှင့် ဘ/က ပညာရေးတိုးတက်မြင့်မားရေးနှင့် ပတ်သက်၍ ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို မတ် ၅ ရက်မှ ၆ ရက်အထိ နှစ်ရက်တာ ကျင်းပခဲ့ကြောင်း၊ ဆွေးနွေးပွဲသို့ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ဘ/က ကျောင်းများမှ ကျောင်းအုပ်ဆရာတော်များ၊ ဆရာ ဆရာမများနှင့် MEDG မှ ဆရာ ဆရာမများ စုစုပေါင်း ၄၅ ဦး တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်လွင်(တပ်ကုန်း)**

# ကျောင်းပေါင်း ၁၃၃ ကျောင်းအား ဆွမ်းဆန်စိမ်းလောင်းလှူ

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် သာသနမကုဋ္ဌအတုလဗိမ္မာန်တော်ကြီး၌ မတ်လ ၇ ရက်က မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း စာသင်တိုက်နှင့် သီလရှင်ကျောင်း ၁၃၃ ကျောင်းတွင် ဆန်အိတ်ပေါင်း လေးထောင်ကျော်ကို မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်ဆန်လှူအသင်းက ကြီးမှူး၍ လှူဒါန်းခဲ့ကြောင်း သိရသည်။ ရပ်ကွက်၊ ကျေးရွာ ၂၉ ခုမှ အုပ်ချုပ်ရေးမှူးများနှင့် ဆန်လှူအသင်းတို့က လှည့်လည်အလှူခံ၍ရသော ဆွမ်းဆန်အိတ်ပေါင်း ၄၂၂၀ ကို မြို့နယ်လုံးဆိုင်ရာ ဆွမ်းဆန်တော်ဆန်လှူအသင်းက သံဃာတစ်ပါးလျှင် ရှစ်ပြည်နှုန်းဖြင့် မြို့နယ်အတွင်းရှိ စာသင်တိုက် ၄၂ တိုက်၊ သီလရှင်စာသင်တိုက် ငါးတိုက်တို့ကို နှစ်နှစ်ဆက်တိုက် လှူဒါန်းခဲ့ခြင်းဖြစ်ပြီး စာသင်တိုက်တစ်တိုက်လျှင် စာသင်သံဃာ၊ သီလရှင် ၃၀ အထက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်

**ကြို့ပင်ကောက် မတ် ၉**

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့ စက်တိုင်ကုန်းရပ်ကွက်မှ ခုနစ်ရွာကျေးရွာအထိ တည်ဆောက်ခဲ့သော 11 KV လိုင်းနှင့် 400 V နှစ်ထပ်လိုင်းရှိ သစ်သားတိုင်၊ သံတိုင် ၆၈ တိုင်နှင့် ACSR(25)$mm^2$ ၂ ဒသမ ၅ မိုင်အား ကွန်ကရစ်တိုင်၊ သံလက်တန်း၊ ACSR(95) $mm^2$ တို့ဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို ကြို့ပင်ကောက်မြို့နယ်လျှပ်စစ်မှူး၊ ဦးခင်မောင်မြင့် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိရာ မတ် ၆ ရက်က လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းအားလုံးပြီးစီးပါက ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိလာမည်ဖြစ်ပြီး ဓာတ်အားသုံးစွဲသူများအနေဖြင့်လည်း ဗို့အားပြည့်ဝစွာသုံးစွဲလာနိုင်ခြင်းနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းမှု အကျိုးကျေးဇူးများရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**(မြို့နယ်လျှပ်စစ်မှူး)**

# (အထက)ကျောင်းများသို့ အားကစားပစ္စည်းများပေးအပ်လှူဒါန်း

**ရမည်းသင်း မတ် ၉**

မန္တလေးတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ရမည်းသင်းခရိုင်တာဝန်ခံဦးကျော်မြင့်သည် မြို့နယ်အတွင်းရှိ အခြေခံပညာ ကျောင်းသားကျောင်းသူများအား အားကစားထူးချွန်သူများပေါ်ထွန်းရေးအတွက် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဖေဖော်ဝါရီ စတုတ္ထပတ်က ရမည်းသင်းမြို့ သီလဝ ခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်မြင့်က ကျောင်းသား ကျောင်းသူများ ကျန်းမာသန်စွမ်းပြီး စာပေနှင့် အားကစားများ ထူးချွန်နိုင်ရန်အတွက် အားကစားပစ္စည်းများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ရှစ်ကျောင်းသို့ တစ်စုံလျှင် ငွေကျပ် ၃၃၀၀၀၀ တန်ဖိုးရှိ စားပွဲတင်တင်းနစ်ခုံ၊ ဘိုးကင်းဘောလုံး၊ ရိုက်တံနှင့် ပိုက်များအပါအဝင် ရှစ်စုံကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာကျောင်းများမှ ကျောင်းအုပ်ဆရာကြီးများနှင့် ဆရာမကြီးများက လက်ခံယူခဲ့ကြောင်း သိရသည်။

**(၀၁၁)**

ပြည်တွင်းသတင်း

# ကလေးမြို့အနီးမှ ထူးဆန်းအံ့ဖွယ်လက်ဆေးကန်



ကလေးမြို့၏ ထူးဆန်းအံ့ဖွယ်လက်ဆေးကန်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၃၀၆၉ ပေရှိသော တောင်ပေါ်တွင် တည်ရှိသည့်ရေကန်ဖြစ်ပြီး မော်လိုက်ခရိုင်နှင့် ကလေးခရိုင် နယ်စပ်တွင် တည်ရှိသည်။ ကလေး-တမူး မြန်မာ-အိန္ဒိယချစ်ကြည်ရေးကားလမ်းမကြီးဘေး ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာအနီးမှ ပြောင်ဘုတ်-မော်လိုက်လမ်းအတိုင်း ၁၄ မိုင်ခန့် တောင်တက်ခရီးသွားကာ မော်လိုက်မြို့မှ ၁၉ မိုင်ကွာဝေးသည်။

မြတ်ဗုဒ္ဓ ငါးဝါအရတွင် ချင်းတွင်းမြစ်အထက်ပိုင်း မော်လိုက်မြို့အနီး နန်းဇလိန်ရွာ၏အနောက်ဘက် ဆွမ်းဘုဉ်းတောင်သို့ ကြွရောက်ခဲ့သည့်အတွက် ယခုတိုင် ဆွမ်းဘုဉ်းတောင်ဟုအမည်တွင်ပြီး ထိုဆွမ်းဘုဉ်းတောင်ပေါ်တွင် ဘုရားရှင်ဆွမ်းဘုဉ်းပေးပြီးနောက် ညီတော်အာနန္ဒာက လက်ဆေးရန်ရေခပ်ပေးသည့်ကန်ကို လက်ဆေးကန်ဟု ယနေ့တိုင်ခေါ်တွင်ခဲ့ကြောင်း သိရသည်။ ဆွမ်းဘုဉ်းတောင်ပေါ်၌ ဆွမ်းဘုဉ်းဘုရားကိုလည်း ယနေ့တိုင်ဖူးမြော်နိုင်သည်။

လက်ဆေးကန်ရေပြင်သည် အကျယ် ၁၈ ဧကခန့်ရှိပြီး ကန်ဝန်းကျင်တွင် ဝါးခါးရေစိုတောရှိခြင်း၊ နွေမိုးဆောင်းသုံးရာသီစလုံးတွင် ရေပြင်အတက်အကျမရှိခြင်းနှင့် အမြဲတမ်းကြည်လင်အေးမြခြင်း၊ ရေအမျိုးအစားPH-7 ရှိခြင်းတို့ကြောင့် အလွန်ထူးဆန်းသည့် ရေကန်ဖြစ်သည်။ ထို့အပြင် ကလေးသမိုင်းနှင့်ဆက်စပ်သည့် သမိုင်းတစ်ခုတွင်လည်း အိန္ဒိယနိုင်ငံရာဇဂြိုဟ်မှ ပြေးလာခဲ့ကြသောအဇာတသတ်မင်း၏ ဆွေတော်မျိုးတော်များနှင့်အတူ ရဟန္တာအရှင်မြတ် ၅၀၀ လိုက်ပါခဲ့ရာ ယခုလက်ဆေးကန်နေရာတောထဲတွင် သီတင်းသုံးခဲ့ကြကြောင်း ကလေးမြို့ သမိုင်းကြောင်း စုဆောင်းသူအချို့၏ အဆိုအရ သိရသည်။

လက်ဆေးကန်တောင်ထိပ်ပေါ်တွင် ရွှေကံ့သာမုနိစေတီတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုနိုင်ပြီး ဘုရားရင်ပြင်တော်မှ ကလေးမြို့နယ်တစ်ခွင်လုံး၏ သဘာဝအလှရှုခင်းများကို ကြည့်ရှုခံစားနိုင်သည်။ လက်ဆေးကန်တောင်ထိပ်တွင် ကျောင်းထိုင်သီတင်းသုံးသည့် ဆရာတော် ဦးကုမာရ(ဂန့်ဂေါ)၏ မိန့်ကြားချက်အရ လက်ဆေးကန်သည် ယခုတိုင် တောတောင်ရေမြေ မပျက်ယွင်းသေးသည့်နေရာဖြစ်ကြောင်း၊ ဆွမ်းဘုဉ်းတောင်တွင် သစ်တော၊ ဝါးတောကြီးများ ကျန်သေးသည့်အပြင် သဘာဝတောကောင် သားကောင်များ၊ ကျား၊ ဝက်ဝံ၊ ပြောင်စသည့် အကောင်ကြီးများပင် ကျန်ရှိသေးသည်ဟု သိရသည်။

ယခင်နှစ်များကအစပြု၍ မော်လိုက်-ပြောင်ဘုတ်-လက်ဆေးကန်လမ်းကို စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်ပြုပြင်ခြင်း၊ တံတားများတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နေပြီဖြစ်၍ ဘုရားဖူးသွားရောက်သူ၊ လေ့လာရေးခရီးသွားရောက်သူများအတွက် သွားလာရေးအဆင်ပြေလျက်ရှိသည်။ ထိုသို့လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ဘုရား၊ ကျောင်းကန်၊ ဇရပ်တို့ဖြင့်ပြည့်စုံလာသည့်အတွက် ဘုရားဖူးခရီး၊ လေ့လာရေးခရီး လာရောက်သူလည်း များပြားလျက်ရှိကာ အထူးသဖြင့်သီတင်းကျွတ်ချိန်၊ ကထိန်ခင်းချိန်နှင့် သင်္ကြန်ကာလတို့တွင် လာရောက်သူအများဆုံးဖြစ်ကြောင်း၊ ပြည်တွင်းသာမက ပြည်ပမှခရီးသွားဧည့်သည်များလည်း စိတ်ဝင်စားမှုများပြားသည့် ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

**ဂျူနိုင်း**

# ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ လှူဒါန်း

**ထားဝယ် မတ် ၉**

ယခုနှစ် ဧပြီလတွင်ဖွင့်လှစ်မည့် တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများကို ပြည်သူများက ဒုတိယအကြိမ်လှူဒါန်းပွဲကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မတ် ၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များဖြစ်သော ကျောက်လက်နက် သုံးခု၊ မြေပုတီးစေ့ လေးလုံး၊ ကြေးခွက်ပန်းကန်လုံး တစ်လုံး၊ ကျောက်သားထွင်းထားသော ကျောက်ပျဉ် တစ်ချပ်၊ ပျူခေတ်လက်ရာ အရိုးအိုး နှစ်လုံးနှင့် အိုးကွဲများ၊ လေးခြမ်းစပ်အုတ်တိုင်ဝိုင်း နှစ်ခု၊ ရှေးဗိသုကာလက်ရာ သစ်သားဆွမ်းအုပ်တစ်အုပ်၊ စဥ့်အိုး နှစ်လုံး၊ အိုးသေးတစ်လုံး၊ အင်းဝခေတ် စာအရေးအသားပါ ဒင်္ဂါးတစ်ခုတို့ကို အလှူရှင်ပြည်သူများက ဒုတိယအကြိမ်အဖြစ် ယဉ်ကျေးမှုပြတိုက်(ထားဝယ်)သို့ လှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

လှူဒါန်းပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းတာဝန်ခံ စည်ပင်သာယာရေးဝန်ကြီး ဦးအောင်ကျော်ကျော်ဦးက အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား ပြတိုက်ခင်းကျင်းရေးကော်မတီဝင်ဦးအောင်မျိုးက ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ လှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်လျက်ရှိသော တိုင်းရင်းသားမျိုးနွယ်စုများ၏ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် လူနေမှုစနစ်များကို သုတေသီများအနေဖြင့် အလွယ်တကူ လေ့လာနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် အလှူရှင်များကိုယ်စား တာဝန်ရှိသူများက ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ပေးအပ်လှူဒါန်းရာ စည်ပင်သာယာရေးဝန်ကြီးနှင့် ကော်မတီဝင်များက လက်ခံရယူပြီး အလှူရှင်များအား စည်ပင်သာယာရေးဝန်ကြီးက ကျေးဇူးတင်စကား ပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီး ယဉ်ကျေးမှုပြတိုက်(ထားဝယ်)ကို ဧပြီလပထမပတ်တွင် ဖွင့်လှစ်မည်ဖြစ်ပြီး ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို စုဆောင်းထားရှိသူများ လာရောက်လှူဒါန်းပေးကြရန် တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# စေတုတ္တရာ-လောင်းရှည်-ဆောလမ်းဖောက်လုပ်မှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မကွေး မတ် ၉**

မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်နှင့် ဂန့်ဂေါခရိုင် ဆောမြို့နယ်တို့ကို ဆက်သွယ်သော မင်းဘူး-ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆောကားလမ်း ဖောက်လုပ်နေမှုကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများ မတ် ၅ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးအောင်နိုင်နှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများသည် မင်းဘူး-ငဖဲ-စေတုတ္တရာ-လောင်းရှည်-ဆော ကားလမ်းဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကားလမ်းပေါ်ရှိ စွမ်းအားပြည့်ကုမ္ပဏီ ရှင်းလင်းဆောင်၌ တိုင်းဒေသကြီးအင်ဂျင်နီယာမှူးက လမ်းပိုင်းအလိုက် ကုမ္ပဏီများက ဖောက်လုပ်နေမှု၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ယခုဘဏ္ဍာရေးနှစ်တွင် အပြီးဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘဏ္ဍာရေးနှစ်အတွင်း အချိန်မီပြီးစီးရေး၊ လမ်းအရည်အသွေးကောင်းမွန်ရေး၊ အလေအလွင့်မရှိရေးတို့ကို ကုမ္ပဏီအလိုက် ကြပ်မတ်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**



# ခင်ဦးမြို့၌ စားသုံးသူရေးရာ အကာအကွယ်ပေးရေး ပညာပေးဟောပြော

**ခင်ဦး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့၌ စားသုံးသူရေးရာ အကာအကွယ်ပေးရေးပညာပေးဟောပြောပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မတ် ၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်သီတာသိန်းဆွေက အမှာစကားပြောကြားသည်။ ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသန်းထွန်းက စားသုံးသူရေးရာအကြောင်း သိကောင်းစရာများကို အသေးစိတ်ရှင်းလင်းဆွေးနွေးပြီး စားသုံးသူရေးရာဌာနမှ ဒုတိယဦးစီးမှူး ဦးငွေးတင့်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းကိုလည်းကောင်း၊ ဒုဦးစီးမှူး ဒေါ်နှင်းနှင်းခိုင်က အရက်၊ ဘီယာ၊ စီးကရက်နှင့် ကွမ်းယာတို့၏ အန္တရာယ်အကြောင်းကိုလည်းကောင်း၊ အကြီးတန်းစာရေး ဒေါ်ကေသီအောင်က မုန့်မျိုးစုံနှင့် အစားသောက်များ၏ အန္တရာယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောဆွေးနွေးသည်။ ဟောပြောပွဲသို့ ခင်ဦးမြို့တွင်းနှင့် မြို့မစျေးမှ စားသောက်ကုန်အရောင်းဆိုင်ရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများအား အန္တရာယ်ဖြစ်စေနိုင်ပြီး ဆုံးရှုံးမှုဖြစ်စေနိုင်သည့် ကိစ္စရပ်များမှ အကာအကွယ်ပေးနိုင်ရန်၊ မှုမမှန်သည့် စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မမှန်ကန်သည့်ဝန်ဆောင်မှုများ စသည့် အန္တရာယ်များမှ ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် ပညာပေးဟောပြောပွဲကျင်းပခြင်းဖြစ်ပြီး လိုအပ်ပါက အရေးယူဆောင်ရွက်သည့်နည်းလမ်းကိုသုံး၍ပါ စားသုံးသူပြည်သူများအား အကာအကွယ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



# မိုးပွင့်(အထူး)စီမံချက်လုပ်ငန်းဆိုင်ရာ ရှင်းလင်းဆွေးနွေး

**ကွတ်ခိုင် မတ် ၉**

ကွတ်ခိုင်မြို့နယ်အတွင်း မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများထုတ်ပေးခြင်းလုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကို ပြည်ထောင်စုခန်းမ၌ မတ် ၇ ရက်က ကျင်းပသည်။

လုပ်ငန်းရှင်းလင်းပွဲတွင် ကွတ်ခိုင်မြို့နယ် အုပ်ချုပ်ရေးမှူးဦးဆန်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးမင်းမင်းဇော်က နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုများ၊ မြို့နယ်အတွင်းမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရရှိသေးသည့်နေရာများတွင် ကွင်းဆင်းဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းပြီး မူဆယ်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးဦးဝင်းကိုက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းရှင်းလင်းပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေးကော်မတီဝင်များ တက်ရောက်ခဲ့ကြသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ကမ္ဘာကျော် Big Bang အဖွဲ့ မြန်မာနိုင်ငံတွင် ဖျော်ဖြေမည်



**ရန်ကုန် မတ် ၉**

အမျိုးသားငါးဦးဖြင့် ဖွဲ့စည်းထားသည့် နာမည်ကျော် Big Bang အဖွဲ့က မြန်မာပရိသတ်များအတွက် ပထမဆုံးအကြိမ် ဖျော်ဖြေပွဲကို ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်နေပြီဖြစ်ကြောင်း သိရသည်။

Big Bang အဖွဲ့သည် လူငယ်ပရိသတ်များအကြား ရေပန်းစားသည့် လူငယ်ဂီတအဖွဲ့တစ်ခုဖြစ်ပြီး ၂၀၁၃ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်က အကောင်းဆုံး တေးသီချင်းများထဲတွင် ပါဝင်သည့် အဆိုရှင်အဖွဲ့တစ်ခုလည်း ဖြစ်သည်။

"သူတို့ရဲ့ ပရိသတ်တွေက မြန်မာလူငယ်တွေအကြားမှာ အလွန်များပြားတာကို လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ 2NE1 တုန်းကလည်း ထင်ထားတာထက် ပိုမိုပြီး အောင်မြင်ခဲ့တာကြောင့် Big Bang အဖွဲ့ကို ဖိတ်ခေါ်ဖို့ စီစဉ်ရခြင်းဖြစ်တယ်"ဟု Living Sound Entertainment မှ ကိုဂျော်မရမ်က ပြောသည်။

လက်မှတ်တန်ဖိုးကို မသတ်မှတ်ရသေးသော်လည်း အများပြည်သူအားလုံးဝယ်ယူနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။ အမျိုးသမီးငယ်များအကြား ရေပန်းစားသည့် Big Bang အဖွဲ့သားများကို ခေါ်ယူဖျော်ဖြေနိုင်ရေးအတွက် ကုန်ကျစရိတ်များစွာရှိနိုင်ကြောင်း၊ ပွဲစီစဉ်ရန်အတွက် နေရာအခက်အခဲ အနည်းငယ်ရှိကြောင်း၊ စင်မြင့်နှင့် အခြားအစီအစဉ်များအတွက် အသေးစိတ်စီစဉ်ပြီးပါက သတင်းထုတ်ပြန်သွားမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။

Big Bang အဖွဲ့ မြန်မာနိုင်ငံသို့ လာရောက်ရန် စာချုပ်ချုပ်ဆိုပြီးစီးသွားပြီဖြစ်၍ ၂၀၁၅ ခုနှစ်အတွင်းမှာပင် ဖျော်ဖြေပွဲ တင်ဆက်သွားရန်ရှိကြောင်း ကိုဂျော်မရမ်ထံက သိရသည်။

**မောင်သဲဦး**

# မင်္ဂလာပါဂျပန်အစီအစဉ်အတွက် မြန်မာ့အထင်ကရနေရာများသို့ ဂျပန်မင်းသားကြီး ဆန်နီချီးပါး လှည့်လည်ရိုက်ကူးမည်

**ရန်ကုန် မတ် ၉**

မင်္ဂလာပါဂျပန် ရုပ်သံအစီအစဉ်အတွက် ဂျပန်မင်းသားကြီး ဆန်နီချီးပါးက မြန်မာနိုင်ငံအနှံ့ ခရီးစဉ်များထွက်ကာ ဒေသန္တရအတွေ့အကြုံများ ရိုက်ကူးမည့်အစီအစဉ်ကို မကြာမီစတင်တော့မည်ဖြစ်ကြောင်း မတ် ၇ ရက်တွင် ရန်ကုန်မြို့ Junction Square ၌ ကျင်းပသည့် မင်္ဂလာပါဂျပန်ရုပ်သံအစီအစဉ် မိတ်ဆက်ပွဲအခမ်းအနားမှ သိရသည်။



အဆိုပါရုပ်သံအစီအစဉ်ကို 5 Plus ရုပ်သံလိုင်းတွင် ပြသလျက်ရှိပြီး ဂျပန်တို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများ၊ ဂျပန်မြို့တော်ပေါင်း ၁၃ မြို့ကို သွားရောက်လှည့်လည်ရိုက်ကူးထားသည့် ဗဟုသုတရဖွယ်ရာများနှင့် ဂျပန်အစားအစာများ စသည်တို့ကို ပြသပေးလျက်ရှိသည်။ တိုးချဲ့အစီအစဉ်အဖြစ် ဂျပန်မင်းသားကြီး ဆန်နီချီးပါးက မြန်မာအပါအဝင် ကမ္ဘောဒီးယား၊ ကိုရီးယားနှင့် ဗီယက်နမ် နိုင်ငံများသို့ သွားရောက်ကာ အစီအစဉ်သစ်များ ရိုက်ကူးရန် စီစဉ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံတွင် စတင်ရိုက်ကူးတော့မည်ဖြစ်သည်။

"ရန်ကုန်အပါအဝင် အထင်ကရ ဒေသတွေဖြစ်တဲ့ နန်းတော်ဟောင်းတွေ၊ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်တွေနဲ့ ဒေသန္တရဗဟုသုတပေးနိုင်တဲ့ သဘာဝအလှအပတွေ၊ ချောင်းသာ၊ ငွေဆောင်တို့လို ကမ်းခြေတွေကို ရိုက်ကူးတင်ဆက်သွားဖို့ရှိပါတယ်"ဟု ရိုက်ကူးရေးလုပ်ငန်းများကို တာဝန်ယူစီစဉ်ပေးမည့် Living Sound Entertainment မှ ကိုဂျော်မရမ်က ပြောသည်။

ဆန်နီချီးပါးအနေဖြင့် မြန်မာနိုင်ငံသို့ ၂၀၁၄ နိုဝင်ဘာလအတွင်းက ပထမဆုံးအကြိမ် လာရောက်ခဲ့ပြီး မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး မြန်မာ့ရုပ်ရှင်မြှင့်တင်ရေးနှင့် နိုင်ငံတကာအဆင့်မီရုပ်ရှင် စတူဒီယိုအသစ်များကို မြန်မာ-ဂျပန်နှစ်နိုင်ငံ ပူးတွဲထူထောင်နိုင်ရေး၊ ရုပ်ရှင်ဇာတ်လမ်းများကို နှစ်နိုင်ငံသရုပ်ဆောင်များ ပူးတွဲသရုပ်ဆောင် နိုင်ရေးများအတွက် ဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။ ဆန်နီချီးပါးသည် ဂျပန်ခေတ် ရဲဘော်သုံးကျိပ်ဖြစ်ရပ်မှန်အကြောင်းကို အခြေတည်ကာ ဇာတ်အိမ်တည်ဆောက်ထားသော အရှုဏ်ဦးဇာတ်ကားကိုလည်း ရိုက်ကူးနိုင်ရေးအတွက် စီစဉ်နေသူတစ်ဦးဖြစ်ကြောင်း ကိုဂျော်မရမ်က ပြောသည်။

မြန်မာနိုင်ငံအနှံ့ လှည့်လည်ရိုက်ကူးမည့်အစီအစဉ်များကို စတင်တော့မည်ဖြစ်ပြီး ရိုက်ကူးရေးလုပ်ငန်းများအတွက် စီစဉ်လျက်ရှိကြောင်း သိရသည်။ လက်ရှိတွင် မင်္ဂလာပါဂျပန်အစီအစဉ်ကို ကိုဂျော်မရမ်နှင့် မော်ဒယ်လ်သန္တာလှိုင်တို့က အစီအစဉ်တင်ဆက်သူများအဖြစ် တင်ဆက်ထားပြီး 5 Plus ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးလျက်ရှိသည်။

**သတင်း-သွန်းဝသန်၊ ဓာတ်ပုံ-မေဦးမိုး**

# ရွက်ပုန်းသီးများအတွက် စီးတီးအက်ဖ်အမ်မှ ကိုယ်ရည်ကိုယ်သွေးအစီအစဉ်ဖြင့် မြေတောင်မြှောက်ရန်စီစဉ်

**ရန်ကုန် မတ် ၉**

စီးတီးအက်ဖ်အမ်မှ တစ်နိုင်ငံလုံးက ရွက်ပုန်းသီးအဆိုရှင်များနှင့် တေးရေးများအတွက် အခွင့်အလမ်းတစ်ရပ်အနေဖြင့် FM Local Talent အစီအစဉ်ကို စတင်တော့မည်ဖြစ်ခြင်းကြောင့် အသက်အရွယ်မရွေး မည်သူမဆိုဝင်ရောက်ပါဝင်ခြင်းဖြင့် မိမိအရည်အသွေးကို ဖော်ထုတ်နိုင်တော့မည်ဖြစ်သည်။

"ပြည်တွင်းက ရွက်ပုန်းသီးတွေအတွက် ရည်ရွယ်ထားတာဖြစ်ပါတယ်။ ဒီအစီအစဉ်ကနေ ကိုယ်ပိုင်သံစဉ်တွေ ပိုမိုထွက်ပေါ်လာနိုင်သလို အဆိုရှင်တွေအတွက်လည်း အခွင့်အလမ်းကောင်းတစ်ရပ်ဖြစ်ပါတယ်။ လူငယ်တွေအတွက် သူတို့ရဲ့ စိတ်ကူးတွေကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ပေးတာပါ။ ပထမဆုံးကတော့ ကိုယ်ပိုင်သံစဉ်တွေကို ရွေးချယ်ပေးမယ်။ နောက်ပိုင်းမှာ Hip Hop တွေကိုပါ ရွေးချယ်ပေးသွားဖို့ရှိပါတယ်။ ကြိုက်တဲ့တူရိယာနဲ့ သီဆိုနိုင်တယ်။ Band မှ မဟုတ်ပါဘူး။ အဓိကကတော့ ကိုယ်ပိုင်သံစဉ် ဖြစ်ရမယ်။ အခြားနေရာတွေကို ပေးပို့ထားတာမျိုး မရှိရဘူး။ အဲဒါဆိုရင် ရွေးချယ်ပေးသွားမယ်" ဟု စီးတီးအက်ဖ်အမ်မှ ကိုတုန့်နိုင်းခက ပြောသည်။

"စိတ်ကူးရတာကတော့ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀ လောက်က မြန်မာ့အသံမှာ Local Talent ဆိုတဲ့ အစီအစဉ်ရှိခဲ့ဖူးတယ်။ အဲဒီအချိန်က လူငယ်တွေကြားမှာ မျှော်လင့်ချက်တစ်ခုလည်း ဖြစ်ခဲ့ဖူးတယ်။ အောင်မြင်ကျော်ကြားမှုအတွက် ခြေလှမ်းသစ်တစ်ရပ်သဖွယ်ဖြစ်တာကြောင့် အစီအစဉ်လေးကို အကောင်အထည်ဖော်နေတာဖြစ်ပါတယ်" ဟု ၎င်းက ဆက်ပြောသည်။

စိတ်ပါဝင်စားသူများအနေဖြင့် အသံသွင်းထားသည့်အခွေကို စီးတီးအက်ဖ်အမ်သို့ ပေးပို့နိုင်ပြီး တိုက်ရိုက်သီဆိုလိုသူများအနေဖြင့်လည်း ဖုန်း-၀၁-၅၄၅၁၉၂ ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ သီဆိုလိုသူများနှင့် သီချင်းသစ်မိတ်ဆက်လိုသူများအားလုံး ဆက်သွယ်နိုင်ကြောင်း၊ အသံကောင်းမွန်သူ ရွက်ပုန်းသီးအဆိုရှင်များကိုလည်း သတ်မှတ်လူဦးရေပြည့်လာပါက အခွေထုတ်ပေးရန် ရည်ရွယ်ထားပြီး တေးရေးများအတွက်လည်း တေးသီချင်းရောင်းချနိုင်ရေးအတွက်ပါ စီစဉ်ပေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

**ခင်လေးမြင့်အောင်**

# သင်္ကြန်နဲ့ သူတို့ပုံရိပ်

**Alison စုစည်းသည်**

**မြန်မာတို့ရဲ့ ရိုးရာအတာသင်္ကြန်ပွဲတော်ကြီးကိုရောက်ရှိဖို့ အချိန်တစ်လကျော်သာလိုပါတော့တယ်။ ဟိုတစ်စ သည်တစ်စ သင်္ကြန်သီချင်းသံတွေကလည်း အမြို့မြို့အနယ်နယ်မှာ စတင်ပျံ့လွှင့်နေပါပြီ။ သင်္ကြန်အကြိုကာလမှာ အနုပညာရှင်အချို့ရဲ့ ပရိသတ်အတွက် အစီအစဉ်တွေကို ဆက်သွယ်မေးမြန်း ပေးလိုက်ပါတယ်။**

**ဟဲလေး**




သင်္ကြန်သီချင်းတွေ ကတော့ ရာသီစာအနေနဲ့ စပြီးကြားနေရပါပြီ။ ကျွန်တော်က အိမ်ပြင်အမြန်ထွက်ခဲ့ပါဆိုတဲ့ သင်္ကြန်သီချင်းလေးကို ပြန်လည်ဆန်းသစ်ပြီး ပရိသတ်အကြိုက် မြူးမြူးကြွကြွ ရိုက်ကူးပုံဖော်ထားပါတယ်။ ယုန်လေးရဲ့ အခွေထဲမှာပါ။ နောက်ထပ်သင်္ကြန်ပါတီအခွေမှာလည်း ကျွန်တော် သီချင်းသစ်တစ်ပုဒ် ပါဝင်လို့ နားဆင်ပေးပါလို့ ပရိသတ်ကြီးကို ပြောလိုပါတယ်။ သင်္ကြန်နီးလာတာနဲ့ ကျွန်တော်တို့လို အနုပညာရှင်တွေအနေနဲ့ မရိုးနိုင်အောင်ဖျော်ဖြေရေး အစီအစဉ်တွေ စဉ်းစားကြရပါတယ်။ ပျော်ရွှင်တဲ့နှစ်သစ်ကို အတူတူဖြတ်သန်းခွင့်ရပါစေလို့ ဆုတောင်းပါတယ်။




**စန္ဒီမြင့်လွင်**

ဒီနှစ်သင်္ကြန်အတွက် သီချင်းသစ်တစ်ပုဒ် သီဆိုထားတာရှိပါတယ်။ ရန်ကုန်အော်ရီဒူးမဏ္ဍပ်မှာ ဖျော်ဖြေသွားဖို့ရှိပါတယ်။ သင်္ကြန်ဆိုတာ အားလုံးနဲ့သက်ဆိုင်တဲ့ ပွဲတော်ကြီးတစ်ခုဆိုတော့ ကျွန်မတို့အတွက်လည်း ရင်ခုန်တာပဲ။ အသက်တစ်နှစ်ကြီးလာပေမယ့် သင်္ကြန်ရောက်တိုင်း ငယ်ငယ်ကလို အခုလိုစာမေးပွဲတွေပြီးချိန်ကတည်းက ကြိုပြီးမျှော်တတ်တာတော့ အကျင့်ဖြစ်နေပါပြီ။

**မေမြတ်နိုး**



ဒီနှစ်တော့ အမေတို့ရဲ့ သင်္ကြန်အခွေမှာ သီဆိုထားတယ်။ ထူးထူးခြားခြား မြန်မာသံ သင်္ကြန်သီချင်းလေးမို့ နားဆင်ကြည့်ကြဖို့ ပရိသတ်ကြီးကို ပြောလိုပါတယ်။ သင်္ကြန်သီချင်းခွေလေးက မတ်လလယ်မှာထွက်မယ်လို့ ခန့်မှန်းထားပါတယ်။ ဒီနှစ်သင်္ကြန်က မဏ္ဍပ်တစ်ခုခုမှာ ရှိနေနိုင်ပြီး အခုချိန်ထိတော့ မစဉ်းစားရသေးပါဘူးရှင့်။



**ရန်ရန်ချမ်း**

ဒီနှစ်တော့ ရေပါတီအခွေမှာ 99 party သင်္ကြန်သီချင်းတစ်ပုဒ် သီဆိုထားပါတယ်။ လက်ရှိမှာ သီချင်းအတွက် ဗွီစီဒီရိုက်ကူးပြီးသွားလို့ ရက်ပိုင်းအတွင်းမှာ နားဆင်နိုင်မယ်လို့ ပရိသတ်ကြီးကို ပြောလိုပါတယ်။ သင်္ကြန်သီချင်းအသစ်တွေအများကြီး ရှိပေမယ့် ကိုယ့်လိုင်းနဲ့ကိုယ်တွေဆိုတော့ ပရိသတ်ကြီးလည်း အားရကျေနပ်မယ်လို့ ထင်ပါတယ်။ သင်္ကြန်ဆိုတာအနုပညာရှင်တွေအတွက်ရော နိုင်ငံသားတွေအားလုံးအတွက်ပါ ရင်ခုန်စရာရိုးရာပွဲတော်မို့ ကြိုဆိုနေပါတယ်။

**ရတနာမိုင်**



အရင်နှစ်တွေက မဏ္ဍပ်လည်း ဆောက်ဖူးသလို ဖျော်ဖြေမှုတွေကိုလည်း အပြေးအလွှားဖြည့်ဆည်းပေးခဲ့ဖူးတယ်။ ဒီနှစ်တော့ မိုင်လေးအန်တာတိန်းမန့်က အားလုံးပျော်တဲ့သင်္ကြန်အမည်နဲ့ တေးစီးရီးလေးတစ်ခု စီစဉ်ထားပါတယ်။ သင်္ကြန်နဲ့လိုက်မယ့် မြူးမြူးကြွကြွ သီချင်းလေးတွေကို စုစည်းထားတာပါ။ ပရိသတ်ကြီး မိုင်လေးရဲ့ကြိုးစားတင်ဆက်မှုကို လက်ခံပေးပါလို့ ပြောချင်ပါတယ်။

ပြည်တွင်းသတင်း

# ရွှေထည်နှင့် ငွေများလုယက်ခံရကြောင်း လိမ်လည်တိုင်တန်းသူကို ငွေကျပ်တစ်ထောင် ဒဏ်ရိုက်

**ညောင်ဦး မတ် ၉**

ရွှေထည်နှင့် ငွေများ လုယက်ခံရကြောင်း လိမ်လည်အမှုဖွင့်တိုင်တန်းခဲ့သည့် ညောင်ဦးမြို့နယ် တောင်ဘီကျေးရွာ အာနန္ဒာဘုရားအနောက်ဘက်မုခ် ဘုရားဝန်ထမ်းအိမ်ရာနေ အမျိုးသမီးတစ်ဦးအား မြို့နယ်တရားရုံးက ဒဏ်ငွေကျပ်တစ်ထောင် တပ်ရိုက်ခဲ့ကြောင်း သိရသည်။

**ဒဏ်ငွေ ၁၀၀၀ သို့မဟုတ် ထောင်ဒဏ်တစ်လ**

ရွှေထည်နှင့်ငွေများ လုယက်ခံရကြောင်း ပုဂံနယ်မြေရဲစခန်း၌ မတ် ၄ ရက်က လိမ်လည်တိုင်တန်းခဲ့မှုကို နယ်မြေရဲစခန်းက ၂၄ နာရီအတွင်း ဖော်ထုတ်နိုင်ခဲ့ပြီး ညောင်ဦးမြို့နယ်တရားရုံးသို့တင်ပို့ရာ မြို့နယ်တရားရုံးက ဒဏ်ငွေကျပ်တစ်ထောင်ပေးဆောင်ရန်နှင့် မပေးဆောင်ပါက ထောင်ဒဏ်တစ်လ ကျခံစေရန် အမိန့်ချခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အမှုဖြစ်စဉ်တိုင်တန်းမှု**

ဖြစ်စဉ်မှာ မတ် ၄ ရက် ညနေ ၃ နာရီခန့်က ဘုရားဝန်ထမ်းအိမ်ရာနေ မ ------ (၂၃ နှစ်) သည် နေအိမ်ဝင်းအတွင်း တစ်ဦးတည်း စက္ကူထီးရိုးများလုပ်နေစဉ် ဦးခေါင်းအား မာကျောသောအရာဖြင့် အရိုက်ခံရ၍ သတိမေ့သွားခဲ့ကြောင်းနှင့် သတိရချိန်တွင် နေအိမ်ကိုစစ်ဆေးကြည့်ရာ နေအိမ်ပေါ်ရှိ သံသေတ္တာလေးလုံးအနက် တစ်လုံးမှာ ပတ္တာပျက်စီးနေပြီး သေတ္တာအတွင်းမှ ငွေကျပ် သိန်း ၄၀ ကျော်၊ အလေးချိန်တစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံး၊ အလေးချိန် ၅ မူးသားရှိ ဆွဲကြိုးတစ်ကုံးတို့ ပျောက်ဆုံးနေကြောင်း မ-----က ပုဂံနယ်မြေရဲစခန်းသို့ အမှုဖွင့်တိုင်တန်းခဲ့ခြင်းဖြစ်သည်။

**တရားလိုနှင့် သက်သေများစစ်ဆေးခြင်း**

ပုဂံနယ်မြေရဲစခန်းက မ------အား စစ်ဆေးရာ အခင်းဖြစ်ချိန်က ယခင်ကမမြင်တွေ့ဖူးသော လူနှစ်ဦးက နေအိမ်အတွင်းဝင်ရောက်လာခဲ့ကြောင်း၊ နောက်တစ်ကြိမ်ပြန်တွေ့လျှင် မှတ်မိကြောင်းထွက်ဆိုခဲ့ပြီး ဦးခေါင်းတွင် အရိုက်ခံရသော ဒဏ်ရာကြောင့် ဝဲဘက်ချိုစောင်းတွင် အနည်းငယ် ဖူးယောင်နေခဲ့သဖြင့် ပုဂံနယ်မြေရဲစခန်းမှ ညောင်ဦးဆေးရုံသို့ ဆေးစာဖြင့် ပို့အပ်ပေးခဲ့ကာ အမှုကို ဆက်လက်စုံစမ်းခဲ့ကြောင်း သိရသည်။

မ------- ၏ ခင်ပွန်း ------နှင့် မ------၏ ဖခင် ဦး------ တို့အား စစ်ဆေးခဲ့ရာ မတ် ၄ ရက် ညနေပိုင်းက ၎င်းတို့အလုပ်မှပြန်ရောက်စဉ် မ------သည် ခြံဝင်းအတွင်း လဲကျနေသဖြင့် ဝိုင်းဝန်းပြုစုခဲ့ပြီး မေးမြန်းရာ မ------က ဦးခေါင်းကို အရိုက်ခံရကြောင်း ပြောဆိုခဲ့ကြောင်း၊ နေအိမ်ပေါ်ရှိ သေတ္တာအတွင်းမှ ဦး------ပိုင် ငွေကျပ်သိန်း ၄၀ နှင့် ရွှေထည်များ ပျောက်ဆုံးနေသည်ကို တွေ့ရှိရကြောင်း ထွက်ဆိုခဲ့ကြသည်။

**အခင်းဖြစ်ရပ်စစ်ဆေးခြင်း**

ပုဂံနယ်မြေရဲတပ်ဖွဲ့က အခင်းဖြစ်နေရာကို ဆက်လက်စစ်ဆေးရာ အခင်းဖြစ်နေအိမ်သည် ဝန်ထမ်းမိသားစုများ စုပေါင်းနေထိုင်သည့် အိမ်ဖြစ်၍ လူသွားလူလာမပြတ်ခြင်း၊ နေအိမ်ပေါ်ရှိ ရွှေဆွဲကြိုးထည့်ထားသည့် မှန်ဗီရိုမှမှန်ကွဲစများမှာ ဗီရိုအတွင်းမရှိဘဲ အပြင်ဘက်ကြမ်းပေါ်၌သာ ပြန့်ကြဲနေခြင်း၊ အခင်းဖြစ်ချိန်တွင် မ------ ဝတ်ဆင်ထားသည့် နှစ်ကျပ်သားခန့် ဆွဲကြိုးတစ်ကုံး၊ တစ်ကျပ်သားခန့် လက်ကောက်လေးကွင်းနှင့် တစ်ပဲခန့်လက်စွပ်တစ်ကွင်းတို့ကို လုယက်သူများက ဖြုတ်ယူမသွားခြင်းစသည့် မသင်္ကာဖွယ်အချက်များ တွေ့ရှိခဲ့သဖြင့် ဆက်လက်စုံစမ်းစစ်ဆေးခဲ့ကြောင်း သိရသည်

**အမှုစုံစမ်းဖော်ထုတ်ခြင်း**

အထူးအမှုစစ်အဖွဲ့မှ ဒုရဲမှူးမြင့်စိုးနှင့်အဖွဲ့က အခင်းဖြစ်နေရာသို့ ပြစ်မှုကျူးလွန်သူ ဝင်ထွက်သွားလာနိုင်မှုအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေများကို စုံစမ်းရာ မ------သည် တောင်ဘီကျေးရွာနေ သူငယ်ချင်းအမျိုးသမီးတစ်ဦးထံမှ ငွေကျပ်တစ်သိန်းကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက လာရောက်ချေးယူပြီး ညနေပိုင်းတွင် ပြန်လည်ပေးဆပ်ခဲ့ကြောင်း သတင်းအရ သွားရောက်စုံစမ်းရာ အဆိုပါသူငယ်ချင်းဖြစ်သူက မ------က ၎င်းထံမှ ငွေချေးယူပြီး ပြန်ဆပ်ခဲ့သည်မှာ မှန်ကန်ကြောင်း ထွက်ဆိုခဲ့သည်။ ဆက်လက်၍ မတ် ၄ ရက် မွန်းလွဲ ၂ နာရီခန့်တွင် မ------က ဖုန်းဆက်ခေါ်သဖြင့် သွားရောက်ရာ ၎င်း၏ ခင်ပွန်း ------ ကိုပါ တွေ့ရှိကြောင်း၊ မ ----- က ဆာလာအိတ်ဖြင့် ထုပ်ပိုးထားသော အထုပ်တစ်ထုပ်ကို ဆိုင်ကယ်ပေါ်တင်ပေးပြီး မည်သူ့ကိုမှမပြောရန် မှာကြားအပ်နှံခဲ့သဖြင့် သိမ်းဆည်းထားကြောင်း ထွက်ဆိုခဲ့သည်။

**ပျောက်ဆုံးသောပစ္စည်းများ**

အဆိုပါအိတ်အား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ အိတ်အတွင်းမှ ငါးမူးသားခန့်စီရှိ ရွှေလက်ကောက်နှစ်ကွင်း၊ တစ်မတ်သားခန့်ရှိ အဖြူရောင်ကျောက်ပါရွှေလက်စွပ်တစ်ကွင်း၊ မြန်မာငွေကျပ် ၃၃၃၀၀၀၊ ထိုင်းဘတ် ၂၀ တန် နှစ်ရွက်၊ အမေရိကန်ဒေါ်လာ ၁၀ တန် တစ်ရွက်နှင့် တစ်ဒေါ်လာတန် ငါးရွက်၊ ယူရိုငွေ ငါးဒေါ်လာတန် တစ်ရွက်၊ ယွမ်တစ်ယွမ်တန် သုံးရွက်၊ အမျိုးအမည်မသိငွေစက္ကူ တစ်ရွက်၊ ဟွာဝေးအမျိုးအစားဟန်းဆက်တစ်လုံး၊ လက်ပတ်နာရီ နှစ်လုံးနှင့် ရွှေဝယ်ဘောက်ချာဖြတ်ပိုင်းများကို တွေ့ရှိခဲ့သည်။

**နာရီ ၂၀ အတွင်း အမှုပေါ်ပေါက်**

မတ် ၅ ရက်တွင် ညောင်ဦးဆေးရုံမှ ဆင်းခွင့်ပြုခဲ့၍ ပြန်ဆင်းလာသော မ------အား ညနေပိုင်းတွင် စစ်ဆေးခဲ့ကြောင်း၊ သူငယ်ချင်းဖြစ်သူထံအပ်နှံထားသော ပစ္စည်းများအကြောင်း ပြောပြစစ်ဆေးသည့်အခါမှ အရိုက်ခံရပြီး လုယက်ခံခဲ့ရသည်ဟု တိုင်တန်းခြင်းမှာ လိမ်လည်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း မ------က ဝန်ခံထွက်ဆိုခဲ့သည်။ မိဘများက အိမ်ဆောက်ရန်စုဆောင်းထားသောငွေများအား ၎င်းထံအပ်နှံထားသဖြင့် အကြိမ်ကြိမ် ထုတ်ယူသုံးစွဲမိခဲ့ပြီး ယခုကဲ့သို့ လုယက်ခံရသည့်ပုံစံပြုကာ လိမ်လည်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ဦးခေါင်းတွင်ရရှိသော ဒဏ်ရာမှာ တံခါးစောင်းဖြင့် ကိုယ်တိုင်တိုက်ခဲ့ခြင်းဖြစ်ပြီး သံသေတ္တာပတ္တာကိုလည်း သံတူရွှင်းဖြင့် ကိုယ်တိုင်ဖျက်ဆီးခဲ့ခြင်းဖြစ်ကြောင်း ဝန်ခံထွက်ဆိုခဲ့သည်။

**ဒဏ်ငွေ ၁၀၀၀ ကျပ်ပေးဆောင်ခဲ့**

အမှုနှင့်ပတ်သက်၍ လိမ်လည်တိုင်တန်းအမှုဖွင့်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့် တရားဥပဒေအရ အရေးယူပေးရန် ပုဂံနယ်မြေရဲစခန်းမှူး ရဲအုပ်အောင်ကျော်ထွန်းက ညောင်ဦးမြို့နယ်တရားရုံး မြို့နယ်တရားသူကြီးထံသို့ မတ် ၆ ရက်က ဦးတိုက်လျှောက်ထားခဲ့ရာ မြို့နယ်တရားရုံးက မ------ အား ဥပဒေအရ စစ်ဆေးခဲ့ပြီး လိမ်လည်အမှုဖွင့်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ဒဏ်ငွေတစ်ထောင်ကျပ်ပေးဆောင်ရန်နှင့် ဒဏ်ငွေမဆောင်နိုင်ပါက ထောင်ဒဏ်တစ်လကျခံစေရန် ပြစ်ဒဏ်ချမှတ်ခဲ့ပြီး တရားခံကဒဏ်ငွေတစ်ထောင်ကျပ် ပေးဆောင်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



## ရွှေမဉ္ဇူစေတီတော် ဗုဒ္ဓပူဇနိယပွဲ စည်ကားစွာပြီးစီး

**မိုးညှင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသတွင် နှစ်စဉ်တပေါင်းလဆန်း ၈ ရက်မှ တပေါင်းလပြည့်နေအထိ ကျင်းပမြဲဖြစ်သော အင်းတော်ကြီးရေလယ် ရွှေမဉ္ဇူစေတီတော်မြတ်၏ (၁၄၆)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကြီး စည်ကားစွာကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။

ဗုဒ္ဓပူဇနိယပွဲသို့ ဒေသခံနှင့် ရပ်ဝေးရပ်နီးမှ ပြည်သူများ စည်ကားစွာလာရောက်ခဲ့သည့်အပြင် ပွဲတော်တွင် ကပြဖျော်ဖြေခဲ့သည့် ဇာတ်ပွဲကိုလည်း ဒေသခံများနှင့် ဘုရားဖူးလာသူများ အကြိုက်တွေ့ခဲ့ကြကြောင်း သိရသည်။

"အရင်နှစ်တွေက ပျော်ပွဲရွှင်ပွဲအဖြစ် ကပြဖျော်ဖြေခဲ့တဲ့ ဇာတ်တွေဟာ ရုံပိတ်ကပြဖျော်ဖြေခဲ့ကြတာပါ။ ဒီနှစ်မှာတော့ ဇာတ်ပွဲကို ရုံပိတ်အဖြစ် မဖျော်ဖြေတော့ပဲ ရုံဖွင့်ပြီး ကြည့်ချင်ပွဲအဖြစ် ပြောင်းလဲလိုက်တာမို့ ပွဲတော်လာသူတိုင်း လွတ်လွတ်လပ်လပ်ဝင်ထွက်ကြည့်ရှုခွင့်ရကြတာပေါ့။ ခဏတဖြုတ်ကြည့်ချင်တဲ့သူတွေလည်း ဘေးနားကနေရပ်ကြည့်ပြီးရင် ပြန်ပေါ့။ ဒီနှစ်ဘုရားပွဲတော်ဖြစ်မြောက်ရေးအဖွဲ့အနေနဲ့ အကျိုးအမြတ်ကို အဓိကမထားဘဲ ပွဲတော်စည်ကားရေးကို အလေးထားပြီး ဆောင်ရွက်ခဲ့လို့ ယခင်နှစ်တွေထက်ပိုမိုပြီး စည်ကားခဲ့ပါတယ်"ဟု အင်းတော်ကြီးဒေသမှ ပွဲကြည့်ပရိတ်သတ်တစ်ဦးက ပြောသည်။ ယခုနှစ် အင်းတော်ကြီး ရေလယ် ရွှေမဉ္ဇူစေတီတော်မြတ်တွင် ပျော်ပွဲရွှင်ပွဲအဖြစ် ဖျော်ဖြေခဲ့သည့် ဇာတ်ပွဲသည် ယခင်နှစ်များကကဲ့သို့ ရုံပိတ်မဟုတ်ပဲ ရုံဖွင့်ကာ ကြည့်ချင်ပွဲအဖြစ် ကပြဖျော်ဖြေခဲ့သဖြင့် ဒေသခံပွဲကြိုက်သူများနှင့် ဘုရားဖူးလာသူများ အကြိုက်တွေ့ခဲ့ကြကြောင်း ဘုရားပွဲတော်ဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။ **(၁၄၉)**

## မိုးပွင့်(အထူး)စီမံချက်အရှိန်အဟုန်မြှင့်ဆောင်ရွက်နေ

**ကော့သောင်း မတ် ၈**

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်အတွင်း မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ထုတ်ပေးမှုကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနက အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးပွင့်(အထူး) စီမံချက်ဖြင့် ကော့သောင်းမြို့နယ်ရှိ နိုင်ငံသားဖြစ်ခွင့်ရှိသူပြည်သူများအား နိုင်ငံသားကတ်ပြားများထုတ်ပေးခြင်းကို ပြည်သူလူထုဗဟိုပြုစနစ်ဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်နေခြင်းဖြစ်ပြီး မတ် ၆ ရက်တွင် ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက်နှင့် မတ် ၇ ရက်တွင် ဘန်ကချွန်ကျေးရွာအတွင်း အများပြည်သူအလုပ်အားလပ်သည့် ညနေပိုင်းနှင့် ညပိုင်းအချိန်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများက အိမ်အရောက် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

မိုးပွင့်(အထူး)စီမံချက် ဆောင်ရွက်ပေးမှုကို ရွှေပြည်သာရပ်ကွက်နှင့် ဘန်ကချွန်ကျေးရွာများတွင် စီမံချက်ဆောင်ရွက်မှုကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းအောင်နှင့် မြို့နယ်အထောက်အကူပြုအဖွဲ့ဝင်များက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ကူညီပံ့ပိုးခဲ့ကြောင်း သိရသည်။ **ကျော်စိုး(ကော့သောင်း)**

## ဝယ်စလီဆေးရုံ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ကလေး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ တာဟန်းရပ်ကွက်ရှိ ဝယ်စလီဆေးရုံ၌ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို ဆေးရုံဝန်ထမ်းများနှင့် ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ မတ် ၅ ရက်က ပူးပေါင်းလေ့ကျင့်ခဲ့ကြသည်။

မီးဘေး ကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုနည်းကို ခရိုင်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက ဆေးရုံဝန်ထမ်းများအား ရှင်းလင်းပြသပြီး မီးဘေးကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် လက်တွေ့မီးငြိမ်းသတ်မှုများကို ဆေးရုံမန်နေဂျာနှင့် စီမံအဖွဲ့၏ အစီအစဉ်ဖြင့် ဆေးရုံမှ သူနာပြုနှင့် ဆေးရုံဝန်ထမ်းများက လက်တွေ့လေ့ကျင့်ခဲ့ကြောင်း သိရသည်။ **သျှင်နေမင်း**



## ညောင်တုန်းအထက(၂)မှ ကျောင်းသားတစ်ဦး လူရည်ချွန် သုံးနှစ်ဆက်တိုက်ရွေးချယ်ခံရ

**ညောင်တုန်း မတ် ၉**

မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ကိုယ်စားပြု ဘက်စုံထူးချွန်ကျောင်းသား (လူရည်ချွန်)အဖြစ် ညောင်တုန်းအထက(၂)မှ ကျောင်းသားတစ်ဦးက သုံးနှစ်ဆက်တိုက်ရွေးချယ်ခံရပြီး ကျောင်းသူတစ်ဦးလည်း ရွေးချယ်ခံရကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်အတွက် ညောင်တုန်းမြို့နယ်ကိုယ်စားပြု ဘက်စုံထူးချွန်ကျောင်းသားအဖြစ် ညောင်တုန်းအထက(၂) တက္ကသိုလ်ဝင်တန်းမှ မောင်ရဲမာန်ဦးက ရွေးချယ်ခံရခြင်းဖြစ်ကာ မောင်ရဲမာန်ဦးသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် အဋ္ဌမတန်းလူရည်ချွန်၊ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် နဝမတန်းလူရည်ချွန်နှင့် ယခုနှစ် ၂၀၁၄-၂၀၁၅ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းလူရည်ချွန်အဖြစ် သုံးနှစ်ဆက်တိုက် ရွေးချယ်ခံရခြင်းဖြစ်သည်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ညောင်တုန်းမြို့နယ်ကိုယ်စားပြု ဘက်စုံထူးချွန်ကျောင်းသား(အဋ္ဌမတန်း)အတွက်လည်း ညောင်တုန်းအထက(၂)မှ ကျောင်းသူ မမေဖုန်းဇော်က ရွေးချယ်ခံခဲ့ရကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

ပြည်တွင်းသတင်း

# ကမ္ဘာ့ဉာဏ်ရည်မသန်စွမ်းကလေးများနေ့ ကျင်းပမည်

**ရန်ကုန် မတ် ၉**

မတ် ၂၁ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဉာဏ်ရည်မသန်စွမ်း (ဒေါင်းစ်ဆင်ဒရုမ်း)ကလေးများနေ့အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ပြည်သူ့ရင်ပြင်ရှိ စမ်းချောင်းသာစတိတ်၌ မတ် ၂၁ ရက် မွန်းလွဲ ၂ နာရီမှစတင်၍ ည ၇ နာရီအထိ ဉာဏ်ရည်မသန်စွမ်းကလေးငယ်များ၊ ၎င်းတို့၏ မိဘများနှင့်အတူ ကူညီပံ့ပိုးသူအဖွဲ့အစည်းများ၊ အလှူရှင်များ၊ ဂီတအနုပညာရှင်များ၊ မော်ဒယ်လ်များဖြင့် ပျော်ပွဲရွှင်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအခမ်းအနားသို့ မြန်မာနိုင်ငံတစ်ဝန်းရှိ ဉာဏ်ရည်မသန်စွမ်း (ဒေါင်းစ်ဆင်ဒရုမ်း)ကလေးငယ်များ မွေးဖွားခဲ့သည့် မိဘများအနေဖြင့် မိမိသား သမီးကလေးငယ်များ ဘဝရှေ့ရေးအတွက် အားငယ်ဝမ်းနည်းစရာ မလိုဘဲ အများနည်းတူ ပျော်ရွှင်ဖွယ်ရာ လူ့ဘဝရင်ဆိုင်ဖြတ်သန်း ကျော်လွှားနိုင်ရန် ဘဝတူမိဘများနှင့် ကူညီအားပေးထောက်ပံ့မည့်သူများက အဖွဲ့အစည်းတစ်ခုအဖြစ် ဖွဲ့စည်းဆောင်ရွက်မည်ဖြစ်သောကြောင့် မြန်မာနိုင်ငံ အရပ်ဒေသအသီးသီးရှိ ဉာဏ်ရည်မသန်စွမ်း(ဒေါင်းစ်ဆင်ဒရုမ်း)ကလေးများ၏ မိဘများအနေဖြင့် အထက်ပါနေ့ရက်တွင် လာရောက်လေ့လာ၍ ပါဝင်ဆင်နွှဲနိုင်ပြီး ၎င်းကလေးငယ်များ၏ဘဝကို ကူညီပံ့ပိုးလိုသော မိဘပြည်သူများအနေဖြင့်လည်း ဖုန်း-၀၉-၈၇၅၅၇၈၃၄၂၊ ၀၉-၄၂၀၀၁၂၂၀၃၊ ၀၉-၄၂၀၇၂၃၀၉၉ တို့ထံသို့ ဆက်သွယ်၍ အကြံဉာဏ်များ တောင်းခံခြင်း၊ အလှူငွေများ လှူဒါန်းခြင်းများပြုလုပ်နိုင်ကြောင်းနှင့် အဆိုပါအခမ်းအနား ကျင်းပမည့်နေ့တွင် တက်ရောက်လာသူများအား အနုပညာရှင်များ၊ မော်ဒယ်များက ပျော်ရွှင်ဖွယ်ရာ တေးသီချင်းများ၊ အကများဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပါကြောင်း Down's Syndrome Association (Working Committee)မှ သိရသည်။

**စန်းမောင်**

# မတ်ပဲနှင့် ပဲတီစိမ်းများ ဖြိုင်ဖြိုင်ပေါ်ချေးတက် တောင်သူလယ်သမားကြီးများ ဈေးကောင်းဖြင့် ရောင်းချနေကြရ

**ဖြူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၅၉ အုပ်စုနှင့် မြို့ပေါ်ရပ်ကွက် အချို့မှ တောင်သူလယ်သမားများသည် ၂၀၁၄ ခုနှစ် ဆောင်းရာသီစိုက် မတ်ပဲ ၁၀၅၂၆၁ ဧကနှင့် ပဲတီစိမ်းဧက ၇၀၀၀ ခန့် စိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် ပဲတီစိမ်းများမှာ ရာခိုင်နှုန်းပြည့် နုတ်သိမ်း ပြီးစီးနေပြီး မတ်ပဲများမှာလည်း ၈၅ ရာခိုင်နှုန်းခန့် နုတ်သိမ်းပြီးစီးနေပြီဖြစ်၍ မတ်ပဲနှင့် ပဲတီစိမ်းများ ဖြိုင်ဖြိုင်ပေါ်လျက်ရှိရာ တောင်သူလယ်သမားများမှာ နေ့စဉ် မြို့ပေါ်ဈေးကွက်သို့ တက်ဈေးဖြင့် လာရောက်ရောင်းချလျက်ရှိကြောင်း သိရသည်။

ယခုနှစ် မတ်ပဲနှင့် ပဲတီစိမ်းများ ဖြိုင်ဖြိုင်ပေါ်ချိန်တွင် ယမန်နှစ်များကဲ့သို့ ဈေးနှုန်းကျမသွားဘဲ တက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ပဲတီစိမ်း သုံးတင်းဝင်အိတ် ပိဿာ ၆၀ ငွေကျပ် ၁၁၄၅၀၀၊ မတ်ပဲသုံးတင်းဝင်အိတ် ပိဿာ ၆၀ ငွေကျပ် ၈၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်သွက်လျက်ရှိသည်။



"အခုနှစ် ရာသီဥတုဖောက်ပြန်ပြီး နောက်မိုးမမှန်လို့ ဆောင်းစိုက်ပဲမျိုးစုံ အထွက်နှုန်း အနည်းငယ်ကျဆင်းခဲ့ပါတယ်။ ဒါပေမယ့် မတ်ပဲဈေးနဲ့ ပဲတီစိမ်းဈေးက မနှစ်က ထက်စာရင် ဒီနှစ်ဈေးကောင်းရလို့ ကျွန်တော်တို့ တောင်သူများ အရှုံးမရှိကြပါဘူး။ မနှစ်က အခုလို မတ်ပဲနဲ့ ပဲတီစိမ်း ဖြိုင်ဖြိုင်ပေါ်တဲ့အချိန်မှာ ကုန်သည်ပွဲစားများက ဈေးညှိပြီး ဈေးနှုန်းချဝယ်လို့ ပဲစိုက်တောင်သူ လယ်သမားများ တွက်ခြေမကိုက်ကြပါဘူး။ ဒီနှစ်တော့ ဆောင်းစိုက် မတ်ပဲနှင့် ပဲတီစိမ်းများ ပေါ်ဦးပေါ်ဖျားကတည်းက ဈေးက တဖြည်းဖြည်း မြင့်တက်လာလို့ ကျွန်တော်တို့ တောင်သူများ တက်ဈေးနဲ့ ရောင်းကြရတော့ တွက်ခြေကိုက်ကြပါတယ်"ဟု ဖြူးအရှေ့ဒေသခံတောင်သူတစ်ဦးက ပြောပြသည်။ **(၁၁၃)**

# စပါးအိတ်များတင်ဆောင်လာသည့် မော်တော်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွား

**မိုးညှင်း မတ် ၉**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသ လုံးတုံရဲစခန်းပိုင်နယ်မြေ ဟိုပင်-ညောင်ပင် မော်တော်ကားလမ်းမကြီးပေါ်တွင် မတ် ၇ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က စပါးအိတ်များ တင်ဆောင်လာသည့် မော်တော်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ မတ် ၇ ရက် နံနက်က မပြင်ကျေးရွာမှ စပါးအိတ် ၁၅၀ (၃၀၀) တင်း တင်ဆောင်လာသော ယာဉ်မောင်း ကျော်နိုင်လင်း မောင်းနှင်လာသည့် Forland အမျိုးအစား ယာဉ်အမှတ် 3I/------ သည် ဟိုပင်-ညောင်ပင် မော်တော်ကားလမ်း မိုင်တိုင်အမှတ် ၁၇. ၇/၈ တွင် အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်သို့ တိမ်းမှောက်ခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုကြောင့် မော်တော်ယာဉ်၏ ရှေ့လေကာမှန်မှာ ကွဲကြေသွားခဲ့ပြီး ယာဉ်ပေါ်လိုက်ပါလာကြသည့် ခရီးသည် ခြောက်ဦးအနက် မောင်ဦး (၂၉ နှစ်) မြစံပယ်ရပ်ကွက် ဟိုပင်မြို့နေသူနှင့် ဒေါ်မြို့ (၆၂နှစ်) ခရမ်းခြံကျေးရွာ တဇယ်မြို့နယ်နေသူတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် လုံးတုံတိုက်နယ်ဆေးရုံသို့တင်ပို့ခဲ့ပြီး ယာဉ်မဆင်မခြင်မောင်းနှင်သူ ကျော်နိုင်လင်း (၂၃နှစ်) မပြင်ကျေးရွာနေသူကို လုံးတုံရဲစခန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(၁၄၉)**

## ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ရခိုင်ပြည်နယ် လမ်းနှင့်တံတားအသုံးပြုခကောက်ခံရေးလုပ်ငန်း လုပ်ကိုင်ခွင့်အား လေလံမဲစနစ်ဖြင့် ရောင်းချရန်ကြော်ငြာ

(၁) ရခိုင်ပြည်နယ်အတွင်းရှိ လမ်းနှင့်တံတားအသုံးပြုခ ကောက်ခံရေးဂိတ်များ၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ၁-၄-၂၀၁၅ရက်မှ ၃၁-၃-၂၀၁၆ရက်အထိ ၁၂လ၊ လမ်းနှင့်တံတား အသုံးပြုခကောက်ခံခြင်း လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို နိုင်ငံသားလုပ်ငန်းရှင်များသို့ အောက်ပါအတိုင်းလေလံမဲစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

**(က) လေလံတင်ရောင်းချမည့်လမ်းဂိတ်များ** — **ကြမ်းခင်းဈေး(ကျပ်သိန်း)**

| | | | | |
|---|---|---|---|---|
| (၁) | စစ်တွေ | (စစ်တွေခရိုင်) | (စစ်တွေ-ရာမောင်တံတား) | ၂၄၅.၈၂ |
| (၂) | မင်းပြား | (မြောက်ဦးခရိုင်) | (ရာမောင်တံတား-အမ်း) မင်းဘူး-အမ်း-စစ်တွေလမ်း | ၁၂၂.၉၄ |
| (၃) | ဓာတ်ပေါင်းစု (ကျောက်ဖြူ) | (ကျောက်ဖြူခရိုင်) | (မအီ-ကျောက်ဖြူလမ်း) | ၁၃၅.၁၄ |
| (၄) | မအီ | (သံတွဲခရိုင်) | (တောင်ကုတ်-မအီလမ်း) | ၃၈.၂၁ |
| (၅) | နန်းချောင်း | (သံတွဲခရိုင်) | (သံတွဲ-ငပလီ-မဇင်-လုံးသာလမ်း) (သံတွဲ-လုံးသာ)အသွားတစ်ကြောင်း | ၇.၉၀ |
| (၆) | လင်းသာ | (သံတွဲခရိုင်) | (လုံးသာ-သံတွဲ)အသွားတစ်ကြောင်း | ၇.၄၇ |
| (၇) | တောင်ကုတ် | (သံတွဲခရိုင်) | (တောင်ကုတ်-သံတွဲလမ်း)အသွား | ၄၂.၄၄ |
| (၈) | သံတွဲ | (သံတွဲခရိုင်) | (သံတွဲ-တောင်ကုတ်လမ်း)အသွား | ၄၅.၄၆ |
| (၉) | ဠ | (သံတွဲခရိုင်) | (ငါးသိုင်းချောင်း-ဂွလမ်း) | ၇၃.၀၀ |

**(ခ) လေလံတင်ရောင်းချမည့်တံတားဂိတ်**

| | | | | |
|---|---|---|---|---|
| (၁) | မင်းချောင်း | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၂၃.၄၃ |
| (၂) | ကစ္ဆပနဒီ | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၁၆.၀၃ |
| (၃) | ရာမောင် | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၁၀၂.၂၃ |
| (၄) | ယောချောင်း | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၉၂.၉၂ |
| (၅) | မြောင်းဘွေ | (စစ်တွေခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၃၇.၇၈ |
| (၆) | အမ်းကြိုး | (ကျောက်ဖြူခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၃၉.၉၄ |
| (၇) | မင်းကြောင်းချောင်း | (ကျောက်ဖြူခရိုင်) | (မအီ-ကျောက်ဖြူလမ်း) | ၄၂.၇၁ |
| (၈) | အုန်းတည်ချောင်း | (ကျောက်ဖြူခရိုင်) | (မင်းဘူး-အမ်း-စစ်တွေလမ်း) | ၄၁.၀၆ |
| (၉) | လုံးတော်ပေါက် | (သံတွဲခရိုင်) | (တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း) | ၆၆.၆၀ |
| (၁၀) | ပုစွန်ဖြေ | (သံတွဲခရိုင်) | (ငါးသိုင်းချောင်း-ဂွလမ်း) | ၁၃.၉၁ |
| (၁၁) | ကျိန္တလီ | (သံတွဲခရိုင်) | (ငါးသိုင်းချောင်း-ဂွလမ်း) | ၁၅.၉၈ |
| (၁၂) | ကိုင်းရှည် | (သံတွဲခရိုင်) | (တောင်ကုတ်-မအီလမ်း) | ၁၆.၇၇ |
| (၁၃) | မအီ | (သံတွဲခရိုင်) | (တောင်ကုတ်-မအီ-ကျောက်ဖြူလမ်း) | ၂၄.၅၇ |
| (၁၄) | ရွှေလေ့ | (သံတွဲခရိုင်) | (တောင်ကုတ်-သံတွဲလမ်း) | ၁၅.၅၇ |
| (၁၅) | ဒွါရာဝတီ(မြို့ဦး) | (သံတွဲခရိုင်) | (တောင်ကုတ်-သံတွဲလမ်း) | ၁၅.၉၅ |

(၂) လျှောက်လွှာတင်သွင်းရမည့်ရက် - ၁၀-၃-၂၀၁၅ရက်မှ ၂၀-၃-၂၀၁၅ရက်အထိ
လမ်း/တံတားလေလံရွေးချယ်မည့်ရက်/အချိန် - ၂၂-၃-၂၀၁၅ရက် နံနက် ၁၀နာရီ
လမ်း/တံတားလေလံရွေးချယ်မည့်နေရာ - ပြည်နယ်အင်ဂျင်နီယာမှူးကြီးရုံး၊ အစည်းအဝေးခန်းမ၊ ရခိုင်ပြည်နယ်၊ စစ်တွေမြို့
ဖုန်း-၀၄၃-၂၃၃၆၅၊ ၀၄၃-၂၂၁၅၃၊ ၀၉-၅၆၈၀၅၆၇

(၃) လျှောက်လွှာပုံစံနှင့်စည်းကမ်းချက်များကို အင်ဂျင်နီယာမှူးကြီးရုံး၊ စစ်တွေမြို့၌ ၉-၃-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ထုတ်ယူနိုင်ပါသည်။

**အင်ဂျင်နီယာမှူးကြီးရုံး**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**

# ဝမ်းတွင်းမြို့နယ်၌ လူကုန်ကူးသူ အမှုဖွင့်အရေးယူ

**မိတ္ထီလာ မတ် ၉**

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာတွင် ၂၀၁၄ ခုနှစ် ဇွန် ၂၀ ရက်က ဒေါ်မာမြင့် (၄၈နှစ်)နှင့် တူမဖြစ်သူ မနှင်းနှင်းတို့ အတူရှိနေစဉ် တစ်ရွာတည်းနေ မခင်စန်းရီ(၃၀ နှစ်) ရောက်ရှိလာပြီး ရွှေလီရှိ ဖယောင်းစက်ရုံတွင်လုပ်ပါက စရိတ်ငြိမ်း တစ်လတစ်သိန်းရမည်ဟု လိမ်ညာစည်းရုံးကာ မနှင်းနှင်းလုပ်ကိုင်နေသည့် ရက်ကန်းရုံတွင် ပေးရန်တင်ရှိနေသော အကြွေးနှစ်သိန်းကို မခင်စန်းရီက ပေးဆပ်ပြီး မနှင်းနှင်းကို ရွှေလီသို့ ခေါ်ဆောင်သွားကြောင်း သိရသည်။

ရွှေလီမြို့အရောက်တွင် မခင်စန်းရီက မနှင်းနှင်းကို အမျိုးသမီးတစ်ဦးထံ လွှဲအပ်ကာ မခင်စန်းရီက ကြိုတင်ငွေ တရုတ်ယွမ် ၃၀၀၀ ရယူပြီး ရွှေလီမြို့တွင် နေထိုင်ခဲ့သည်။ ထိုအမျိုးသမီးက မနှင်းနှင်းကို ရွှေလီမှ ခွေးမှင်၊ ခွေးမှင်မှတစ်ဆင့် တိုင်းရမ်းသို့ ခေါ်ဆောင်သွားပြီး မနှင်းနှင်းကို တရုတ်အမျိုးသားစီစွက်ခို့င်ထံသို့ ရောင်းစားခဲ့ကာ တရုတ်အမျိုးသားနှင့် လက်ထပ်ခဲ့ရသည်။

မခင်စန်းရီက တရုတ်ယွမ် ၃၅၀၀၀ ဖြင့် ရောင်းစားခဲ့သည် ဟုဆိုသည်။ မနှင်းနှင်းက ၎င်းရောင်းစားခံရကြောင်း အဒေါ်ဖြစ်သူ ဒေါ်မာမြင့်နှင့် အစ်မဖြစ်သူ မသက်သက်မြင့်တို့ထံ တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသဖြင့် အဒေါ်ဖြစ်သူ ဒေါ်မာမြင့် (၄၈နှစ်)က ၎င်း၏တူမ မနှင်းနှင်းအား လိမ်ညာစည်းရုံးရောင်းစားခဲ့သူ ဒေါ်ခင်စန်းရီအား အရေးယူပေးရန် တရားလိုပြုလုပ်၍ မတ် ၅ ရက်က ဝမ်းတွင်းရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ ရဲစခန်းက ဒေါ်ခင်စန်းရီအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ၂၄ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်လှိုင်(မိတ္ထီလာ)**



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ပြင်ဦးလွင်ခရိုင် အားကစားကွင်းခန်းမ၌ မတ် ၄ ရက်က ကျင်းပသည့် နွေရာသီအခြေခံအားကစားပေါင်းစုံသင်တန်းဖွင့်ပွဲတွင် ပြင်ဦးလွင်ခရိုင်အားကစားမှူး ဒေါ်နန်းခင်စန်းမြင့်၊ မြို့နယ်ပညာရေးမှူး ဒေါ်နွယ်နွယ်အေးတို့က တက်ရောက်အမှာစကားပြောကြားကြပြီး အားကစားသင်တန်းသို့ ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အလယ်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ မြို့ပေါ်ရှိ အားကစားဝါသနာရှင် လူငယ်များ၊ အခြေခံအားကစားသင်တန်းသို့ အင်အား ၁၄၀ ကျော် တက်ရောက်ပြီး ကျောင်းသား ကျောင်းသူလေးများမှ ကရာတေးဒိုအားကစားလေ့ကျင့်စဉ်။ (၀၃၂)

**လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင် ဂရုပြု**

နိုင်ငံတကာအားကစား

# ဝေဖန်မှုများနဲ့ရင်ဆိုင်နေရတဲ့ ရီးရဲမက်ဒရစ်




ရီးရဲမက်ဒရစ်အသင်းဟာ လာလီဂါမှာ ရှုံးပွဲဆက်တိုက်ကြုံနေရတဲ့အတွက် ဝေဖန်မှုများနဲ့ ရင်ဆိုင်နေရပါတယ်။ ပြီးခဲ့တဲ့နှစ်က ၁၀ လုံးမြောက် ဥရောပချန်ပီယံဆုဖလားကို ဆွတ်ခူးခဲ့တဲ့ ရီးရဲမက်ဒရစ်အသင်းဟာ ဒီနှစ် ဆုဖလားရဖို့ခြိမ်းခြောက်မှုတွေ၊ စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ပြီးခဲ့တဲ့သီတင်းပတ်က နည်းပြအန်ဆယ်လော့တီကို ရှုံးပွဲတွေကြုံနေတဲ့အတွက် ပရိသတ်တွေရဲ့ဝေဖန်မှုတွေ ရှိခဲ့ပါတယ်။ ဒီလိုဝေဖန် ပြောဆိုနေချိန်မှာပဲ ရီးရဲမက်ဒရစ်အသင်းဟာ ပြီးခဲ့တဲ့စနေနေ့ လာလီဂါ ပြိုင်ပွဲမှာ ဘီဘာအိုကို တစ်ဂိုး-ဂိုးမရှိနဲ့ရှုံးသွားပြန်ပါတယ်။ ရီးရဲမက်ဒရစ်တို့ အဆိုပါရှုံးပွဲကြောင့် ဇယားထိပ်ဆုံးနေရာကို ဘာစီလိုနာတို့ ဦးဆောင်ခွင့်ရသွားပါတယ်။ ဘာစီလိုနာအသင်းဟာ လက်ရှိအချိန်မှာ မက်ဆီ၊ နေမာနဲ့ ဆွာရက်ဇ်တို့ရဲ့စုစည်းမှုနဲ့ ပွဲတိုင်းပြိုင်ဘက်တွေကို အနိုင်ယူနေတာ တွေ့ရပါတယ်။ ဒီအတွက် ရီးရဲမက်ဒရစ်အသင်းဟာ ဝေဖန်ခြိမ်းခြောက်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။

ကောင်းမြတ်သူ-စုစည်းသည်

# ပြန်ကန်ရမယ့်အက်ဖ်အေဖလားပွဲ

ဘရက်ဖို့ဒ်နဲ့ ရက်ဒင်းတို့ဟာ အက်ဖ်အေဖလားကွာတားမှာ ဂိုးမရှိသရေကျခဲ့တာကြောင့် ပြန်ကန်ပွဲကစားရမှာဖြစ်ပါတယ်။ နှစ်ဖက်စလုံးက ဂိုးတိုင်ထိမှန်ပြန်ထွက်တဲ့ ဘောလုံးတွေများခဲ့တာကြောင့် ဂိုးမရှိသရေပွဲဖြစ်သွားတဲ့အတွက် ဆီမီးဖိုင်နယ်တက်ခွင့် နေရာအတွက် ပြန်ကန်ပွဲကစားရမှာ ဖြစ်ပါတယ်။

ဘရက်ဖို့ဒ်ဟာ လျှော့တွက်လို့မရတဲ့အသင်း ဖြစ်ပါတယ်။ စတုတ္ထဆင့်ပြိုင်ပွဲမှာ နာမည်ကြီးတဲ့ ချယ်လ်ဆီးကိုတောင် ဖြုတ်ချနိုင်ခဲ့တဲ့အသင်း ဖြစ်ပါတယ်။ နာမည်ကြီးတဲ့ ရက်ဒင်းကတော့ ချန်ပီယံရှစ်ကလပ်သုံးသင်းကို အနိုင်ယူပြီး ကွာတားတက်ခဲ့တာပါ။ သူလည်း လက်ရှိအနေအထားမှာတော့ ခြေစွမ်းပြနေတယ်လို့ ဆိုနိုင်ပါတယ်။ သို့ပေမယ့် ဘရက်ဖို့ဒ်စီးတီးကိုတော့ အတော်လေးခုခံကစားနေရတဲ့ အနေအထားပါပဲ။

သူတို့နှစ်သင်းက ဘယ်အသင်း ဆီမီးတက်မလဲဆိုတာကတော့ မတ် ၁၆ ရက် ပြန်ကန်ပွဲမှာ အဖြေထွက်ပါလိမ့်မယ်။ အက်ဖ်အေဖလားပြိုင်ပွဲတွေထဲက အကောင်းဆုံးပွဲတစ်ပွဲ ဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်။



# အက်ဖ်အေ ဆီမီးတက်သွားတဲ့ အက်စ်တွန်ဗီလာ

အက်စ်တွန်ဗီလာ အသင်းဟာ ပရီမီယာလိဂ်မှာ တန်းဆင်းဇုန် တိုက်ပွဲအတွင်း ရုန်းကန်ကြိုးစားခဲ့ရပေမယ့် အက်ဖ်အေဖလားပွဲမှာတော့ ဆီမီးအထိ တက်ရောက်သွားနိုင်ခဲ့ပါပြီ။ အက်စ်တွန်ဗီလာအသင်းဟာ ၂၀၁၀ပြည့်နှစ်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အက်ဖ်အေဖလား ဆီမီးတက်နိုင်ခဲ့တယ်လို့ ဆိုပါတယ်။

အက်စ်တွန်ဗီလာ အသင်းဟာ ပြိုင်ဘက် ဝက်စ်ဘရွန်းကို နှစ်ဂိုးပြတ်နဲ့နိုင်ပြီး ဆီမီးတက်နိုင်ခဲ့တာဖြစ်ပါတယ်။ နည်းပြသစ် တင်ရှားဝုဒ် ရောက်လာပြီးနောက် အက်စ်တွန်ဗီလာ အသင်းဟာ နိုင်ပွဲတွေဆက်တိုက်ရခဲ့ပြီး တန်းဆင်းဇုန်အတွင်းမှ လွတ်မြောက်လာခဲ့ပါတယ်။ အက်ဖ်အေမှာလည်း ဆီမီးအထိ တက်ရောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

# တန်းဆင်းဇုန်တိုက်ပွဲရင်ဆိုင်နေရတဲ့အဲဗာတန်

အဲဗာတန်အသင်းဟာ တန်းဆင်းဇုန် ရင်ဆိုင်နေရတဲ့အသင်းတွေထဲမှာ ပါဝင်နေတယ်ဆိုတာကို နည်းပြ ရော်ဘတ်တိုမာတီနက်ဇ်က လက်ခံလိုက်ပါပြီ။ မာတီနက်ဇ်ရဲ့ အဲဗာတန်အသင်းဟာ လွန်ခဲ့တဲ့ ပရီမီယာလိဂ် ၁၂ ပွဲမှာ တစ်ပွဲသာ အနိုင်ရခဲ့တဲ့အတွက် တန်းဆင်းဇုန် အထက်မှာ ခြောက်မှတ်အသာနဲ့ ရှိနေပါတယ်။ အဲဗာတန်အသင်းဟာ ၂၈ ပွဲကစားရာမှာ ၂၈ မှတ်သာ ရရှိထားတဲ့အတွက် ယခုနှစ်ပရီမီယာလိဂ်ပြိုင်ပွဲဟာ ရမှတ်အနည်းဆုံး ရရှိမှုလို့ဆိုပါတယ်။ မာတီနက်ဇ် ဟာ ၂၀၁၀၊ ၂၀၁၁ နဲ့ ၂၀၁၂ ခုနှစ် တွေမှာလည်း ဝီဂန်အသင်းနဲ့အတူ တန်းဆင်းဇုန် တိုက်ပွဲကြိုးစားခဲ့ရ သူဖြစ်ပါတယ်။

ဒီနှစ်မှာလည်း အဲဗာတန်အသင်းနဲ့အတူ အသင်းကို တန်းဆင်းဇုန်ထဲ ကျမသွားဖို့ ကြိုးစားရုန်းကန်ရမယ့် အနေအထား ဖြစ်ပါတယ်။ အသင်း တစ်သင်းအနေနဲ့ တစ်ရာသီမှာ အနည်းဆုံး ၃၆ မှတ်မှ မရဘူးဆိုရင် တန်းဆင်းဇုန်အတွင်း ရောက်သွားနိုင်တယ်လို့ မာတီနက်ဇ်က ဆိုပါတယ်။



# ရှိုင်းဟော့ဆင်ပစ်မှတ်ထားနေတဲ့ ဟယ်ရီကိန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းဟာ အင်္ဂလန်နည်းပြ ရှိုင်းဟော့ဆင်ပစ်မှတ်ထားနေတဲ့ တိုက်စစ်မှူး ဖြစ်ပါတယ်။ လာမယ့် အင်္ဂလန်ပွဲတွေမှာ ဟယ်ရီကိန်းကို နည်းပြရှိုင်း ဟော့ဆင်က အဓိက တိုက်စစ်မှူးအဖြစ် ခေါ်ယူသွားဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

ဟယ်ရီကိန်းဟာ ပြီးခဲ့တဲ့ကျူပီအာကို နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရတဲ့ပွဲမှာလည်း စပါးအသင်းအတွက် အနိုင်ဂိုး နှစ်ဂိုးစလုံးကို သွင်းယူပေးခဲ့ပါတယ်။ ဒီဂိုးတွေဟာ သူ့အတွက် ဒီနှစ်ပရီမီယာလိဂ်ရဲ့ ၁၆ ဂိုးနဲ့ ၁၇ ဂိုးမြောက် ဂိုး တွေဖြစ်ပါတယ်။ ပြိုင်ပွဲ အားလုံး အနေနဲ့ ဆိုရင် ဟယ်ရီကိန်း ဒီနှစ်ထဲမှာ ၂၅ ဂိုးနဲ့ ၂၆ ဂိုး မြောက်အဖြစ် သွင်းယူခဲ့တာ ဖြစ်ပါတယ်။



# အင်တာမီလန်၊ အဲဗာတန်၊ နာပိုလီတို့ခက်ခဲမယ့် ယူရိုပါလိဂ်

■ မိုးမြင့်လင်းလက်

**ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်တွေကို မတ် ၁၂ ရက်မှာ ဆက်လက်ယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အင်တာမီလန်၊ အဲဗာတန်၊ ရိုးမားနဲ့ ဗီလာရီးရဲတို့ရဲ့ အားသွန်ခွန်စိုက် ယှဉ်ပြိုင်မှုတွေကို မြင်တွေ့ရမှာဖြစ်ပြီးနောက်တစ်ဆင့်ကို ဘယ်အသင်းတွေက တက်ရောက်ဖို့အခွင့်သာသွားမလဲဆိုတာ စောင့်ကြည့်အကဲဖြတ်ရမှာ ဖြစ်ပါတယ်။**

### ဝုဖ်ဘတ်နှင့် အင်တာမီလန်

အကောင်းဆုံးခြေစွမ်းပြန်ရနေတဲ့ ဝုဖ်ဘတ်ကို အင်တာမီလန်တို့ အဝေးကွင်းမှာ အကြိတ်အနယ် ကစားရပါလိမ့်မယ်။ ဝုဖ်ဘတ်ရဲ့ ယူရိုပါလိဂ်ဖြတ်သန်းခဲ့မှုရလဒ်ကို ကြည့်ရင် လိုင်လီ၊ စပို့တင်းတို့ကို နိုင်ပွဲ၊ သရေတွေနဲ့ ဖော်ဆောင်ခဲ့တာဖြစ်လို့ ရှုံးပွဲမရှိခဲ့ပါဘူး။ အင်တာမီလန်တို့ကတော့ ကာရာဘတ်၊ ဆဲလ်တစ်တို့ကို သရေနှစ်ပွဲ၊ နိုင်ပွဲတစ်ပွဲနဲ့ တက်ရောက်ခဲ့တာဖြစ်လို့ အခုပွဲလည်းပွဲကျပ်ဖြစ်နေပါတယ်။ ဒီပွဲမှာ အင်တာမီလန်ကိုယုံကြည်မှုပေးလို့မရနိုင်တဲ့ပွဲပါ။

### ဗီလာရီးရဲနှင့် ဆီဗီလာ

လာလီဂါမှာ ခြေစွမ်းပြနေတဲ့ နှစ်သင်းမို့ ပွဲကောင်းပါပဲ။ ဗီလာရီးရဲနဲ့ ဆီဗီလာတို့ရဲ့နောက်ဆုံးတွေ့ဆုံခဲ့မှု သုံးပွဲရလဒ်ကိုကြည့်ရင် ဆီဗီလာတို့ ရှုံးပွဲမရှိခဲ့ပေမယ့် သရေနှစ်ပွဲ ဖြစ်ထားပါတယ်။ ဗီလာရီးရဲရဲ့ ယူရိုပါလိဂ်ကစားခဲ့တဲ့ သုံးပွဲရလဒ်က အားလုံးနိုင်ပွဲတွေချည်း ရရှိထားသလို ဆီဗီလာတို့ကလည်း ယူရိုပါလိဂ်သုံးပွဲ ဖြတ်သန်းခဲ့ရာ မှာ ရှုံးပွဲမရှိခဲ့ပါဘူး။ အိမ်ကွင်းမှာ စွမ်းဆောင်မှုမြင့်မားတတ်တဲ့ ဗီလာရီးရဲကို နှစ်သက်မိတာ အမှန်ပါပဲ။

### ဖီအိုရင်တီးနားနှင့် ရိုးမား

ခြေရည်တူနှစ်သင်းမို့ အမှားအယွင်း မခံတဲ့ပွဲဖြစ်နေပါတယ်။ ရိုးမားတို့က ဖီအိုရင်တီးနားတို့နဲ့ဆုံတိုင်း နိုင်ပွဲရအောင်ကစားနိုင်တာမို့ အခုပွဲမှာ ဂိုးမပြတ်အောင် ဖီအိုရင်တီးနားတို့ ကြိုးစားရပါလိမ့်မယ်။ ဒါပေမယ့် အိမ်ကွင်းမှာကစားတိုင်း ခြေစွာတတ်တဲ့ ဖီအိုရင်တီးနားတို့ရဲ့ စွမ်းဆောင်မှုကြောင့် သရေပွဲလည်းဖြစ်သွားနိုင်ပါတယ်။

### နာပိုလီနှင့် ဒိုင်နမိုမော်စကို

နာပိုလီတို့က ယူရိုပါလိဂ်ပွဲတွေမှာ အားထည့်ကစားတတ်တာမို့ ဖြတ်သန်းခဲ့တဲ့ သုံးပွဲမှာရလဒ်ကောင်းတွေ ဆောင်ကြဉ်းနိုင်ခဲ့ပါတယ်။ ဆလိုဗန်ကိုသုံးဂိုးပြတ်၊ ထရက်ဇွန်စပေါကို လေးဂိုးပြတ်နဲ့ နိုင်ပွဲတွေရယူခဲ့တာမို့ ဒိုင်နမိုမော်စကိုတို့ ပွဲမချောင်ပါဘူး။ ဒါပေမယ့် တိုက်စစ် ပိုင်း ပုံဖော်မှုကောင်းမွန်တဲ့ ဒိုင်နမိုမော်စကိုတို့ကို နာပိုလီတို့ ပေါ့ပေါ့ဆဆကစားလို့တော့ မရပါဘူး။ နာပိုလီတို့ ခြေစွမ်းပိုင်းကိုပဲ စိတ်ချလိုက်တာ မမှားနိုင်ပါဘူး။

### အဲဗာတန်နှင့် ဒိုင်နမိုကိဗ်

ယန်းဘွိုင်းနဲ့ ကရက်နိုဒါအသင်းတွေကို အနိုင်ယူဖြတ်ကျော်ခဲ့တဲ့ အဲဗာတန်တို့က ဒိုင်နမိုကိဗ်အသင်းကို ဆက်လက်ကျော်ဖြတ်ဖို့ ခြေစွမ်းရှိနေပါတယ်။ ခံစစ်ပိုင်း အားနည်းချက်ရှိနေတဲ့ ဒိုင်နမိုကိဗ်ကို အဲဗာတန်တို့ အိမ်ကွင်းအသာစီးယူပြီး နိုင်ပွဲကို ဖော်ထုတ်ပါလိမ့်မယ်။ ဒိုင်နမိုကိဗ်ရဲ့ အဆုံးသတ် မသေချာမှုတွေကြောင့် ဒီပွဲမှာ အမြင့်ဆုံး မျှော်မှန်းနိုင်တာက သရေဖြစ်ပါတယ်။

### ဒီနီပရိုနှင့် အိုင်းယက်

ဒီနှစ်ယူရိုပါလိဂ် ပွဲစဉ်တွေမှာ အိုင်းယက်တို့ ရှုံးပွဲ မရှိ ဖြတ်ကျော်ခဲ့တာဖြစ်သလို ဒီနီပရိုတို့ကလည်း အမှားအယွင်းမရှိခဲ့ပါဘူး။ ခံစစ်ပိုင်းကောင်းမွန်တဲ့ ဒီနီပရိုခံစစ်တံတိုင်းကို အိုင်းယက်တို့ ကျော်လွှားဖို့ ခက်ခဲမှာဖြစ်ပြီး ဂိုးရရှိရေး ခြေကုန်ထုတ်ရမှာ ဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ အားထုတ်မှုအပိုင်းက တူညီနေတာမို့ အမှတ်ခွဲယူရမယ့် အနေအထားရှိပါတယ်။

### ဇင်းနစ်နှင့် တိုရီနို

ဇင်းနစ်ဟာ အိမ်ကွင်းမှာ ခြေစွမ်းမာကျောပြီး ပြိုင်ဘက်တွေကို အခက်တွေ့အောင်ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ တိုရီနိုတို့ကတော့ တိုက်စစ်ကိုအားထား ပြီးကစားတတ်ပေမယ့် ဇင်းနစ်ရဲ့ခံစစ်ကို ကျော်လွှားဖို့ ခက်မှာပါ။ ဒါပေမယ့် နိုင်လိုစိတ်ပြင်းထန်တဲ့ တိုရီနိုကို နှစ်သက်မိတာအမှန်ပါ။

ကြော်ငြာ


BMW EfficientDynamics
Less consumption. More driving pleasure.
Prestige Automobiles
Sheer Driving Pleasure
MORE JET.LESS SET.
THE ALL-NEW BMW X6.
One glimpse should be enough to recognise the untameable character of the all-new BMW X6. Its vivid coupé lines and muscular boldness establish an unmistakable presence that's driven by sheer dynamics, on and off the road.
Put your mind at ease with the BMW Service Inclusive (3 years Warranty & 3 years Maintenance Service).
Visit Prestige Automobiles or call +95 (1) 230 6133.
PRESTIGE AUTOMOBILES. THE EXCLUSIVE AUTHORISED BMW DEALER IN MYANMAR.
Prestige Automobiles Co.,Ltd. #485, Corner of Pyay Road and Namattaw Street, Kamayut Township, Yangon, Myanmar.
Tel: +95 (1) 2306133 Service Hotline: +95 (1) 2306144 Facebook: www.facebook.com/BMWPAC

## ကြော်ငြာ

### ပြည်ထောင်စုလွှတ်တော်
### ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ
### ပညာရှင်အကြံပေးပုဂ္ဂိုလ်အလိုရှိသည်
### (ပြည်တွင်း၌သာခန့်ထားရန်)

၁။ စီးပွားရေးပညာကျွမ်းကျင်ပြီး အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူ ပညာရှင် (၁) ဦးအလိုရှိသည်-

(က) အနိမ့်ဆုံးစီးပွားရေးပညာမဟာဘွဲ့ရရှိပြီးသူဖြစ်ရမည်။ (အလားတူဘွဲ့များကို နိုင်ငံခြားတွင် သင်ကြားအောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။)

